# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖြေ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)



## ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု ချီးမြှင့်ခံခဲ့ရသူအား ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

### ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ် ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ ပြည်သူသို့ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် တောဆင်ရိုင်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး သူရဲကောင်း ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဩဂုတ်လ ၁၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)**

၁။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ သဘာဝတောတောင် ရေမြေများ ထိန်းသိမ်းရေးသာမက ၎င်းသဘာဝသစ်တောများအတွင်း မှီတင်း နေထိုင်ကျက်စားလျက်ရှိကြသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ သက်ရှိသက်မဲ့တို့ အချင်းချင်း အပြန်အလှန် အမှီသဟဲပြု ရှင်သန်ဖွံ့ဖြိုးစေသည့် ဂေဟစနစ်များမပျက်ယွင်းဘဲ သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာသည်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ်များလည်း ပိုမိုရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးစနစ်များကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ ပပျောက်ပြီး လူမှုအသိုက်အဝန်းအတွင်း ဥပဒေကိုလေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများရရှိရေးအတွက်ကိုလည်း ရေရှည်မျှော်မှန်းချက်ဖြင့် လုံ့လစိုက်ထုတ်စီမံဆောင်ရွက်လျက်ရှိပါသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့**


## ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဉ္စမအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**မုံရွာ ဩဂုတ် ၁၇**

ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့် ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့**





# ကြေးမုံ

## တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ကျော်ဖြတ်

အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုး တစ်နေ့တခြား မြင့်မားလာသည်ကို မြင်တွေ့ကြားသိကြရပေလိမ့်မည်။ အမေရိကန်ဒေါ်လာ ငွေလဲလှယ်ဈေးနှုန်း မြင့်တက်လာမှုကြောင့် အမေရိကန်ဒေါ်လာကို အခြေခံတွက်ချက်ရသည့် မြန်မာနိုင်ငံမှ ပြည်ပသွင်းကုန်၊ လူသုံးကုန်ပစ္စည်းအချို့ ဈေးနှုန်းအတိုင်းအတာတစ်ခုအထိ မြင့်တက်လာသဖြင့် စီးပွားရေးလောကတွင် ဂယက်ရိုက်ခတ်မှုရှိမည်ဖြစ်သည်။

လက်ရှိတွင် စီးပွားရေးဂယက်၊ ငွေကြေးဂယက် တစ်ကမ္ဘာလုံးရိုက်ခတ်နေသည်။ ယင်းအခြေအနေမှာ အမေရိကန်ငွေကြေး ခိုင်မာအားကောင်းလာမှုကြောင့် အခြားနိုင်ငံတကာသုံးငွေကြေးများ တန်ဖိုးကျဆင်းလာခြင်း၏ နောက်ဆက်တွဲဂယက်ဖြစ်သည်။ အင်အားကြီးနိုင်ငံကြီး၏ ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲပြုလုပ်ခြင်း၏ ရိုက်ခတ်မှုဟုလည်း ဆိုနိုင်သည်။ အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံ၏ ကုန်သွယ်ရေးယှဉ်ပြိုင်မှုသည် ကျွဲနှစ်ကောင်ကြားမှ မြေစာပင်ကဲ့သို့ အင်အားနည်းသော မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များအားလုံးအနေဖြင့်လည်း ထိခိုက်မှုရှိမည်မှာ အမှန်ဖြစ်သည်။

ငွေကြေးဂယက်ရိုက်ခတ်မှုသည် နိုင်ငံတကာငွေကြေးဈေးကွက်တွင် အဓိကစံထားသည့် အမေရိကန်ဒေါ်လာနှင့်ပတ်သက်သဖြင့် နိုင်ငံတကာသုံး ငွေကြေးရှိသည့် နိုင်ငံများပင် ထိခိုက်မှုရှိနေပြီး မြန်မာနိုင်ငံအနေဖြင့်မူ ဆိုဖွယ်မရှိချေ။ မြန်မာနိုင်ငံ၏ စီးပွားရေးလောကတွင် ကုန်သွယ်ဖက် အိမ်နီးချင်းနိုင်ငံကို မှီခိုအားထားရပြီး ထိုနိုင်ငံအား ရိုက်ခတ်လျှင် မြန်မာနိုင်ငံလည်း အဖျားခတ်မည်ဖြစ်သည်။ ပို့ကုန်ထက်သွင်းကုန်အများဆုံး တင်သွင်းရသော မြန်မာနိုင်ငံအဖို့ ကုန်သွယ်မှုအတွက် လိုအပ်သော အမေရိကန်ဒေါ်လာကို ဝယ်ယူအသုံးပြုရသည်။ ကုန်သွယ်မှုဈေးကွက်တွင်ဖြစ်စေ၊ ငွေကြေးဈေးကွက်တွင်ဖြစ်စေ လိုအင်မြင့်မားလာလျှင် တန်ဖိုးတက်လာမည်ဖြစ်သည်။

ယခု ကျပ်ငွေတန်ဖိုးကျဆင်းခြင်းသည် အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတကာသုံးငွေကြေးဂယက်နှင့် ကုန်သွယ်မှုလိုငွေ မြင့်မားလာသောကြောင့် ကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းဖြစ်သည်။ နိုင်ငံတကာသုံးငွေကြေးဂယက်သည် အချိန်အတိုင်းအတာတစ်ခုအထိ ရှိနေမည်ဖြစ်သည်။ ၁၉၉၇ ခုနှစ်ကလည်း ဖြစ်ခဲ့ဖူးသည်။ ပြည်သူများအတွက် စိုးရိမ်ပူပန်ဖွယ် အလွန်အမင်းမဖြစ်နိုင်ဟု မျှော်လင့်ရသည်။ ကုန်သွယ်မှုလိုငွေကို လတ်တလောမဟုတ်သော်လည်း ရေရှည်တွင်ကျဆင်းလာရေး ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။ ဥပမာ အသေးစား၊ အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ပြည်ပသွင်းကုန်အစားထိုးရေး၊ အောင်မြင်ရေးကို သက်ဆိုင်သူများအားလုံး ဝိုင်းဝန်း၍ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤသို့ လုပ်ကိုင်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လုပ်သာကိုင်သာရှိသော အခွင့်အလမ်းများ ဖန်တီးပေးဖို့လိုအပ်မည် ဖြစ်သည်။ လုပ်ငန်းရှင်များ ဝန်ထုပ်ဝန်ပိုးများ လျော့ကျသွားစေရေး၊ ပြည်သူများ စိုးရိမ်ပူပန်မှုလျော့နည်းစေရေး ဖန်တီးပေးရမည်ဖြစ်သည်။ နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားနေမှုသည် လက်ရှိကြုံတွေ့နေရသော ငွေကြေးဂယက်တွင် ရိုက်ခတ်မှုပိုလာနိုင်သဖြင့် စိုးရိမ်ပူပန်မှုနှင့် လိုအင်ဆန္ဒများကို လျှော့ချရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်သာကိုင်သာရှိသော အခြေအနေကောင်းများလည်း ရှိသည်။ ပြည်တွင်း အရင်းအမြစ်များလည်း ရှိပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာငွေကြေးဂယက် ရိုက်ခတ်နေသော ယနေ့ကာလတွင် နိုင်ငံခြားငွေကို အလွန်အကျွံ ဝယ်ယူစုဆောင်းခြင်း၊ ပြည်သူများအနေဖြင့် အလွန်အကျွံ စိုးရိမ်ပူပန်ခြင်းတို့မဖြစ်ကြဘဲ လက်ရှိဖြစ်တည်နေသည့် စီးပွားရေးဖြစ်ထွန်းမှုနှင့် ထုတ်ကုန်၊ ပို့ကုန် မြင့်မားရေးကို ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ရင်း ကြုံတွေ့နေရသော ငွေကြေးဂယက်ကို တည်တည်ငြိမ်ငြိမ်ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ-လာအိုနယ်နိမိတ်ရေပုံအမှတ်(၁၂) အတည်ပြုလက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၁၇**

လာအိုနိုင်ငံ လွမ်ပရာဘွမ်ပြည်နယ်၌ ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် မြန်မာ-လာအို ဗဟိုအဆင့် နယ်စပ် အာဏာပိုင်များ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sengphet HOUNGBOUNG-UANG တို့သည် ဩဂုတ် ၁၆ ရက်တွင် မြန်မာ-လာအို နယ်နိမိတ်ရေပုံ အမှတ် (၁၂) အား လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## စက်မှုတိုင်း(၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း(ရန်ကုန်)မှ အင်ဂျင်နီယာဝန်ထမ်းကောင်းများ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၇**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၁) စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း(ရန်ကုန်) အနေဖြင့် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည့် ၁၉၇၄-၁၉၇၅ မှ ယနေ့အချိန်အထိ စက်ပြင်၊ စက်မောင်းနှင့် မွမ်းမံသင်တန်းပေါင်း ၂၃၉ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၁၅၁၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

အာဆီယံအသိအမှတ်ပြု အမျိုးသားအဆင့် မြေတူးစက်မောင်းနှင့် သံရည်ကျိုပုံသွန်းလုပ်သား စစ်ဆေးအကဲဖြတ်ခြင်း ၁၀ ကြိမ် ပြုလုပ်ခဲ့ရာ ကျွမ်းကျင်လုပ်သား ၁၈၅ ဦး ပေါ်ထွက်ခဲ့ပြီး အင်ဂျင်နီယာမွမ်းမံသင်တန်းများကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးနေပြီဖြစ်ကြောင်း စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်း (ရန်ကုန်)မှ သိရသည်။

အဆိုပါ သင်တန်းကျောင်းတွင် ဦးစီးအရာရှိ (စက်မှု/လျှပ်စစ်) မွမ်းမံသင်တန်း အမှတ်စဉ် (၁)ကို ယခုဩဂုတ်လတွင် ဖွင့်လှစ်ပို့ချပေးခဲ့ပြီး လာမည့်လများတွင်လည်း စဉ်ဆက်မပြတ် ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ပို့ချပေးသည်။ အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေး ပို့ချပေးလျက်ရှိရာတွင် လုပ်ငန်းခွင်သုံးစက်ယန္တရားကြီးများ၏ အစဉ်ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖွံ့စည်းတည်ဆောက်မှု နည်းစနစ်များ၊ တိကျလွယ်ကူလျင်မြန်ပြီး လျှပ်စစ်နှင့် ဟိုက်ဒရောလစ်စနစ်သုံး ထိန်းချုပ်နည်းစနစ်များ၊ အန္တရာယ်ကင်းစွာ ထိန်းချုပ်အလုပ်လုပ်ပုံများ စသည့် လုပ်ငန်းမြန်ဆန်ပြီးမြောက်နိုင်စွမ်းရှိသည့် နည်းစနစ်နှင့် လုပ်ငန်းစဉ်များကို စက်ယန္တရားများတင်သွင်းရောင်းချပေးနေကြသည့် မြန်ရွှေပြည် MSP Tractor ကုမ္ပဏီ၊ မြန်မာကိုင်ဒိုကုမ္ပဏီ၊ UMW ကုမ္ပဏီ၊ UMG ကုမ္ပဏီတို့မှ အင်ဂျင်နီယာများကလည်း နည်းပညာလက်ဆင့်ကမ်းမျှဝေခြင်းနှင့် လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေး ပို့ချပေးလျက်ရှိကြောင်း သိရသည်။

တက်ရောက်လာကြသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်းအခြေစိုက်အလုပ်ရုံများ၊ တည်ဆောက်ရေးစက်မှုရုံးများ၊ ရေအားလျှပ်စစ်ဌာနခွဲမှ သင်တန်းသား အင်ဂျင်နီယာဦးစီးအရာရှိ (စက်မှု/လျှပ်စစ်) ၄၀ တို့ကလည်း မိမိတို့လုပ်ငန်းခွင်အလိုက် အသုံးပြုနေသည့် စက်ယန္တရားကြီးများ ပြုပြင်ထိန်းသိမ်းသုံးစွဲရေးနှင့် လုပ်ငန်းခွင်တွင် ဆောင်ရွက်နေမှုများကို သင်တန်းသားအချင်းချင်း နည်းပညာနှင့် အတွေ့အကြုံဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်(ရွှေဈေး) ၉၅၃၅၀၀ - ၉၅၃၅၀၀ မန္တလေး(ရွှေဈေး) ၉၅၃၅၀၀ - ၉၅၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၉၃၅/၉၇၀ ကျပ်၊ | ၉၈၀/၉၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၄၅/၉၈၀ ကျပ်၊ | ၁၀၂၅/၁၀၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၀၀/၉၄၀ ကျပ်၊ | ၉၇၅/၉၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၅/၉၈၀ ကျပ်၊ | ၉၉၀/၁၀၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၄၅/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉ ၅၅/၉၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၁၅/၉၃၀ ကျပ် [ ဩဂုတ် ၁၆ ရက်က ဒီဇယ် တစ်လီတာ ၉၂၅/၉၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၀၀/၉၀၅ ကျပ် ဟု သိရသည်။]

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇. ၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅. ၁၄၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅. ၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၃၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂. ၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၈. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၈. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ ဇီဝ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **ဒုတိယသမ္မတမှ**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပခဲ့ရာ လေးကြိမ်အထိ အောင်မြင်စွာကျင်းပပြီး ဖြစ်ပါကြောင်း။

## အလှည့်ကျကျင်းပသွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယနေ့ကျင်းပသည့် MSMEs ထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲသည် ပဉ္စမအကြိမ်မြောက်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ယခုကဲ့သို့သော ပြပွဲ၊ ပြိုင်ပွဲများကို အလှည့်ကျဆက်လက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တစ်နိုင်ငံလုံးအတွက် MSMEs Products ပြပွဲနှင့် National Award ပြိုင်ပွဲကို ကျင်းပသွားမည် ဖြစ်ပါကြောင်း။

MSME များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ MSME များ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် Stakeholder များအားလုံး စုံစုံညီညီပူးပေါင်း၍ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုကောင်းမွန်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ကျင်းပပြီးခဲ့သည့် ပြပွဲ၊ ပြိုင်ပွဲများ၏ရလဒ်များကို အခြေခံ၍ လက်တွေ့ဆောင်ရွက်သင့်သည့် အစီအမံများကိုလည်း ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဗောဓိတစ်ထောင်ပျိုးဥယျာဉ် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။

များနှင့် အထောက်အကူပြု ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိနေပါကြောင်း။

MSME လုပ်ငန်းများအနေဖြင့် လုပ်ငန်းရှင်များ၏ တီထွင်ကြံဆမှု၊ ဆန်းသစ်မှု၊ စွန့်စားမှုများကြောင့် မိရိုးဖလာစီးပွားရေးလုပ်ငန်းများမှ Innovative MSME အသွင်သို့ ပြောင်းလဲလာပြီး စွန့်ဦးတီထွင်သူလုပ်ငန်းရှင်များ ထွက်ပေါ်လာစေရန် လိုအပ်ပါကြောင်း။

များကို မိမိရရ ရယူဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဒေသကြီးတစ်ခုတွင် ပြုလုပ်သည့် ပြပွဲ၊ ပြိုင်ပွဲများတွင် အခြားဒေသများမှ လုပ်ငန်းများလည်း လာရောက်ပါဝင်ပြသနိုင်ခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခုအကြားရှိ Supply Chain ကို ဖြည့်ဆည်းနိုင်ပြီး အချင်းချင်း ပူးပေါင်းဆောင်ရွက်လာနိုင်ပါကြောင်း။






ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့ SME Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

ဒေသအလိုက် ပြိုင်ပွဲများတွင် MSME များ၏ လိုအပ်ချက်များကို ထောက်ပြဆွေးနွေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် MSME များ၏ အခက်အခဲများကို သက်ဆိုင်ရာဒေသ Agency အစည်းအဝေးများတွင် တင်ပြဆွေးနွေးခြင်းနှင့် ပံ့ပိုးပေးခြင်း၊ ပြပွဲ၊ပြိုင်ပွဲများတွင် ဆုရရှိသည့်လုပ်ငန်းများနှင့် အလားအလာရှိသည့် လုပ်ငန်းများကို မှတ်တမ်းတင်ထားရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာTrade Fair များ၊ Business Matching အစီအစဉ်များနှင့် Business Plan Competition များ ကျင်းပရာသို့ ဖိတ်ခေါ်ပေးခြင်း၊ ငွေကြေးအရင်းအနှီး ရရှိနိုင်ရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်ပေးခြင်း၊ လက်လီရောင်းချသူများထံသို့ ဒေသထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဒေသဆိုင်ရာ MSME များ၏ ထုတ်ကုန်များကို အများပြည်သူသို့ ပိုမိုမိတ်ဆက်ရှင်းလင်းတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းရှင်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့်သင်တန်းများ၊ နည်းပညာဆိုင်ရာ ပံ့ပိုးပေးသည့် သင်တန်းများ၊ ဈေးကွက်နှင့် ငွေကြေးရရှိရေးဆိုင်ရာ သင်တန်း

နိုင်ငံတော်က ဦးဆောင်ကျင်းပပေးသည့်ပြပွဲ၊ ပြိုင်ပွဲများတွင် အခြားလုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်း၊ ကြိုးပမ်းအားထုတ်မှု၊ ဈေးကွက်ကို ထိထိမိမိ မိတ်ဆက်နိုင်မှုများကို အတုယူရန်လိုအပ်ပါကြောင်း။

မြန်မာ့ SME လုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ဆန်းသစ်သည့် အတွေးအခေါ်အသိအမြင်များ ဖွံ့ဖြိုးတိုးတက်လာပြီး ပိုမိုကောင်းမွန်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှသာ ဒေသတွင်းလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

## ဖော်ထုတ်ပြသနိုင်

ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးသည့်အတွက် ဒေသတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအနေဖြင့် မိမိတို့လုပ်ငန်းများ၊ ထုတ်ကုန်များ၏ ထူးခြားချက်နှင့် အားသာချက်များကို ဖော်ထုတ်ပြသနိုင်သည့် အခွင့်အရေး ရရှိသကဲ့သို့ မိမိတို့ဒေသ၏ သဘာဝအရင်းအမြစ်ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို စိတ်ဝင်စားစေမည်ဖြစ်ပါကြောင်း။

ယခုပြပွဲ၊ ပြိုင်ပွဲ၏ ထူးခြားမှုတစ်ခုမှာ ပုဂ္ဂလိကဘဏ်များကို ဖိတ်ခေါ်ထားခြင်းဖြစ်ပါကြောင်း၊ ပြပွဲ၊ ပြိုင်ပွဲနှင့်အတူ ပေါ်ပေါက်လာသည့် အခွင့်အရေး

MSME များအနေဖြင့် ဈေးကွက်အခွင့်အလမ်းမရရှိလျှင် ရေရှည်တည်တံ့နိုင်မည်မဟုတ်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရန် မိမိတို့၏ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိရန်လိုအပ်မည်ဖြစ်သည့်အပြင် နိုင်ငံတကာဈေးကွက်ရရှိနိုင်ရေးအတွက်လည်း ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း။

## ဆက်လက်ကြိုးပမ်းဆောင်ရွက်

ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကို ဖော်ဆောင်နိုင်သည့် MSME လုပ်ငန်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာစေရေးနှင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထောက်အကူပြုနိုင်သည့် MSME အသိုက်အဝန်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ရည်မှန်းချက်ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း MSMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုများနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ **စာမျက်နှာ ၆ သို့ ››››**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် သဘာဝဘေးကယ်ဆယ်ရေး၊ စာရင်းစစ်ဆိုင်ရာ၊ သစ်တောကဏ္ဍတို့နှင့် သက်ဆိုင်သည့်မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်းသည့် ပြင်ဆင်ချက်များကို လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် သဘာဝဂှက်သိုက်တောင်များ ရေရှည်တည်တံ့ရေးနှင့်သက်ဆိုင်သည့်အဆိုတစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

### မတူပီမြို့နယ်တွင် ရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များ ပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်း

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များ ပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ မတူပီမြို့နယ် မြေပြိုမှု ကာကွယ်နိုင်ရေး၊ စံဘောင်ရပ်ကွက် ရေမြောင်းအမှတ်(၁)၊အမှတ် (၅)၊ လောင်းဗန်ရပ်ကွက် ရေမြောင်းအမှတ်(၇) တို့အား ကျောက်စီရေမြောင်းတည်ဆောက်ရန်နှင့် ခိုဘွေရပ်ကွက် မြေထိန်းနံရံ အမှတ်(၁)အား ပေ ၆၀၀ တည်ဆောက်ရန်အတွက် ငွေကျပ် ၂၇၉ သိန်းကို ၂၀၁၇ခုနှစ် ဧပြီလတွင် ချင်းပြည်နယ်အစိုးရသို့ လွှဲပြောင်းထောက်ပံ့ပေးခဲ့ပါကြောင်း။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ဒါအောင်မြင်ခဲ့သည့် တော်ဝင်ဖူးကြား ကုမ္ပဏီနှင့် AIDAK ကုမ္ပဏီတို့ကို လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ တော်ဝင်ဖူးကြား ကုမ္ပဏီက စံဘောင်ရပ်ကွက်ရှိ မြောင်းအမှတ်(၅)နှင့်(၇)ကို ၂၀၁၈ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် မေလ ၁၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေမြောင်းအောက်ပိုင်းထိခိုက်ခဲ့ပြီး ဘိလပ်မြေဖျော်စက် ရေမြောင်းအတွင်းသို့ ထိုးကျခဲ့မှုကြောင့် လုပ်ငန်းများခေတ္တရပ်ဆိုင်းခဲ့ရပါကြောင်း၊ AIDAK ကုမ္ပဏီကဆောင်ရွက်သည့် စံဘောင်ရပ်ကွက် မြောင်းအမှတ်(၁)နှင့် ခိုဘွေရပ်ကွက် မြေထိန်းနံရံအပိုင်း(ခ)တို့မှာ လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မတူပီမြို့ မြေပြိုမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စံဘောင်၊ ခိုဘွေ၊ လောင်ဘန်းနှင့် လေးရပ်ကွက်များရှိ ရေမြောင်းငါးခု ရေပွန်ပါမြေကာနံရံတို့ အတွက် ငွေကျပ် ၂၃၆ ဒသမ ၂၅သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ထို့ပြင် မတူပီမြို့တွင် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်နေသော မြေပြိုမှု အန္တရာယ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် နည်းလမ်းများရှာဖွေ၍ ယာယီထိန်းသိမ်းရန် တံတားများ၊ ရေထုတ်မြောင်းများ၊ ရေထုတ်ပွန်များ၊ မြေကာနံရံများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ပြထားပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

### အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့် ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်နိုင်ခြင်း ရှိ၊ မရှိ မေးမြန်း

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ ပေါ်ပေါက်သောအလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်နိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးတွေ့ရှိချက်တစ်ရပ်သည် အရေးကြီးပြီးသက်ဆိုင်ရာသို့ အလျင်အမြန် အသိပေးရန်လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ ကြားဖြတ်အစီရင်ခံစာပေးပို့ရန် စာရင်းစစ်ချုပ်ရုံးလက်စွဲတွင်လည်းကောင်း၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာပြုစုပြီးသည်အထိ မစောင့်ဆိုင်းဘဲ အမြန်ဆုံးပြုစုတင်ပြရန်လည်းကောင်း ပြည်ထောင်စုစာရင်းစစ်ရုံးချုပ်ရုံးက ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ယင်းညွှန်ကြားချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများက ဌာန၊ အဖွဲ့အစည်းများကိုစစ်ဆေးရာတွင် တွေ့ရှိရသည့် အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်မကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလိုစီမံခန့်ခွဲနိုင်ရန် အကြောင်းကြားပါကြောင်း၊ ထို့ပြင် စစ်ဆေးတွေ့ရှိချက်များ၏ အရေးပါမှုအရ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှပေးသောအခကြေးငွေများသည် အခွန်အဖြစ် နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောနယ်မြေများနှင့် ဌာနပိုင်နယ်မြေများတွင် တည်ဆောက်ခွင့်ပြုမိန့်ရရှိထားသည့် ကုမ္ပဏီ ၁၀ ခုမှ တာဝါတိုင် ၂၄၁ ခုအနက် ကုမ္ပဏီများနှင့် နှစ်ရှည်မြေငှား စာချုပ် ချုပ်ဆိုထားသည့် တာဝါတိုင် ၂၄၀ အတွက် သတ်မှတ်ထားသည့် မြေငှားရမ်းခ၊ လုပ်ငန်းအာမခံနှင့် လုပ်ငန်းကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သက်ဆိုင်ရာသစ်တောဦးစီးဌာနငွေစာရင်းသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ သစ်တောမြေငှားရမ်းခ အတွက် ငွေကျပ် ၁၃၄၅၂ သိန်းကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **အာရှနိုင်ငံအချို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား (ဂျပန်ပိတောက်) Acacia Mangium သစ်ပင်အမျိုးအစားကို နိုင်ငံအနှံ့ ကျယ်ပြန့်စွာစိုက်ပျိုးလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများ ပြုလုပ်ထားသည်ကိုသိလိုခြင်း**မေးခွန်းနှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအား တားဆီးကာကွယ်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း**မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပေးပို့လာသော **မြန်မာ့သတ္တုတွင်းနည်းဥပဒေများ**နှင့် စပ်လျဉ်း၍ပြင်ဆင်ချက်အဆိုများကို လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

### သဘာဝဂှက်သိုက်တောင်များရှိရာ ကျွန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး အထူးစီမံချက်ဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

ယင်းနောက် ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီတင်သွင်းသည့် **မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝဂှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေးက အဆိုရှင်တင်သွင်းသည့် နိုင်ငံတော်က သဘာဝဂှက်သိုက်တောင်များကို ထိန်းသိမ်းရန်မှာ လိုအပ်ပါကြောင်း၊ သို့သော် အိမ်မွေးဂှက်သိုက် ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ပိုမိုအားပေးရန်လိုအပ်ပါကြောင်း၊ ဂှက်အိမ်လျှောက်ထားသည့် လုပ်ငန်းရှင်များကို အမြန်ဆုံးစိစစ်ပြီး ခွင့်ပြုပေးသင့်ပါကြောင်း၊ ဂှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများ ပိုမိုအခွင့်အလမ်းရရှိလာစေရန် သင့်လျော်သည့် အခွန်နှုန်းထားကို သတ်မှတ်ပေးသင့်ပါကြောင်း၊ ထို့ပြင် ဂှက်သိုက်မွေးမြူရေးစနစ်ကို ခေတ်မီနည်းစနစ်ဖြင့် မွေးမြူနိုင်ရန် နိုင်ငံတော်အနေဖြင့် အားပေးစေလိုပါကြောင်း၊ ပြင်ဆင်မှု၊ ထုတ်လုပ်မှု၊ ရောင်းချမှုကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိနိုင်ရေးကို ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီက မိမိတို့နိုင်ငံ၏ သစ်တောသယံဇာတများထဲတွင် သစ်မဟုတ်သည့် သယံဇာတတစ်မျိုးမှာ ဂှက်သိုက်ဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သစ်တောထွက်ပစ္စည်းများထဲမှ ရရှိသည့် အခွန်များထဲတွင် ဂှက်သိုက်မှ အခွန်အများဆုံးရရှိသည်ဟု သိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အခွန် ပိုမိုရရှိစေရန်အတွက် ဂှက်သိုက်ထုတ်လုပ်သည့်လုပ်ငန်း ယခုထက်ပိုမိုထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်သင့်ပါကြောင်း၊ ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီးရှိ အချို့ကျွန်းများတွင် ဂှက်သိုက်ထုတ်ယူခွင့် လိုင်စင်ချထားပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဂှက်သိုက်ကျွန်းများကို ဇီဝဖိုးဂှက်များမျိုးသုဉ်းပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများအတိုင်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဂှက်သိုက်ထုတ်ယူခွင့် လိုင်စင်ချထားပေးမှုမရှိသည့်ကျွန်းများကို ဂှက်သိုက်ထွက်ရှိမှုကို လေ့လာဆန်းစစ်သင့်ပါကြောင်း၊ ဂှက်သိုက်ကျွန်းများကို ကြိုးဝိုင်းအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စနစ်တကျ ထုတ်ယူခြင်းဟုတ်၊ မဟုတ် ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်နှင့် သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်းတို့ကလည်း ဆွေးနွေးကြသည်။

အဆိုနှင့် စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ပါဝင်သည့် မော့စကော့ကျွန်းအုပ်စု၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ်တွင်ပါဝင်သည့် ရေဗကျွန်းအုပ်စု၊ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်တွင် ပါဝင်သည့် ရေဗကျွန်းအုပ်စုနှင့် မြိတ်ခရိုင် ပုလောမြို့နယ်တွင်ပါဝင်သည့် မလိကျွန်းစုတို့ကို လပ်ပုံလေးပုံခွဲခြားပြီး ဂှက်သိုက်စုဆောင်းခြင်းကို ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပုသိမ်နှင့် ငပုတောမြို့နယ်တို့ရှိ ကျွန်းလျားရှည်၊ စခန်းတောင်၊ အပြင်တောင်၊ သောင်မန်ကျည်း၊ ဂှက်ပျောကျွန်းနှင့် ဂေါ်ရင်ဂျီကျွန်းတို့အား ဧရာဝတီတိုင်းသစ်တောဦးစီးဌာနက ဂှက်သိုက်သိမ်းယူခွင့်လိုင်စင်ကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဇီဝဖိုးဂှက်များ သဘာဝအတိုင်း ရှင်သန်ပေါက်ဖွားမှုကိုမထိခိုက်စေဘဲ စဉ်ဆက်မပြတ် ဂှက်သိုက်စုသိမ်းထုတ်လုပ်နိုင်ရေးအတွက် တင်ဒါအောင်မြင်သူများ၏ ဆောင်ရွက်မှုများအပေါ် စစ်ဆေးကြပ်မတ်ရန် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သစ်တောဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ခံများဖြင့် ဖွဲ့စည်းထားပါကြောင်း။

ဇီဝဖိုးဂှက်များ၏ သဘာဝအသိုက်အား ခွာယူခြင်းနှင့်နေအိမ်များတွင် အသံတု ထုတ်လွှင့်၍ ဆွဲဆောင်အသိုက်ပြုလုပ်၍ ဂှက်သိုက်များစုဆောင်းခြင်းကို စနစ်တကျ စည်းကမ်းသတ်မှတ်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိခြင်း၊ ဂှက်သိုက်ထုတ်လုပ်သော ကျွန်းများကို ၁၉၄၆ ခုနှစ်မှစပြီး ဂှက်သိုက်ကြိုးဝိုင်းများအဖြစ် ဖွဲ့စည်းကာထိန်းသိမ်းလျက်ရှိခြင်းနှင့် ဇီဝဖိုးဂှက်များနှင့် ယင်းတို့ကျက်စားရာ ဂှက်သိုက်ကျွန်းများအား ထိန်းသိမ်းရေးကိုလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဂှက်သိုက်စုသိမ်းခွင့်လပ်ပုံများ အိတ်ဖွင့်တင်ဒါရောင်းချခြင်းကို ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် အဆိုအားမှတ်တမ်းအဖြစ် ထားရှိပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူကြောင်းဆုံးဖြတ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးဒသမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ကလေးမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ဦးထွန်းမြင့် ဗဟန်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်သည့် ဒဂုံတက္ကသိုလ် သမိုင်းပညာဌာနမှ ဦးသက်ဇော်ဦး ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၄၇ ဦးနှင့် ဒဂုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါ်နန့်တင်တင်မိုး ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၃၀ စုစုပေါင်း ၁၈၀ တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၄၀၂၇၃ ဦးနှင့် ပြည်ပဧည့်သည် ၁၈၀၀ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြား၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေး

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား အကြီးစားပြင်ဆင်မှုနှင့်အတူ ခုတင် ၁၀၀ ဆံ့မှ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကော့သောင်းဆေးရုံတွင် အထူးကု ကိုးမျိုးအနက် ရှစ်မျိုးရှိပါကြောင်း၊ ဘွဲ့လွန် ဆရာဝန် ငါးယောက် ရှိပါကြောင်း၊ အထူးကုဆရာဝန် သုံးဦးရှိသည့်အတွက် ထပ်မံခန့်ထားရန် လိုအပ်ပါကြောင်း၊ ခုတင် ၁၀၀ မှ ခုတင် ၂၀၀ တိုးမည်ဆိုပါက ခုတင် ၁၀၀ ဆေးရုံတွင် ဝန်ထမ်း ၂၀၁ ဦးရှိရမည် ဖြစ်ပါကြောင်း၊ ကော့သောင်းဆေးရုံတွင် ၁၀၁ ဦးသာရှိပါကြောင်း၊ ခုတင် ၂၀၀ ပေးမည်ဆိုပါက ဝန်ထမ်း ၅၉၄ ဦးနှင့် အထူးကုဘာသာရပ်ပေါင်း ၁၇ မျိုး ပေးရမည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် ပေးနိုင်ခြင်းလည်းမရှိသေးပါကြောင်း၊ ပေးမည်ဆိုပါကလည်း လိုအပ်ချက်အရ ပေး၍မရသေးပါကြောင်း၊ အခြားလိုအပ်နေသည့် အထူးကုဆရာဝန်များ ကြိုးစားပေးမည် ဖြစ်ပါကြောင်း။

ဆေးရုံပြင်ဆင်စရိတ်အနေဖြင့် လျာထားသော်လည်း တင်ပြချက်များ များနေသည့်အတွက် ချပေး၍မရပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ တန်ဖိုးငွေကျပ် သန်း ၆၄၀ ဖြင့် ခြောက်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၅၆၈၀ ဖြင့် လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကိုလည်း ဆောက်လုပ်ရန် လျာထားပါကြောင်း ဖြေကြားသည်။

## လှိုင်းဘွဲမြို့ ဇွဲမာန်အားကစားကွင်းနှင့်စပ်လျဉ်း၍မေးမြန်း

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦး၏ **ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့ ဇွဲမာန်အားကစားကွင်းအတွက် ပွဲကြည့်စင်တစ်ခု၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့တွင်ရှိသည့် ဇွဲမာန်အားကစားကွင်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ရာတွင် မီတာ ၄၀၀ ပြေးလမ်းပါ အဆင့်မီ ဘောလုံးကွင်း ဆောက်လုပ်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ငွေကျပ်သန်း ၉၀ ရရှိခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် အားလုံးပြီးစီးသွားပြီ ဖြစ်ပါကြောင်း။

ဇွဲမာန်အားကစားကွင်းသည် အပြင်ခြံစည်းရိုး ပေ ၂၇၀၀ လုပ်ငန်းကိုလည်းကောင်း၊ အတွင်းခြံစည်းရိုး ပေ ၁၈၀၀ လုပ်ငန်းကိုလည်းကောင်း ပြည်နယ်ဘတ်ဂျက်မှ ထည့်သွင်းတောင်းခံသည့်အခါတွင် ပြည်နယ်ငွေစာရင်းဦးစီးဌာနမှ ခွဲဝေချထားခြင်း မရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ - ၂၀၂၀ တွင် ပွဲကြည့်စင်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံ ပြုလုပ်ခြင်းလုပ်ငန်းများကို ပြည်နယ်တွင် ထည့်သွင်းပေးမည်ဖြစ်ပါကြောင်း၊ ထည့်သွင်း၍ မရပါက ပြည်ထောင်စုဘတ်ဂျက်မှ အသင့်အတင့်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာလင်းဝေဖြိုးလတ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ အကြံပြုဆွေးနွေးချက်များအနက်မှ မူလဥပဒေပုဒ်မ- ၃ ပုဒ်မခွဲ (စ) အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် လယ်ယာမြေကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်း၍ ပြန်လည်ဝေခြမ်းပေးရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ကော်မတီအနေဖြင့် ဤလုပ်ငန်းစဉ်သည် ခေတ်စနစ်နှင့် လျော်ညီမှုမရှိခြင်း၊ ဈေးကွက်စီးပွားရေးစံနှုန်းများနှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်းမရှိကြောင်း သဘောထားရရှိခဲ့ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

သို့ဖြစ်ပါ၍ ကော်မတီသည် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမား ရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၏ မူလဥပဒေပုဒ်မ - ၃ ပုဒ်မခွဲ (စ) ပြင်ဆင်အကြံပြုချက်ကို လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြု

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီ၏ သဘောထားမှတ်ချက်အနေဖြင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၏ အကြံပြုဆွေးနွေးချက်များအနက်မှ ပုဒ်မ-၂ ပုဒ်မခွဲ(ခ) အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် အဓိပ္ပာယ်တိကျမှုမရှိခြင်း၊ စကားလုံးအသုံးအနှုန်း ကျစ်လျစ်မှုမရှိခြင်း၊ ပိုမို၍ရှုပ်ထွေးသည့် ဖော်ပြချက်များ ဖြစ်ခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန်မသင့်ကြောင်းနှင့် ပုဒ်မ-၁၀ ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့သည် ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် ပြဋ္ဌာန်းချက်များဖြစ်ခြင်းတို့ကြောင့် ပယ်ဖျက်ရန်မသင့်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောထားရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ဦးတင်အောင်ထွန်း၏ ပုဒ်မ-၂ ပုဒ်မခွဲ (ခ) ပြင်ဆင်ချက်နှင့် ပုဒ်မ-၁၀ ပုဒ်မခွဲ(ခ) နှင့် (ဂ) ပယ်ဖျက်ချက်တို့ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## လယ်ယာဥယျာဉ်ခြံမြေများနှင့် စပ်လျဉ်း၍ ထိရောက်စွာ ထိန်းညှိပေးနိုင်မည့်အစီအမံတစ်ခု ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိက သက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က ကော်သုံးကော်ကို ထိန်းညှိဆောင်ရွက်ရာတွင် ပြည်သူအားလုံး စိတ်ချမ်းသာစေမည့် လမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်သင့်ပါကြောင်း၊ တောင်သူလယ်သမားများ၏ အခွင့်အရေးကိုကြည့်သကဲ့သို့ အခြားနည်း အသုံးပြုချင်သည့်သူများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရရန်လည်း စဉ်းစားပေးသင့်ပါကြောင်း၊ ဥပဒေ စည်းကမ်းများအနေဖြင့်လည်း ပြည်သူလူထု လိုက်နာချင်အောင် ရေးဆွဲပြဋ္ဌာန်းခြင်းမျိုးဖြစ်သင့်ပါကြောင်း၊ အရေးယူသည့် ရှုထောင့်တစ်ခုမှမကြည့်ဘဲ လူထု၏ လိုအင်ဆန္ဒနှင့် လိုက်လျောညီထွေဖြစ်အောင် ဝိုင်းဝန်းစဉ်းစားပေးရန် လိုအပ်ပါကြောင်း။

တိုးပွားလာသည့်လူဦးရေဖြင့် လိုက်လျောညီထွေဖြစ်အောင် မြို့ကွက်များ စနစ်တကျရိုက်ပေးခြင်းလည်း လုပ်ဆောင်သင့်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေတိုးပွားရေးကို ဆောင်ရွက်မည်ဆိုပါက မြေအခက်အခဲများလည်း အဆင်ပြေသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်က မြန်မာနိုင်ငံရှိ မြို့ပြ၊ ကျေးရွာများနှင့် ထိစပ်နေသည့် လယ်မြေ၊ ဥယျာဉ်ခြံမြေများသာမက မြို့များရှိ မြို့မြေ၊ ကျေးလက်ဒေသရှိ ယာမြေ၊ တောမြေ၊ စားကျက်မြေ၊ မြေလွတ် မြေရိုင်း၊ ကိုင်းကျွန်းမြေများတွင် အကွက်ချ ခြံစည်းရိုးခတ်ခြင်း၊ နေအိမ်ဆောက်ခြင်းများကို ပြုလုပ်လာခဲ့ရာ မြေလွတ်မြေများ ပျောက်ဆုံးကုန်ခြင်းနှင့် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ လျော့နည်းလာခြင်းတို့ကို နိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသတိုင်းတွင် ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာရခြင်းသည် တာဝန်ရှိအစိုးရအဖွဲ့များ၏ အရေးယူမှုလျော့ရဲခြင်း၊ ကော်သုံးကော်၏ လုပ်ဆောင်မှုလျော့ရဲခြင်း၊ အဂတိတရားမကင်းခြင်းနှင့် မတော်လောဘသမားများနှင့် အောက်ခြေဝန်ထမ်းများပူးပေါင်းကြံစည်လုပ်ဆောင်မှုတို့ကြောင့် ဖြစ်ပါကြောင်း။

ထို့ပြင် လယ်မြေ၊ ဥယျာဉ်ခြံမြေများသာမက မြို့မြေ၊ စားကျက်မြေ၊ ကိုင်းကျွန်းမြေစသဖြင့် အခြားမြေများတွင်လည်း အကွက်ချ ခြံစည်းရိုးခတ်ခြင်းများ လုပ်ဆောင်နေသည့်အတွက် အားလုံးကို လွှမ်းခြုံနိုင်ရန် ဆွေးနွေးခဲ့ကြသည့်အတိုင်း လယ်မြေ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများကို အဆိုတွင် ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# လွှတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလိုသည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် သံအမတ်ကြီး မစ္စတာကင်ဇိုအိုရှီးမားသည် ညပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၃ မှ**
အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ပဉ္စမအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းများပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များဖြစ်ကြသည့် ဒေါက်တာမြင့်နိုင်နှင့် ဒေါက်တာအောင်မိုးညို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာထွန်းနိုင်၊ ဦးမောင်မောင်ဝင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းတို့က ပဉ္စမအကြိမ် အငယ်စား၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ပဉ္စမအကြိမ်မြောက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ဒုတိယသမ္မတသည် မုံရွာမြို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်(SMIDB)မုံရွာဘဏ်ခွဲ၌ကျင်းပသည့် SME Center ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က SME Center ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘဏ်ခွဲအတွင်းလှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဇောခိတစ်ထောင် ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ပျိုးဥယျာဉ်ရှင်းလင်းဆောင်၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က ဇောခိတစ်ထောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပျိုးဥယျာဉ်တည်ထောင်ခြင်းလုပ်ငန်း၊ သဘာဝတောကျန်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း၊ တောင်တန်းစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းနှင့် အထူးစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် သဘာဝရေထွက်များထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဇောခိတစ်ထောင်ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သဘာဝတောကျန်သစ်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် အောင်မြင်အောင်ဆောင်ရွက်သွားရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင်အထူးဂရုစိုက် ထိန်းသိမ်းသွားရေးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျဂရုပြုဆောင်ရွက်ရေး တို့ကို မှာကြားသည်။

**သတင်းစဉ်**

# DW Akademie ရုံးခန်းအသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

DW Akademie ရုံးခန်းအသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Goethe Institute ခြံဝင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။




အခမ်းအနားတွင် DW Akademie ရုံးချုပ်အကြီးအကဲ Ms. Ute Schaeffer နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး H.E.Dorothee Janetzke-Wenzel တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် DW Akademie ၏ ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ DW Akademie ၏ ရန်ကုန်အခြေစိုက်ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် Country Manager Mr. Patrick Benning နှင့် Country Representative Ms. Isabella Kurkowski တို့ကို နှုတ်ဆက်ပြီး ယခု ရုံးသစ်တွင် Country Manager အဖြစ် ဦးစီးဆောင်ရွက်မည့် Ms. Eva Mehl တို့ကို ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တက်ရောက်လာသူများနှင့် DW Akademie မှ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

DW Akademie သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ကာ မြန်မာ သတင်းပညာသိပ္ပံ( MJI )နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့၏ ဖွဲ့စည်းတည်ဆောက်မှုတို့တွင် အဓိကကျသော အခန်းကဏ္ဍများမှ ပါဝင်ပံ့ပိုးခဲ့သည်။

DW Akademie အနေဖြင့် မီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့များအကြား အလုပ်ရုံဆွေးနွေးပွဲများနှင့် နှစ်စဉ်ကျင်းပသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံများကိုလည်း ပံ့ပိုးကူညီမှုပြုလျက်ရှိသည်။ DW Akademie သည် ဒစ်ဂျစ်တယ်ဆိုင်ရာ အခွင့်အရေး၊ မီဒီယာသတင်းအချက်အလက် ဆိုင်ရာ ပညာပေးမှု (Media information literacy)နှင့် မီဒီယာရပ်တည်ရှင်သန်နိုင်စွမ်း(Media viability)ဆိုင်ရာ ကဏ္ဍရပ်များကိုလည်း ပံ့ပိုးကူညီလျက်ရှိသည်။

DW Akademie သည် ဂျာမနီနိုင်ငံ၏ ရှေ့ပြေးဦးဆောင်နေသော မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လွတ်လပ်သော မီဒီယာစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သတင်းအချက်အလက်များ ရရှိခွင့်ကို တိုးတက်စေရေးနှင့် အမြိအခိုင်ကင်းသော စာနယ်ဇင်း အတတ်ပညာအတွက် စံနှုန်းများချမှတ်ပေးခြင်း စသည်တို့အတွက် ရှေ့ပြေးဦးဆောင်သည့် အခန်းကဏ္ဍတစ်ရပ်မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့ အစည်းများ၊ မီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

.............................................

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် မိုးပိုနေမည်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်နှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)ရှိ သတင်းစာပုံနှိပ်ထုတ်ဝေနေမှုအခြေအနေနှင့် ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။**(ယာပုံ)**



ဆက်လက်၍ မုံရွာမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူး ဦးတင်စိုးက စက်ရုံ၏ထုတ်လွှင့်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပင်လယ်ကမ်းခြေမှာ ဒီရေတားတဲ့ အတားအဆီးတွေလုပ်ထားမယ်ဆိုရင် ဒီရေတက်မှုကို အထိုက်အလျောက် ကာကွယ်လို့ရပါတယ်

**ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်း**

**မြန်မာနိုင်ငံ၏နေရာအချို့တွင် လတ်တလော ထူးကဲဒီရေ မြင့်တက်နေမှုများနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်-**

**မေး။ အခုလတ်တလောမှာ ထူးကဲဒီရေမြင့်တက်နေတာတွေ တွေ့ရပါတယ်။ ဒီရေဆိုတာ ဘယ်လိုသဘောသဘာဝရှိပါသလဲ။ ဒီရေနဲ့ပတ်သက်ပြီး အများပြည်သူတွေ သိရှိအောင် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ဒီရေဆိုတာက နှစ်မျိုးနှစ်စား သတ်မှတ်လို့ရပါတယ်။ ပထမတစ်ခုက ပုံမှန်အတိုင်း လပြည့်၊ လကွယ်နေ့တွေမှာ တက်တတ်တဲ့ ပုံမှန်ဒီရေပါ။ ကျွန်တော်တို့က ဒါကို ဘယ်လိုခေါ်သလဲဆိုရင် astronomical tide လို့ခေါ်ကြပါတယ်။ နောက်အမျိုးအစားတစ်ခုက မုန်တိုင်းဒီရေဖြစ်ပါတယ်။ မုန်တိုင်းဒီရေဆိုတာက မုန်တိုင်းတွေကမ်းကိုဖြတ်တိုက်တဲ့အခါမှာ လေရဲ့ပင့်တင်အားကြောင့် တက်လာတဲ့ လှိုင်းလုံးတွေကနေ ဖြစ်ပေါ်လာတဲ့ဒီရေကို ဆိုလိုတာပါ။ လက်ရှိရန်ကုန်အပါအဝင် ပင်လယ်ကမ်းစပ်နဲ့နီးတဲ့ဒေသတွေမှာ တက်နေတာက ပုံမှန်ဒီရေဖြစ်ပါတယ်။ ပုံမှန်ဒီရေမှာ တစ်နှစ်ကို နှစ်ခါ၊ သုံးခါလောက်တော့ ထူးကဲဒီရေဆိုတာမျိုး တက်တတ်ပါတယ်။ ထူးကဲဒီရေဆိုတာ ပုံမှန်တက်နေတဲ့ ဒီရေထက်ပိုများတဲ့ ဒီရေမြင့်တက်မှုကို ထူးကဲဒီရေလို့ ခေါ်ပါတယ်။

ရန်ကုန်မြစ်အတွင်းမှာ ထူးကဲဒီရေတက်နေတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထူးကဲဒီရေ တက်နိုင်တဲ့အချိန်ကိုကြည့်ပြီး ထုတ်ပြန်ပါတယ်။ ထူးကဲဒီရေဆိုတာမျိုးက လရဲ့ဆွဲအားကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်စေပါတယ်။ ဒါကို ပုံမှန်ဒီရေတက်တယ်လို့ဆိုပါတယ်။ လပြည့်၊ လကွယ်မှာတက်တဲ့ ဒီရေရှိပါတယ်။ ထူးကဲဒီရေကလည်း ဒီလပြည့်၊ လကွယ်မှာပဲ တက်ပါတယ်။ ပြီးခဲ့တဲ့ရက်တွေကဆိုရင် ရန်ကုန်မြစ်မှာ ထူးကဲဒီရေအဖြစ် ပေ ၂၀ ကျော်၊ ၂၂ ပေ၊ ၂၃ ပေလောက် ထိတက်ခဲ့ပါတယ်။

ထူးကဲဒီရေတက်တဲ့နေရာမှာဆိုရင်လည်း သတ်မှတ်ထားတာက ရန်ကုန်အတွက်ဆိုရင် အခြေခံရေစစ်မျဉ်းရှိတာထက်ပိုတယ်။ ဘယ်လောက်ထိပိုနိုင်သလဲဆိုတော့ ပုံမှန်တက်တဲ့ရေက ၁၀ ပေဆိုရင် အဲဒါထက်ပိုလာရင် ဒါကို ထူးကဲဒီရေလို့ ခေါ်ပါတယ်။ ဒီလိုဒီရေတက်တာမျိုးက များသောအားဖြင့် ပုံမှန်ဒီရေတက်တာလို့ ပြောလို့ရတယ်။ သို့သော် ထူးကဲဒီရေက တစ်နှစ်ကို တစ်ခါ၊ နှစ်ခါလောက်တော့ တက်တယ်။ ပုံမှန်ထက်ပိုတဲ့ ရေပြင်မြင့်တက်မှုပါ။ ဒါကိုကျွန်တော်တို့က ဒီရေတက်တယ်လို့ ခေါ်ပါတယ်။

**မေး။ ဒီရေက ဘယ်လိုအချိန်တွေမှာ တက်တာလဲ။ ဘာကြောင့် ဒီရေမြင့်တက်မှုတွေ ဖြစ်ပေါ်ရတာလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ဒီရေတက်တဲ့အချိန်တွေက လပြည့်နဲ့လကွယ်မှာ ဖြစ်ပါတယ်။ များသောအားဖြင့် မြန်မာလ ၁၅ ရက် လပြည့် သို့မဟုတ် ၁၅ ရက်လကွယ်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မျိုးတွေမှာ ဒီရေကပိုပြီး တက်တတ်ပါတယ်။ ဒါက ဒီရေတက်ရတဲ့အကြောင်းအရင်း တစ်နည်းပြောရရင် လရဲ့ဆွဲအားကြောင့်ဖြစ်တဲ့ ဒီရေ။ အဲဒီတော့ ဘယ်အချိန်မှာ ဖြစ်တတ်သလဲ၊ ဘာကြောင့် ဖြစ်တာလဲဆိုရင် လရဲ့ဆွဲအားကြောင့်ဖြစ်ပါတယ်။ ၁၅ ရက် လပြည့် သို့မဟုတ် ၁၅ ရက် လကွယ် အဲဒီလိုအချိန်မျိုးတွေမှာ ပိုပြီးတက်တတ်ပါတယ်။ လက်ရှိက ဘာကြောင့်ဒီရေတွေ တက်တာများလဲဆိုရင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်တွေများလာတယ်။ အပူချိန်တွေများတော့ ပင်လယ်ရေမျက်နှာပြင်တွေက မြင့်တက်လာတယ်။ ဘာကြောင့်ပင်လယ်ရေမျက်နှာပြင် မြင့်တက်သလဲဆိုရင် အန္တာတိကတိုက်မှာရှိတဲ့ ရေခဲပြင်တွေ အရည်ပျော်တဲ့အခါမှာ ပင်လယ်ရေမျက်နှာပြင်တွေမြင့်တက်လာတယ်။ မြင့်တက်လာတဲ့အချိန်မှာ အရင်တုန်းက နည်းနည်းတက်ရင် အခုပင်လယ်ပြင်မျက်နှာပြင်မြင့်တက်လာတဲ့ အခြေအနေမျိုးတွေရှိတဲ့အတွက် ဒီရေတက်မှုကို ပိုပြီးခံစားရပါတယ်။

ဘယ်လို နေရာတွေမှာဖြစ်သလဲဆိုတော့ များသောအားဖြင့် ပင်လယ်နဲ့ထိစပ်နေတဲ့ နေရာတွေက ဒီရေပိုတက်ပါတယ်။ ဒီရေက အတက်အကျရှိပြီး အမြဲတမ်း တက်မနေပါဘူး။ နေ့နဲ့ည ဒီရေတက်တဲ့ နှုန်းကလည်းကွာပါသေးတယ်။ နောက်တစ်ခါ မုန်တိုင်းကြောင့်တက်တဲ့ မုန်တိုင်းဒီရေကတော့ရှင်းပါတယ်။ မုန်တိုင်းတွေ ကမ်းကိုဝင်တဲ့အချိန်မျိုးမှာ မုန်တိုင်းဗဟိုနားမှာရှိတဲ့ လေတိုက်ခတ်နှုန်းနဲ့ သူ့ရဲ့လေထုဖိအား ကျဆင်းမှုနဲ့ပေါင်းပြီး ရေတွေကို ကုန်းပေါ်ဆွဲတင်ပြီး မုန်တိုင်းဖြတ်သန်းရာ ကမ်းစပ်တွေမှာ လေကနေပြီး ပင်လယ်ရေတွေကိုတွန်းတင်လိုက်တဲ့အခါမှာ ဒီရေတက်ပါတယ်။

**မေး။ အခုလို ပင်လယ်ဒီရေတက်မယ်၊ မတက်ဘူးဆိုတာ ကြိုတင်ခန့်မှန်းလို့ရပါသလား ဆရာ။**

ဖြေ။ နိုင်ငံတကာမှာ ဒီရေဘယ်အချိန်တက်မယ်၊ ဘယ်အချိန်ကျမယ်ဆိုတာကို များသောအားဖြင့် တွက်တာရှိပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ရှေးလူကြီးတွေပြောကြတာရှိပါတယ်။ လပြည့်၊ လကွယ်ဆိုရင် ပုံမှန်ဒီရေက တက်နေကျပါ။ ဒါကိုမူတည်ပြီး လူကြီးတွေက ဒီရေတက်နိုင်တဲ့အချိန်ကိုတောင် ခန့်မှန်းကြပါတယ်။ ဒါကမြန်မာ့နည်း မြန်မာ့ဟန် ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ရေတပ်ပင်မ တိုင်းတာရေးတပ်ဆိုတာရှိပါတယ်။ သူတို့က တစ်နှစ်စာ နေ့အလိုက်ဒီရေတက်နိုင်တဲ့ဇယားတွေကို ကမ်းစပ်နားမှာရှိတဲ့မြို့တွေအားလုံးအတွက် ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ဆိုရင်လည်း တစ်နှစ်စာလုံး ဒီရေအတက်အကျကို သိချင်ရင် ရေတပ်ပင်မ တိုင်းတာရေးကနေ ထုတ်ပြန်တဲ့ တစ်နှစ်စာအတွက် ခန့်မှန်းထားတဲ့ ဒီရေအတက်အကျဇယားနဲ့ ဒီရေဘယ်အချိန် တက်မလဲဆိုတာကို တွက်ချက်ရပါတယ်။ ကျွန်တော်တို့က မြန်မာ့နည်းမြန်မာ့ဟန်နဲ့ တွက်ကြတာပါ။ များသောအားဖြင့် လပြည့်၊ လကွယ်ကို အခြေခံထားပြီး တွက်တာများပါတယ်။

**မေး။ ဒီရေမြင့်တက်မှုနဲ့ ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်မှုအပိုင်းမှာရော ဘယ်လိုကြိုတင်ဆောင်ရွက်ထားသင့်ပါသလဲ။**

ဖြေ။ ပင်လယ်ကမ်းစပ်တွေမှန်သမျှက ဒီရေက အတက်အကျရှိတယ်။ နည်းတာနဲ့များတာပဲ ကွာသွားတာပါ။ အခု လို ထူးကဲဒီရေကျတော့လည်း ပုံမှန်တက်တာထက် ပိုများတဲ့ အနေအထားဖြစ်ပါတယ်။ ဒီရေတက်တာကို ဘယ်လိုကာကွယ်မလဲဆိုရင် များသောအားဖြင့် ချမ်းသာတဲ့ နိုင်ငံတွေမှာ အဓိကနေရာတွေမှာ ဒီရေတွေကို တားဆီးတဲ့ အတားအဆီးတွေကို ပင်လယ်ကမ်းခြေတစ်လျှောက်မှာ တည်ဆောက်ထားပါတယ်။

ဒါကပုံမှန်တက်တဲ့ လပြည့်၊ လကွယ် လရဲ့ဆွဲအားကို အကြောင်းပြုပြီးတက်တဲ့ ဒီရေအတွက်သာမက မုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဒီရေတက်မှုတွေ၊ ဆူနာမီ ရေလှိုင်းတွေ ကာကွယ်တဲ့ဟာမျိုးတွေအထိ သူတို့က ကာကွယ်ထားကြပါတယ်။ များသောအားဖြင့် ဒီရေတက်တာကို ကာကွယ်ဖို့ဆိုရင် ပင်လယ်ကမ်းခြေမှာ ဒီရေတားတဲ့ အတားအဆီးတွေလုပ်ထားမယ်ဆိုရင် ဒီရေတက်မှုကို အထိုက်အလျောက် ကာကွယ်လို့ရပါတယ်။

**ဟန်လင်းနိုင်**



ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ဩဂုတ် ၁၃ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကျော်ဇင်ဖြိုး)

# မော်တင်စွန်းကမ်းခြေ ပင်လယ်ရေတိုက်စားမှု ပိုများလာ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မော်တင်စွန်း(နတ်တောင်)ကမ်းခြေကို ပင်လယ်ရေတိုက်စားမှုပိုများလာကာ ကျောက်တန်းများပေါ်ထွန်းမှုများလာပြီး ကားများသွားလာ၍မရတော့ဘဲ ဆိုင်ကယ်များပင် ခက်ခဲစွာသွားလာနေရကြောင်းနှင့် ကမ်းခြေတစ်လျှောက် ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေတိုက်စားမှုများလာခြင်းကြောင့် တည်းခိုရိပ်သာအချို့ ထိခိုက်မှုများရှိလာပြီဖြစ်ကြောင်း သိရသည်။

**ကျောက်တန်းများပေါ်ထွန်းမှုများလာ**

ယခင်လများက ကမ်းခြေတစ်လျှောက် ပင်လယ်ရေတိုက်စားမှုများရှိနေပြီး နတ်တောင်ခြေရင်းနှင့် မော်တင်စွန်းတစ်ဝိုက်တွင် ကျောက်တန်းများပေါ်ထွန်းနေခဲ့သော်လည်း ကားနှင့်ဆိုင်ကယ်များ သွားလာ၍ရသေးသည်။ ပြီးခဲ့သည့် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ပင်လယ်ဒီရေမြင့်တက်ခဲ့ပြီးသည့်နောက်ပိုင်းတွင် ကျောက်တန်းများ ပေါ်ထွန်းမှုများလာရာ ကားများသွားလာ၍မရတော့ဘဲ ဆိုင်ကယ်များသာ ခက်ခဲစွာမောင်းနှင်သွားလာ၍ရကြောင်း သိရသည်။ ယခင်က မော်တင်စွန်းနှင့် နတ်တောင်ခြေအနီးတစ်ဝိုက်တွင် မိုးရာသီ၌ ကျောက်တန်းများ ပေါ်ထွန်းမှုမှာ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသော်လည်း ကားနှင့်ဆိုင်ကယ်များ သွားလာရေးအဆင်ပြေကြောင်း ဒေသခံများထံမှ သိရသည်။

**ကမ်းခြေတည်းခိုဆောင်များ ထိခိုက်မှုရှိလာ**

မော်တင်စွန်းနှင့် ကြာကန်ကျေးရွာအကြား ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေတိုက်စားမှုများရှိနေပြီး ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အတွင်း ပင်လယ်ဒီရေမြင့်တက်ခြင်းနှင့်အတူ ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုပြင်းခဲ့ခြင်းတို့ကြောင့် ကမ်းခြေတစ်လျှောက် ရှစ်ပေခန့် ရေတိုက်စားခြင်းခံခဲ့ရပြီး မြေအနိမ့်၊ အမြင့်ကိုလိုက်၍ လေးပေမှ ခုနစ်ပေခန့်အထိရှိသော ကမ်းပါးနံရံများအဖြစ် ကျန်ရှိလျက်ရှိသည်။ ထို့အပြင် ယင်းကမ်းခြေတစ်လျှောက် ဘုရားပွဲကာလများတွင် ဖွင့်လှစ်ရန်ဆောက်လုပ်ထားသော ဟိုတယ်မော်တင် တည်းခိုဆောင်အရှေ့ဘက်ရှိ ကမ်းထိန်းကျောက်တန်းပြိုကျခြင်း၊ မေခလာတည်းခိုဆောင်ရှိ ကမ်းခြေအနီး အဆောင်တစ်ခုပြိုကျခြင်း၊ ဇီးချိုင်ကျေးရွာကမ်းခြေမှ အေးချမ်းမြေ့ တည်းခိုဆောင်၏ စားသောက်ဆောင် လှိုင်းရိုက်၍ ပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအချိန်၌ တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်နေပြီး မိုးရွာသွန်းမှုများနေသော်လည်း ရေသေရက်များသို့ရောက်ရှိနေပြီဖြစ်၍ ပင်လယ်ရေတိုက်စားမှုနည်းသွားပြီဖြစ်ကြောင်း၊ ပင်လယ်ရေတိုက်စားမှုများမှာ ရေထရက်များတွင်အဖြစ်များပြီး လေဖိအားနည်းရပ်ဝန်းနှင့် မုန်တိုင်းတို့ရှိနေမည်ဆိုပါကလည်း ပင်လယ်ရေတိုက်စားမှုများ ဖြစ်ပေါ်နိုင်ကြောင်း ဇီးချိုင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



ပင်လယ်ရေတိုက်စားမှုကြောင့် ကျောက်တန်းပေါ်ထွန်းမှုများလာသော နတ်တောင်ကမ်းခြေကို တွေ့ရစဉ်။

## လားရှိုးမြို့နယ် ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံတို့၏ ရေပိုလွှဲမှ ရေကျော်နေသော်လည်း စိုးရိမ်ဖွယ်မရှိ

**လားရှိုး ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံငါးခုရှိသည့်အနက် လားရှိုးမြို့နယ်ရှိ ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ ရေလှောင်တမံတို့တွင် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီ မှစတင်၍ မိုးရေချိန် ၃ ဒသမ ၈၀ လက်မ ရွာသွန်းမှုကြောင့် ၎င်းတို့၏ ရေပိုလွှဲတို့မှ စတင်ရေကျော်နေပြီဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၆ ရက် နံနက် ၆ နာရီတွင် ဟူးမွန်ရေလှောင်တမံ၏ရေပိုလွှဲမှ ကန်ရေပြည့်အမှတ်(F.T.L) အထက် သုည ဒသမ ၆၀ ပေနှင့် ကောက်ကွေ့ရေလှောင်တမံ၏ရေပိုလွှဲမှ ကန်ရေပြည့် အမှတ်(F.T.L) အထက် သုည ဒသမ ၂၀ ပေ အသီးသီးရေကျော်ခြင်းဖြစ်ပြီး ၎င်းရေပိုလွှဲတို့မှ ရေကျော်စီးဆင်းနေသော ပိုလျှံရေများသည် တမံအောက်ဘက်ရှိ ချောင်းအတွင်းသို့ စီးဆင်းစေခြင်းသာဖြစ်၍ အန္တရာယ်မရှိကြောင်း တွေ့ရှိရသည်။

မိုးရွာသွန်းမှုကြောင့် ချောင်းတစ်လျှောက် စီးဝင်လာသည့် ရေများကို ရေလှောင်တမံက လက်ခံနိုင်သည့် ပမာဏအထိ သိုလှောင်ထားရှိပြီး ပိုလျှံသောရေများကို ရေပိုလွှဲမှ မူလချောင်းအတိုင်း စနစ်တစ်ကျ စီးဆင်းစေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

ဟူးမွန်ရေလှောင်တမံနှင့် ကောက်ကွေ့ရေလှောင်တမံတို့၏ ရေပိုလွှဲမှ ရေကျော်စီးဆင်းခြင်းသည် တမံအောက်ဘက်ရှိ ပြည်သူလူထုအတွက် တစ်စုံတစ်ရာ စိုးရိမ်ဖွယ်မရှိပါကြောင်းနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းနေစဉ်အတွင်း တမံများကြံ့ခိုင်ကောင်းမွန်ကြောင်း သိရသည်။

**တင်လှ(မန်းကိုယ်ပွား)**

**❂ ရှေ့ဖုံးမှ**

ပြည်သူများ၏ အကျိုးစီးပွားနှင့် တည်ဆဲဥပဒေများကိုမျက်ကွယ်ပြုလျက် မိမိတို့၏ အတ္တအကျိုးစီးပွားဖြစ်ထွန်းရေးအတွက်သာ ရည်ရွယ်ပြီး ဥပဒေဖြင့် တရားဝင် ပိတ်ပင်တားမြစ်ထားသည့် လုပ်ငန်းများကို ချိုးဖောက်ကျူးလွန်နေသည့် လုပ်ရပ်များကို အစိုးရ၊ ပြည်သူအများ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာကွယ်နှိမ်နင်းရမည်ဖြစ်ပါသည်။ သို့မှသာလျှင် ပြည်သူတို့ မျှော်လင့်တောင့်တသည့် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသည့် လူမှုအသိုက်အဝန်းမျိုး ရရှိမည်ဖြစ်ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းခြောက်ခုတွင် တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိပြီး မှတ်တမ်းများအရ ယခုအခါ စုစုပေါင်းကောင်ရေ ၁၅၀ ခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်ခန့်မှစ၍ ဆင်စွယ်နှင့် ဆင်နှာမောင်းများ တရားမဝင်ရောင်းဝယ်မှုများကြောင့် တောဆင်ရိုင်းများမှာ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုခံခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ တောဆင်ရိုင်းများသတ်ဖြတ်ခံရမှု ပိုမိုများပြားလာခဲ့ပြီး ယခုအခါ ဆင်စွယ်နှင့် ဆင်နှာမောင်းသာမက ဆင်သားရေနှင့်ဆင်သား တရားမဝင်ရောင်းဝယ်မှုများပါရှိနေပြီ ဖြစ်ပါသည်။ အဆိုပါ တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS-Myanmar)၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ (WWF) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးသည် ၂၀၁၃ ခုနှစ်၊ တင်းချောင်းကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်နေစဉ်ကတည်းကပင် တောဆင်ရိုင်းများသတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေး လုပ်ငန်းများတွင်လည်းကောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တပ်ဖွဲ့တို့နှင့်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ထိုသို့ပူးပေါင်း ဆောင်ရွက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် ဆင်သတ်တရားခံနှစ်ဦးနှင့် ဆင်သတ်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင်လည်း ဆင်သတ်ရာတွင်အသုံးပြုသည့် တူမီးသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့် ဂုဏ်ပြုဆုနှင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WWF) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) တို့ပူးပေါင်း၍ "ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု"ကို ပေးအပ်ဂုဏ်ပြု ချီးမြှင့်ခဲ့ပါသည်။

၄။ ဦးကျော်မြင့်ထွန်း၏ အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများဖြစ်ကြသဖြင့် ဦးကျော်မြင့်ထွန်းမှာ ငယ်ရွယ်စဉ်ကတည်းက ဆင်များ၏ အသုံးဝင်မှုတန်ဖိုးကို သိရှိနားလည်ခဲ့သူဖြစ်ကာ တောဆင်ရိုင်းများ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ တပ်၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသူတစ်ဦးဖြစ်ပါသည်။

၅။ သို့ဖြစ်၍ ယခုနှစ် ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးကျော်မြင့်ထွန်း(ခ)ဦးထွန်းလေးအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၆။ ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးနည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသားစိတ်ဓာတ်ကိုအရင်းခံလျက် ထက်သန်သော လုံ့လဝီရိယဖြင့် ကြိုးပမ်းဖြည့်ဆည်း ဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**



# မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ အလုပ်ရှင်များအတွက် လက်စွဲစာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံရှိအလုပ်ရှင်များအတွက် မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ် ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ အလုပ်ရှင်များအတွက် မသန်စွမ်းသူများအားအလုပ်ခန့်ထားခြင်းဆိုင်ရာ လက်စွဲစာအုပ် ပေါ်ထွက်လာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိသော AAR (Japan) နှင့် Myanmar Centre for Responsible Business တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ INGO၊ NGO တို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် အမျိုးသားကော်မတီကို ဖွဲ့စည်းခြင်း၊ မဟာဗျူဟာရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်တိုင်းတွင် အစိုးရဝန်ကြီးဌာနပေါင်းစုံ ပါဝင်ဆောင်ရွက်လျက်ပါကြောင်း၊ မသန်စွမ်းသူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ လိုပါကြောင်း၊ အားလုံး အကျုံးဝင်ပညာရေးစနစ်၊ မသန်စွမ်းများအတွက် ICTနည်းပညာ အသုံးပြုသည့် အသက်မွေးဝမ်းကျောင်းပညာရေး၊ မသန်စွမ်းအဆင့်သတ်မှတ်ပြီး ထိရောက်သော ပံ့ပိုးမှုပေးနိုင်ရေးတို့ဖြင့် မသန်စွမ်းသူများ မိမိကိုယ်တိုင် ဘဝရပ်တည်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်ရှင်များအနေဖြင့် အလုပ်သမားဥပဒေ၊ အလုပ်သမား အခွင့်အရေးတို့တွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်စားဆောင်ရွက်ရေး၊ ကိုယ်ချင်းစာစိတ်ထားရှိဆောင်ရွက်ရေး၊ မသန်စွမ်းသူများ အလုပ်ရရှိရေးအတွက် ဝေပုံကျနှုန်းထား ထားရှိဆောင်ရွက်ရန် ကြိုးပမ်းရေး၊ မသန်စွမ်းသူများကလည်း မိမိတို့ရရှိသည့် အခွင့်အရေးများနှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းအသင်းချုပ်နှင့် Myanmar Centre for Responsible Business မှ တာဝန်ရှိသူများက မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားကြသည်။

အလားတူ Myanmar Centre for Responsible Business နှင့် AAR (Japan) တို့မှ တာဝန်ရှိသူများက လက်စွဲစာအုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာသူများက လက်စွဲစာအုပ်၊ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ တိုးတက်မှုအခြေအနေများ၊ လိုအပ်ချက်များ၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်သမားရေးရာကဏ္ဍများ၊ ဆက်စပ်ဆောင်ရွက်ရန် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဦးကျော်မြင့်ထွန်း(ခ)ဦးထွန်းလေး
# (တောဆင်ရိုင်းများထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး သူရဲကောင်း)



၁။ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းတွင် ဆင်မှုံ၊ မြစ်တစ်ရာ၊ ဆင်မ၊ မဲဇလီ၊ သစ်ပုတ်၊ မဲခရဲဟု ခေါ်ဆိုသော သစ်တောကြိုးဝိုင်း ခြောက်ခုရှိပြီး စုစုပေါင်းအားဖြင့် သစ်တောကြိုးဝိုင်း ဧရိယာ ၂၆၉၆၅၇ ဒသမ ၆၈ ဧကနှင့် သစ်တောကြိုးဝိုင်းဧရိယာ ၁၄၇၉၉၃ ဧကရှိပါသည်။ ၎င်းသစ်တောကြိုးဝိုင်းအတွင်း တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိပြီး မှတ်တမ်းများအရ ယခုအခါ စုစုပေါင်းကောင်ရေ ၁၅၀ ခန့်ရှိပါသည်။ ၂၀၁၁ ခုနှစ်ခန့်မှစ၍ ဆင်စွယ်နှင့် ဆင်နှာမောင်းများ တရားမဝင်ရောင်းဝယ်မှုများကြောင့် တောဆင်ရိုင်းများမှာ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုခံခဲ့ရပါသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှု ပိုမိုများပြားလာခဲ့ပြီး ယခုအခါ ဆင်စွယ်နှင့် ဆင်နှာမောင်းသာမက ဆင်သားရေနှင့် ဆင်သား တရားမဝင် ရောင်းဝယ်မှုများပါရှိနေပြီဖြစ်ပါသည်။ ဆင်သတ်မုဆိုးတို့၏ သတ်ဖြတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေလအထိ တောဆင်ရိုင်း ၅၉ ကောင် သတ်ဖြတ်ခံခဲ့ရပါသည်။

၂။ အဆိုပါ တောဆင်ရိုင်းများအား ဆင်သတ်မုဆိုးများရန်မှ ကာကွယ်စောင့်ရှောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WCS-Myanmar)၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့(WCS) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် တင်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လျက်ရှိသော ဦးကျော်မြင့်ထွန်း(ခ) ဦးထွန်းလေးသည် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။

၄။ ဦးကျော်မြင့်ထွန်းသည် ၂၀၁၃ ခုနှစ် တင်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်နေစဉ်ကတည်းကပင် တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုမှ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ဆင်သတ်တရားခံများ လိုက်လံဖမ်းဆီးရေး လုပ်ငန်းများတွင်လည်းကောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ တပ်ဖွဲ့တို့နှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၁၆ ခုနှစ်တွင် ဆင်သတ်တရားခံ နှစ်ဦးနှင့် ဆင်သတ်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင်လည်း ဆင်သတ်ရာတွင် အသုံးပြုသည့် တူမီးသေနတ် လေးလက်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပါသည်။ ထို့ကြောင့် ဦးကျော်မြင့်ထွန်းအား မြို့နယ်အဆင့် ဂုဏ်ပြုဆုနှင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည့်အပြင် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့ (WCS) နှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးမိတ်ဆွေများအသင်း (FOW)တို့ ပူးပေါင်း၍ "ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု"ကို ပေးအပ်ဂုဏ်ပြု ချီးမြှင့်ခဲ့ပါသည်။

၅။ ဦးကျော်မြင့်ထွန်း၏ အဘိုး၊ အဖေတို့မှာ ကိုယ်ပိုင်ဆင်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့ကြသူများဖြစ်ကြသဖြင့် ဦးကျော်မြင့်ထွန်းမှာ ငယ်စဉ်ကတည်းက ဆင်များ၏ အသုံးဝင်မှုတန်ဖိုးကို သိရှိနားလည်ခဲ့သူဖြစ်ကာ ဆင်မုဆိုးများ၏ သတ်ဖြတ်ခံရမှုများမှ ကာကွယ်ခြင်းနှင့် တောဆင်ရိုင်းများ ကျန်းမာစွာ ရှင်သန်နေထိုင်ပေါက်ပွားရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ တပ်၊ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိသူတစ်ဦး ဖြစ်ပါသည်။

## ဒိုက်ဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး စက်ရေတွင်းတူးဖော်


**ဒိုက်ဦး ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ခုနှစ် ပထမ(၆)လပတ်တွင် ပြည်သူ၊ ကျေးလက်၊ Unicef တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး ပသွယ်ကျေးရွာအုပ်စု ကညင်တပင်ကျေးရွာ၌ လေးလက်မတွင်းနက် တစ်တွင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တစ်လုံး၊ ရေစက်ရုံတစ်ရုံတို့ကို ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ဩဂုတ် ၁၆ ရက်တွင် ပြီးစီးခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၅ အိမ်၊ လူဦးရေ ၂၃၀ တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

ပုဂ္ဂလိကစွမ်းအား ပြည်ထွင်းကား စီးပွားရေးစကားဝိုင်း

# ဘယ်လိုသီးနှံတွေက ဈေးကွက်ရှိသလဲဆိုတာ အမြန်ဆုံးဖော်ထုတ်ဖို့ လိုအပ်နေပြီလို့ ပြောချင်ပါတယ်


ဦးမြင့်လွင်


ဦးတိုးအောင်မြင့်


ဦးအောင်နိုင်ဦး

**(ယမန်နေ့မှ အဆက်)**

**အစီအစဉ်မှူး။** ။ မကြာမီမှာ လုပ်ငန်းကဏ္ဍနယ်ပယ်စုံပါဝင်တဲ့ ပဲဖိုရမ်ကိုကျင်းပသွားမယ်လို့ သိရပါတယ်။ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ကျင်းပပြုလုပ်မယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်။** ။ ပဲဖိုရမ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့မှာ ကျင်းပပါမယ်။ ပဲဖိုရမ်အကြောင်းမပြောသေးခင် လက်ရှိ မြန်မာနိုင်ငံရဲ့ ပဲဈေးကွက်အခြေအနေကိုလည်း အနည်းငယ်ရှင်းပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ စီးပွားရေးဖြစ်ပြီး နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်ငန်းခွင်အတွင်းမှာ အများဆုံး နေထိုင်ကြပါတယ်။ အဲဒီထဲမှာ ဆန်စပါးဟာ အများဆုံးစိုက်ပျိုးတဲ့ သီးနှံဖြစ်ပြီး ဒုတိယအများဆုံး စိုက်ပျိုးကြတာက ပဲဖြစ်ပါတယ်။ ပဲတင်ပို့မှုဆိုရင် နှစ်စဉ် တန်ချိန် တစ်သန်းခွဲလောက်အထိ နိုင်ငံခြားကို တင်ပို့နေရတဲ့ သီးနှံလည်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်လောက်မှာ ပဲဈေးနှုန်းဟာ အတော်လေးကို မြင့်တက်လာခဲ့ပါတယ်။ ပဲလောကမှာ ထပ်ပြီးခွဲခြားနိုင်တာက ဈေးကွက်တစ်ခုတည်းကို မှီခိုနေကြတဲ့ ပဲနဲ့ ဈေးကွက်အများကြီးကို မှီခိုတဲ့ ပဲဆိုပြီး နှစ်ပိုင်းခွဲလို့ရပါတယ်။

### အများဆုံးတင်ပို့

**အများဆုံးတင်ပို့တဲ့ပဲက မတ်ပဲ ဖြစ်ပါတယ်။ နှစ်စဉ် တန်ချိန် ငါးသိန်းကနေ ခုနစ်သိန်းအထိ ဈေးကွက်လိုအပ်ချက်အရ တင်ပို့ခဲ့ရပါတယ်။ ပဲတီစိမ်းကို ဒုတိယအများဆုံး တင်ပို့ကြရပြီး ပဲစင်းငုံကို တတိယအများဆုံး တင်ပို့ကြရပါတယ်။ ပဲတန်ချိန် တစ်သန်းကျော် တင်ပို့နေကြတဲ့အခါ တစ်သန်းလောက်ဟာ ဒီပဲသုံးမျိုးတင်ပို့မှုကပဲ ဖြစ်ပါတယ်။ ကျန်တဲ့ ပဲအမျိုးအစားတွေကတော့ အနည်းအကျဉ်းသာ ပြည်ပသို့ တင်ပို့ရောင်းချပါတယ်။**

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေကြရတဲ့ ပဲတွေကတော့ မတ်ပဲနဲ့ ပဲစင်းငုံဖြစ်ပါတယ်။ မတ်ပဲတင်ပို့မှု စုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းဟာ အိန္ဒိယကို တင်ပို့ရတာဖြစ်ပြီး တိုက်ရိုက်ပို့ကြသလို မလေးရှားနဲ့ စင်ကာပူတို့ကနေ တစ်ဆင့်လည်း တင်ပို့ရတာရှိပါတယ်။ ပဲစင်းငုံဟာဆိုရင်လည်း အိန္ဒိယကို ၉၅ ရာခိုင်နှုန်းလောက်အထိ တင်ပို့ရပါတယ်။

### ဈေးကွက်အနေအထားကို သတိမထားမိ

၂၀၁၅ ခုနှစ်နှစ်စလောက်မှာ တစ်ဖက်ဈေးကွက်ရဲ့ လိုအပ်ချက်အရ ပုံမှန်ဖြစ်နေတဲ့ဈေးနှုန်း တစ်တန်ကို ငါးသိန်း၊ ခြောက်သိန်းလောက်ကနေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ မတ်ပဲဆိုရင် တစ်တန်ကို ၂၃ သိန်း၊ ပဲစင်းငုံဆိုရင် တစ်တန်ကို ၁၆ သိန်းလောက်အထိ မြင့်တက်ခဲ့ပါတယ်။ ဈေးကွက်က တောင်းဆိုတယ်၊ ဈေးကောင်းကလည်း ရတယ်ဆိုပြီး ဒီအပေါ်မှာ စုပြုံစိုက်လာတဲ့အခါ တစ်ဖက်နိုင်ငံရဲ့ ဈေးကွက်အနေအထားကို သတိမထားမိလိုက်ကြဘူး ဖြစ်သွားတယ်။

၂၀၁၆-၂၀၁၇ စိုက်ပျိုးရာသီမှာ ရာသီဥတုကလည်း ကောင်းမွန်တဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ နှစ်စဉ် ပဲထုတ်လုပ်မှုဟာ မူလက တန်ချိန် ၁၇ သန်းလောက်ရှိရာကနေ ၂၃ သန်းအထိ ငါးသန်းကျော်လောက် တိုးတက်ထုတ်လုပ်ထားတယ်။ သူ့နိုင်ငံကို တင်ပို့တဲ့ ပဲအရေအတွက်ကို သူတို့ပြည်တွင်းကနေ ဖြည့်တင်းနိုင်သလောက်ဖြစ်လာတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်မှာ သူတို့ ပဲလိုအပ်ချက်က အတော်လေးပြည့်စုံနေပြီ။ ကျွန်တော်တို့ဘက်ကိုလည်း အစိုးရချင်း စာချုပ်ချုပ်ဆိုဖို့အတွက် အတော်လေးဆွေးနွေးခဲ့ပါတယ်။ ကိုယ့်ဘက်က တောင်သူတွေ၊ ကုန်သည်တွေက အဲဒီအချိန်က ဈေးကလည်းမြင့်နေသေးတဲ့အတွက် စိုးရိမ်မှုသိပ်မရှိခဲ့ကြဘူး။

### အခွန်ကင်းလွတ်ခွင့်ရ

၂၀၁၇ ခုနှစ် ဩဂုတ်မှာ ပြဿနာစပြီးတက်ပါတယ်။ ပဲဈေးက တအိအိနဲ့ နိမ့်ဆင်းလာတယ်။ အရင်က တစ်တန်ကို သိန်း ၂၀ ကျော်ရာကနေ ၁၀ သိန်းအောက်အထိ ကျဆင်းလာတယ်။ အဲဒီအချိန်မှာ အိန္ဒိယကလည်း သူတို့နိုင်ငံမှာ အဓိကပဲတွေကို အနိမ့်ဆုံးဝယ်ဈေး Minimum Support Price (MSP) သတ်မှတ်ပေးပါတယ်။ အဲဒီဈေးထက်ကို လက်တွေ့မှာ ဈေးကွက်ထဲက ဈေးကကျလာတဲ့အတွက် ကျွန်တော်တို့နိုင်ငံက တင်သွင်းတဲ့ ပဲတွေအပါအဝင် တစ်ကမ္ဘာလုံးက တင်သွင်းတဲ့ ပဲတွေကို ကိုတာ (Quota) သတ်မှတ်ခြင်း၊ အခွန်မြှင့်ခြင်း ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့နိုင်ငံက အခွန်ကင်းလွတ်ခွင့်ရပါတယ်။

အခွန်ကင်းလွတ်ခွင့်ပေးတဲ့ အာဆီယံနိုင်ငံ အပါအဝင် နိုင်ငံအချို့ကိုတော့ ကိုတာ(Quota) သတ်မှတ်ပြီး နိုင်ငံကြီးတွေဖြစ်တဲ့ ကနေဒါတို့ ဩစတြေးလျတို့ကိုတော့ အခွန်နှုန်းတွေကို တိုးမြှင့်လိုက်ပါတယ်။ ဒါကြောင့် အိန္ဒိယကို ပဲတင်ပို့တဲ့ နိုင်ငံတွေအားလုံးမှာ ဂယက်ရိုက်ပါတော့တယ်။ ဩဂုတ်လ ကိုတာ(Quota) စတင်သတ်မှတ်ကတည်းက ဈေးနှုန်းကျဆင်းခဲ့တဲ့ မြန်မာ့ပဲဟာလည်း ကိုတာ(Quota)ပထမနှစ်မှာ ပဲစင်းငုံတန်ချိန် နှစ်သိန်းနဲ့ မတ်ပဲနဲ့ ပဲတီစိမ်း HS ကုတ်တူညီတဲ့အတွက် တန်ချိန် သုံးသိန်း သတ်မှတ်ပြီး မတ်လကုန်တဲ့အထိ ဝယ်ပါတယ်။ ကိုတာ(Quota) သတ်မှတ်ပြီးနောက်မှာ ဈေးတွေက တောက်လျှောက်ကျဆင်းနေပါတယ်။

ကျွန်တော်တို့က ၂၀၁၇ ခုနှစ်ကစပြီး ပဲပြဿနာစဖြစ်ပြီဆိုကတည်းက မတ်ပဲကိုတော့ ရာသီချိန်က အောက်တိုဘာလစစိုက်တဲ့အတွက် ကြိုတင်ပြီး မစိုက်သင့်ဘူးလို့ အကြံပေးတာရှိပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် မပြောနိုင်ခဲ့တဲ့အတွက် မတ်ပဲအထွက်နှုန်းဟာ အများကြီး လျော့ကျသွားတာမရှိခဲ့ပါဘူး။ နှစ်စဉ်တန်ချိန် ခြောက်သိန်းလောက်ထွက်ရာကနေ လေးသိန်းလောက်တော့ ထွက်လာပါတယ်။ ပဲစင်းငုံကတော့ မနှစ်က မိုးလေဝသကြောင့် သိပ်မထွက်နိုင်ခဲ့ဘူး။

### အကြိမ်ကြိမ် ဆွေးနွေး

၂၀၁၈-၂၀၁၉ အိန္ဒိယ စိုက်ပျိုးရာသီအတွက် ကြိုတင်စဉ်းစားပြီး ဘယ်လိုစီမံဆောင်ရွက်ရမလဲဆိုတာကို ပြင်ဆင်ဖို့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အိန္ဒိယနိုင်ငံက တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါတယ်။ သူတို့ဘက်မှာလည်း အခက်အခဲ ကြီးကြီးမားမား တွေ့ကြုံနေရတာရှိပါတယ်။ သူတို့ပြည်တွင်းက ထွက်တဲ့ ပဲတောင် သူတို့ သတ်မှတ်ပေးထားတဲ့ Minimum Support Price နဲ့ မဝယ်နိုင်တဲ့အတွက် ခက်ခဲနေကြရပါတယ်။ ၂၀၁၈ ခုနှစ် မေ ၄ ရက်မှာ ကိုတာ (Quota) အသစ်တစ်ခုကို စတင်ပြီး သတ်မှတ်ပေးခဲ့ပါတယ်။ အားလုံးမျှော်လင့်တာက ကိုတာ(Quota) အသစ်သတ်မှတ်ရင် ဈေးတွေ ပြန်တက်လာမယ်လို့ မျှော်လင့်ခဲ့ကြတာပါ။ ဒါပေမယ့် ဖြစ်မလာပါဘူး။

ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ Trade Negotiation တွေကို အခြေအနေတွေပေါ်မှာ လေ့လာသုံးသပ်ဆောင်ရွက်ကြတဲ့အခါ သူတို့မှာ ကျွမ်းကျင်သူတွေရှိတဲ့အတွက် ပဲလိုင်စင်ကို ဇွန် ၁ ရက်ကစပြီး ထုတ်ပေးတယ်။ ထုတ်ပေးတဲ့ ပဲလိုင်စင်ကို စုပြုံထုတ်ပေးတာမျိုးမဟုတ်ဘဲ တဖြည်းဖြည်းချင်းထုတ်ပေးခဲ့တယ်။ ပဲစင်းငုံကိုတော့ တန်ချိန် နှစ်သိန်း တင်သွင်းခွင့်ပြုတယ်။ ပြည်တွင်းမှာ နှစ်သိန်းလောက်ပဲ ကျန်မယ်။ သူက ပြဿနာမရှိပေမယ့် မတ်ပဲကျတော့ မတ်ပဲတန်ချိန် တစ်သိန်းခွဲနဲ့ ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲလို့ပြောတော့ မတ်ပဲက ဒီနိုင်ငံမှာ လက်ကျန်က များနေတော့ ရောင်းချင်တဲ့သူကများပြီး ဈေးတွေက ပိုကျဆင်းလာတယ်။ Supply နဲ့ Demand အခြေအနေကို ကျွမ်းကျွမ်းကျင်ကျင် သုံးသွားတာပါ။

သူတို့ဆီက ပဲခွဲစက်လုပ်ငန်းရှင်တွေကို ပဲတင်သွင်းခွင့်လိုင်စင်ပေးတယ်။ သူတို့က ကျွန်တော်တို့ဆီက ပဲတွေကို ဈေးနှိမ်ဝယ်ကြရာမှာ အခုနောက်ဆုံး ဇူလိုင်လကုန် ဩဂုတ်လဆန်းအထိဆိုရင် သူတို့နိုင်ငံရဲ့ အနိမ့်ဆုံးဈေးထက် များစွာနည်းလာခဲ့တယ်။ လက်ရှိ သူတို့သတ်မှတ်ထားတဲ့ Minimum Support Price ဟာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၄၀ ပါ။ သူတို့နိုင်ငံတွင်းမှာ ပဲတစ်တန်ကို ဒေါ်လာ ၅၄၀ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကနေ FOB စနစ်နဲ့ ဝယ်တဲ့ဈေးကတော့ တစ်တန်ကို ဒေါ်လာ ၂၉၀ ဝန်းကျင်ပဲရှိပါတယ်။ တင်သွင်းခွင့်ရတဲ့လူတွေက တစ်တန်ကို ဒေါ်လာ ၂၀၀ ကျော် အမြတ်ရနေတယ်။

### အမြန်ဆုံးဖော်ထုတ်

**ဒီဈေးနဲ့ ကြည့်မယ်ဆိုရင် တောင်သူတွေဟာ ထုတ်လုပ်မှုကုန်ကျစရိတ်တောင် ပြန်မရနိုင်အောင်ကို ရှုံးနိုင်ပါတယ်။ ကုန်သည်တွေကလည်း ရှုံးနေကြပြီ။ ဒါတွေကို ကျွန်တော်တို့က ဒီအတိုင်းနေလို့မရတော့ပါဘူး။ သတင်းစာတွေ၊ ဂျာနယ်တွေမှာလည်း နည်းနည်းစီပြောနေတာတော့ ရှိပါတယ်။ ဒီမှာရှိတဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေရော၊ ရောင်းဝယ်နေတဲ့ ကုန်သည်တွေအားလုံးနဲ့ ဆွေးနွေးပြီး ဥပမာ ဒီပဲတွေကို မစိုက်ရင် တခြား**

**“မိမိကုန်ပစ္စည်းဟာ ဈေးကွက်ထဲမှာ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရမယ်။ အရည်အသွေးအရလည်း ယှဉ်ပြိုင်နိုင်ရမယ်။ ဈေးကွက်လိုအပ်ချက်ရှိတဲ့ အချိန်မှာ အချိန်ကိုက်ပေးပို့နိုင်မှသာ အောင်မြင်မှာ၊ ဈေးကွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ စိုက်ပျိုးထုတ်လုပ်တိုင်း ထုတ်လုပ်မှုစရိတ်ကကြီးပြီး နိုင်ငံခြားပို့ရမယ့်ဈေးကနည်းလို့ တွက်ခြေမကိုက်တဲ့ ဘေးကလွတ်မြောက်မှာပါ။ ဒါကြောင့် တွက်ခြေကိုက်နိုင်အောင် တွက်ချက်စိုက်ပျိုးကြပါ”**

## အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်

**ဘယ်သီးနှံကို ပြောင်းလဲစိုက်ပျိုးကြမလဲ။ ဘယ်လိုသီးနှံတွေက ဈေးကွက်ရှိသလဲ စတာတွေကို အမြန်ဆုံးဖော်ထုတ်ဖို့ လိုအပ်နေပြီလို့ ပြောချင်ပါတယ်။**

မနှစ်ကတည်းက အစည်းအဝေးတွေကနေပြီး ပဲစိုက်ပျိုးတဲ့အခါ သိထားရမယ့်အချက်တွေ၊ မစိုက်သင့်တဲ့အကြောင်းတွေကို ပြောတာရှိပေမယ့် မထိရောက်ခဲ့ဘူး။ အခုတော့ မတ်ပဲ အဓိကစိုက်တဲ့နေရာတွေဖြစ်တဲ့ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတွေမှာ ဘယ်လိုသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးကြမလဲ၊ ပဲတီစိမ်းပြောင်းစိုက်မယ်ဆိုရင်ကော ဈေးကွက်အနေအထား ဘယ်လိုဖြစ်မလဲ၊ မဟုတ်ရင် ပြောင်းစိုက်ကြမလား။ ဒါမှမဟုတ် ကုလားပဲစိုက်မလား၊ ပဲနီလို့ခေါ်တဲ့ ပဲရာဇာ ပြောင်းစိုက်မလား။ တရုတ်ကနေ နှစ်စဉ်တန်ချိန် သန်းပေါင်း ဆယ်ဂဏန်း ဝယ်ယူတင်သွင်းနေတဲ့ ပဲပုပ်ပြောင်းစိုက်ရင် ရမလား။ ဒီလိုအချက်တွေကို ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့တွေနဲ့ တောင်သူတွေ ဝိုင်းဝန်းဆွေးနွေးပြီး နည်းလမ်းရှာကြဖို့အတွက် ပဲဖိုရမ်ကို ကျင်းပဖို့ စီစဉ်ရခြင်း ဖြစ်ပါတယ်။

**အကြမ်းအားဖြင့်တော့ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်တို့ကနေ ပူးပေါင်းပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကုန်စည်ဒိုင်တွေ၊ စိုက်ပျိုးတဲ့သူတွေဆီက ကိုယ်စားလှယ်တွေ၊ ပညာရှင်တွေနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေအားလုံး ဝိုင်းဝန်းဆွေးနွေးကြမှာပါ။ အခု မကြာမီမှာပဲ မိုးစပါးကာလပြီးဆုံးလို့ ပဲစိုက်ပျိုးချိန် ရောက်ရှိလာပါတော့မယ်။ ဆောင်းသီးနှံစချိန်မှာ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။**

### ထွက်ပေါက်တွေရလာဖို့

လက်ရှိ အခြေအနေကနေ ထွက်ပေါက်တွေရလာဖို့ လက်ရှိအခက်အခဲနဲ့ နောင်ကြုံရမယ့် အခက်အခဲအနေအထားတွေမှာ ပဲစိုက်တောင်သူတွေ ဘာလုပ်မလဲ၊ နိုင်ငံခြားကို ဘယ်လိုသီးနှံ တင်ပို့မလဲဆိုတာကို သိထားမှဖြစ်ပါမယ်။ အထူးသဖြင့် သတိထားရမယ့်အချက်တွေက မိမိကုန်ပစ္စည်းဟာ ဈေးကွက်ထဲမှာ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ရမယ်။ အရည်အသွေးအရလည်း ယှဉ်ပြိုင်နိုင်ရမယ်။ ဈေးကွက်လိုအပ်ချက်ရှိတဲ့အချိန်မှာ အချိန်ကိုက်ပေးပို့နိုင်မှသာ အောင်မြင်မှာ၊ ဈေးကွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ စိုက်ပျိုးထုတ်လုပ်တိုင်း ထုတ်လုပ်မှုစရိတ်ကကြီးပြီး နိုင်ငံခြားပို့ရမယ့်ဈေးက နည်းလို့ တွက်ခြေမကိုက်တဲ့ ဘေးကလွတ်မြောက်မှာပါ။ ဒါကြောင့် တွက်ခြေကိုက်နိုင်အောင် တွက်ချက်စိုက်ပျိုးကြပါလို့ တင်ပြလိုပါတယ်။

**အစီအစဉ်မှူး။** ။ တောင်သူလယ်သမားတွေရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် စားသုံးသူရေးရာ ဦးစီးဌာနက ဘယ်လိုဆောင်ရွက်မှုမျိုးတွေ လုပ်ဆောင်နေပါသလဲဆိုတာနဲ့ ပြည်တွင်းကုန်သွယ်မှု တိုးတက်ရေးအတွက်ရော ဘယ်လိုလုပ်ငန်းတွေ လုပ်ဆောင်နေသလဲ ဆိုတာကိုလည်း သိချင်ပါတယ်ခင်ဗျာ။

**ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်။** ။ ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်း ခဲ့တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ ပြဋ္ဌာန်းထားချက်အရ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနကနေ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို တာဝန်ယူပြီး ဆောင်ရွက်နေပါတယ်။

### စဉ်ဆက်မပြတ် ဆောင်ရွက်


ဒီအဖွဲ့ကနေ တောင်သူတွေထုတ်လုပ်တဲ့ သီးနှံတွေရဲ့ ဈေးကွက်အလားအလာ၊ သီးနှံဈေးနှုန်းဖြစ်ပေါ်နိုင်မယ့် အခြေအနေ၊ ပြည်ပဝယ်လိုအား စတာတွေကို သုံးသပ်ပြီး သတင်းဖြန့်ဝေပေးပါတယ်။ **စာမျက်နှာ ၁၁ သို့**

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာအခမ်းအနား ကိုးမျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာမင်္ဂလာကိုးမျိုးအနက် အနန္တရာယိက မြေသန့် မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဇွန် ၁၉ ရက်တွင် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပခဲ့ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ ငါးမျိုးကိုလည်း ဆက်လက်ဆောင်ရွက်



သွားမည်ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ
(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးရဲအောင်နိုင် စီမံဌာနမှူး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၃၃၀၅၂၂၅၈
(ခ) ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၇၃၂၄၄၁၄၇၊ ၀၁-၃၇၁၀၈၉
(ဂ) ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၂၅၀၀၀၃၁၈၀၊ ၀၁-၂၉၂၁၆၉
(ဃ) ဦးမြင့်အုန်း ရုံးအဖွဲ့မှူး ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၉-၂၅၀၆၇၇၂၈၉၊ ၀၁-၆၆၁၀၀၂
(င) ဦးမောင်မောင်ဦး အတွင်းရေးမှူး ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၇၇၀၃၅၄၉၈
(စ) ဦးချစ်ကိုကို ရုံးအဖွဲ့မှူး ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၇၉၇၁၃၁၈၇၃
(ဆ) ဦးစိုးလင်း ဥက္ကဋ္ဌ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၂၀၀၁၇၆၇
(ဇ) ဦးသိန်းထွန်း ရုံးအဖွဲ့မှူး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၄၄၄၀၄၄၄၇၅
(ဈ) ဦးသိန်းထွန်း ဥက္ကဋ္ဌ မန္တလေးတောင်တော် ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၂၀၁၂၄၀၂

■ စာမျက်နှာ ၁၀ မှ

ဒ့ါအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်၊ မြို့ကြီးတွေအလိုက် ဖြစ်ပေါ်နေတဲ့ လယ်ယာထွက်ကုန်သီးနှံတွေရဲ့ ဈေးနှုန်းကို နေ့စဉ် ကောက်ယူပြီးတော့ ဂျာနယ်တွေ၊ သတင်းစာတွေ၊ ရုပ်သံလိုင်းတွေနဲ့ ရေဒီယိုတွေကနေ တောင်သူတွေ ဗဟုသုတရအောင် အသိပညာပေးခြင်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။

**ကျွန်တော်တို့ စားသုံးသူရေးရာဦးစီးဌာနက ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ အဆင့်ဆင့်ရုံးခွဲတွေ ဖွင့်လှစ်ထားပါတယ်။ ဝန်ထမ်းတွေဟာ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကို ကျေးလက်အထိ ကွင်းဆင်းလုပ်ဆောင်ပေးနေသလို တောင်သူတွေအတွက် ဈေးကွက်အခြေအနေတွေ၊ သီးနှံအခြေအနေနဲ့ ဘယ်မြို့တွေမှာ ဘယ်ဈေးနှုန်းတွေ ဖြစ်ပေါ်နေသလဲဆိုတာကို အသိပညာပေးလျက်ရှိပါတယ်။**

ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကတော့ အဓိကအားဖြင့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ပြီး ဆောင်ရွက်တဲ့ နည်းလမ်းတွေရှိပါတယ်။ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အဖွဲ့တွေ၊ အစုအဖွဲ့တွေ တည်ထောင်တာ၊ ကုန်စည်ဒိုင်တွေ၊ သီးနှံဇုန်တွေ တည်ထောင်တာ စတာတွေကို အရောင်းအဝယ်ဖွံ့ဖြိုးမယ့် နေရာတွေမှာ တည်ထောင်ထားရှိတာမျိုးတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးတော့လည်း အသင်းအဖွဲ့များ ခိုင်မာတောင့်တင်းလာအောင် လုပ်ဆောင်ပေးသွားမှာပါ။

အခုဆွေးနွေးတဲ့သူတွေထဲမှာ ပါဝင်တဲ့ ဦးအောင်နိုင်ဦးတို့လို ကျွဲ၊ နွားတင်ပို့ရေးကဏ္ဍမှာလည်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွဲ၊ နွားမွေးမြူရေးဇုန်တွေ ဖွဲ့စည်းနေတာရှိပါတယ်။ မွေးမြူရေးအသင်းအဖွဲ့တွေကိုလည်း ဖွဲ့စည်းထားရှိပြီး အသင်းတွေကနေလည်း ပြည်တွင်း ပြည်ပကုန်သွယ်မှုကို အထောက်အကူဖြစ်စေမှာပါ။ ကုန်စည်စီးဆင်းမှုနဲ့ထုတ်လုပ်တဲ့ လုပ်ငန်းစဉ်တစ်လျှောက် တောင်သူလယ်သမားကနေ တင်ပို့ချိန်၊ ရောင်းချပြီးချိန်အထိ လေ့လာသုံးသပ်ဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်းကုန်သွယ်မှုဆိုတာ အင်မတန် ကျယ်ပြန့်ပါတယ်။ အားလုံးစုပေါင်းဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ တိုင်းပြည်ရဲ့ စီးပွားရေးလည်း ဖွံ့ဖြိုးမှုအရှိန်မြင့်လာမှာပါ။

**အစီအစဉ်မှူး။** ။ ပုဂ္ဂလိကကဏ္ဍဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ ဘယ်လောက်အထိ အရေးပါပါသလဲခင်ဗျာ။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကရော ဘယ်လိုတွေ ဆောင်ရွက်ပေးနေသလဲဆိုတာနဲ့ပတ်သက်ပြီး သိချင်ပါတယ်။

**အမြဲတမ်းအတွင်းဝန်။** ။ **ပုဂ္ဂလိကကဏ္ဍဟာ မြန်မာ့စီးပွားရေးမှာ ၉၀ ရာခိုင်နှုန်း ပါဝင်ပတ်သက်နေပါတယ်။ နိုင်ငံ့စီးပွားရေးတိုးတက်ဖို့အတွက်ဆိုရင် ပုဂ္ဂလိကကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်မှသာဖြစ်မှာပါ။ တိုးတက်ဖို့ဆိုတဲ့နေရာမှာလည်း သူတို့ လုပ်ကိုင်နေတဲ့ စီးပွားရေးတွေ အဆင်ပြေတိုးတက်မှသာရမှာပါ။**

ဒါကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလကတည်းက စတင်ပြီးတော့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုပြီးတော့ နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ကျွန်တော်တို့ ဝန်ကြီးဌာနက အဓိကတာဝန်တွေယူ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းစဉ်အနေနဲ့ လုပ်ငန်းကော်မတီ ငါးရပ်ကို ဖွဲ့စည်းထားပါတယ်။

အချို့က ဥပဒေ၊ လုပ်ထုံးလုပ်နည်း ပြင်ဆင်ဖို့ကိစ္စရပ်တွေကို ဆောင်ရွက်ပါတယ်။ အချို့ကိစ္စတွေကျတော့လည်း ပူးပေါင်းညှိနှိုင်းပြီး ဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်ဆောင်ရွက်ကြတာ ရှိပါတယ်။ အချို့ကော်မတီတွေမှာတော့ ဒုတိယဝန်ကြီးအဆင့်တွေ ပါဝင်ဖွဲ့စည်းပြီး ဌာနတစ်ခုနဲ့တစ်ခု ပေါင်းစပ်ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ကုန်သည်လုပ်ငန်းရှင်တွေရဲ့ အခက်အခဲကို တင်ပြနိုင်ဖို့အတွက် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှာ တွေ့ဆုံပွဲတွေကို တစ်လတစ်ကြိမ် ကျင်းပပေးပါတယ်။

ပုဂ္ဂလိကလုပ်ငန်းကဏ္ဍမှာလည်း အခက်အခဲတွေ အများကြီးရှိကြပါတယ်။ ဒါတွေကို တစ်ပြိုင်နက် ပြောဆိုဖို့ကိစ္စမှာ အချိန်မပေးနိုင်တာတွေလည်း ရှိတယ်။ တစ်ခါတွေ့ဆုံရင် စီးပွားရေးအဖွဲ့အစည်း ငါးခုလောက်စုပြီး တွေ့ကြတာမျိုးရှိပါတယ်။ ဝန်ကြီးအဆင့် တက်ရောက်ပြီး ညှိနှိုင်းဖြေရှင်းပေးနေတာ ရှိပါတယ်။ အချို့ကိစ္စရပ်တွေမှာတော့ ချက်ချင်းညှိနှိုင်းဖို့ အခက်အခဲတွေရှိတယ်။ လက်ရှိမှာ တွေ့ဆုံတာ ၁၈ ကြိမ် ရှိသွားပါပြီ။ တင်ပြချက်ကတော့ ၂၆၀ ကျော်လောက် ရှိပါတယ်။ ကျွန်တော်တို့ဘက်က ချက်ချင်းဆောင်ရွက်ပေးနိုင်တာကို ချက်ချင်းလုပ်ပေးပါတယ်။

ဉပမာအားဖြင့် ထောက်ခံချက်ကိစ္စတွေဆိုရင် ဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ရတဲ့အခါ ဌာနတစ်ခုနဲ့တစ်ခု လုပ်ဆောင်ချက်တွေ မတူညီတာရှိသလို ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေလည်း ကွာခြားတာရှိတော့ လုပ်ငန်းရှင်တွေ အခက်အခဲအများကြီးရှိတယ်။ အဲဒီလို အခက်အခဲတွေ ကြုံလာတဲ့အခါ သက်ဆိုင်ရာဌာနတွေရဲ့ တာဝန်ရှိသူတွေ၊ ပညာရှင်တွေကို ဖိတ်ကြားပြီး ဘယ်လိုလုပ်ကိုင်မလဲဆိုတာ ပေါင်းစပ်ညှိနှိုင်းပေးရပါတယ်။

လုပ်ငန်းရှင်တွေဟာ သူတို့ လုပ်ချင်တဲ့ကိစ္စရပ်တွေ၊ အလားအလာကောင်းတဲ့ကိစ္စတွေကို တင်ပြပေးတဲ့အတွက် လုပ်ငန်းဖော်ဆောင်ပေးတာတွေလည်း ရှိပါတယ်။ မပြီးပြတ်သေးတဲ့ လုပ်ငန်းတွေကိုတင်ပြတဲ့ လုပ်ငန်းအဖွဲ့အစည်း၊ အသင်းအဖွဲ့အလိုက်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက်၊ နယ်စပ်ကုန်သွယ်ရေးအသင်းအလိုက် တင်ပြကြတဲ့အပေါ် မိမိတင်ပြတဲ့အချက်တွေကို ကျေနပ်မှုမရှိလျှင် ပုဂ္ဂလိက လုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာတွေ တွေ့ဆုံဆွေးနွေးတဲ့အဆင့်ကို ဆက်ပြီးသွားပါတယ်။

အချင်းချင်း ပွင့်လင်းစွာ ဆွေးနွေးကြတယ်။ ဒါကိုတော့ Private Public Dialogue(PPD) လို့ ခေါ်ပါတယ်။ ဒုတိယဝန်ကြီးအဆင့်၊ ညွှန်ကြားရေးမှူးချုပ်အဆင့်မျိုးတွေက ဦးစီးပြီး ကုန်သည်လုပ်ငန်းရှင်တွေက ပွင့်လင်းစွာ ဆွေးနွေး၊ အစိုးရဘက်ကလည်း ဖြေလျှော့ပေးတာရှိပါတယ်။ ဒီအခြေအနေမှာ အောင်မြင်ပြီးပြတ်တာရှိသလို ကျန်ရှိတာတွေ၊ မပြီးပြတ်တာတွေနဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေ ပြင်ဆင်ရမှာတွေရှိပါတယ်။ ဒါတွေ ဆက်လက်ဆောင်ရွက်ခြင်းကလည်း ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ချက်တွေ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရှိန်အဟုန်ယူနေတဲ့ အချိန်ဖြစ်ပါတယ်။ ရှိနေတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေဟာ လက်ရှိ ဈေးကွက်စီးပွားရေးစနစ်၊ အခြားနိုင်ငံတွေရဲ့စနစ်၊ နိုင်ငံတကာစနစ်တွေနဲ့ အကုန်လုံး လိုက်လျောညီထွေဖြစ်တယ်လို့ မဆိုနိုင်ပါဘူး။ အင်္ဂလိပ်ခေတ်က ဥပဒေတွေအခုထိ အသက်ဝင်တာတွေရှိသလို ဒီဘက်ခေတ်မှာလည်း ဆိုရှယ်လစ်စနစ်တုန်းက ပြဋ္ဌာန်းထားတာတွေ ရှိနေတယ်။ ဒီအပေါ်မှာ ပြင်ဆင်ရမှာတွေ အများကြီးကျန်နေပါသေးတယ်။

ဒါကိုအခြေခံပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နေသလို နောက်တစ်ချက်က စီးပွားရေးလုပ်ငန်းလုပ်ကိုင်တဲ့အခါ ကမ္ဘာ့ဘဏ်က နှစ်စဉ် Indicator တွေ တိုင်းပါတယ်။ Ease of Doing Business ပေါ့။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်တဲ့အခါ ဘယ်လောက်အထိ လွယ်ကူသလဲဆိုတာကို တိုင်းတာတဲ့အခါ ၂၀၁၃-၂၀၁၄ ခုနှစ် လောက်ကစပြီး လုပ်စဉ်က ၁၈၂ အဆင့်သာ ရှိခဲ့ပါတယ်။ အခုကတော့ ၁၇၁ ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ၁ ကနေ ၁၀၀ အတွင်း ဝင်ရောက်နိုင်အောင် ရည်ရွယ်ထားပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနဆိုရင် ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးတဲ့အခါ ပို့ကုန်တစ်ခုပို့မယ်ဆိုရင် ငွေဘယ်လောက်ကုန်သလဲ၊ အချိန်ဘယ်လောက်ကုန်သလဲ၊ အဆင့်ဘယ်လောက်ဖြတ်သန်းရသလဲ တိုင်းတာတဲ့အခါ ကျွန်တော်တို့က နိုင်ငံတကာ နာမည်ရအောင် ယှဉ်ပြိုင်တာထက် ကိုယ့်ဆီကလုပ်ငန်းရှင်တွေ၊ အချိန်ကုန်၊ ငွေကုန်သက်သာအောင် ဌာနဆိုင်ရာတွေဘက်က ကူညီဆောင်ရွက်ပေးရမှာ အများကြီးရှိပါတယ်။

ဒါတွေကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလက်အောက်က လုပ်ငန်းကော်မတီတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။ ရည်မှန်းချက်ကတော့ အဆင့် ၁၀၀ အတွင်း ဝင်ရောက်နိုင်ဖို့အတွက် လာမယ့် နှစ်နှစ်တာကာလအတွင်း ကြိုးပမ်းမှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာအောင် ဌာနဆိုင်ရာနဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းကြမယ်ဆိုရင် စီးပွားရေးလုပ်ကိုင်တဲ့အခါ လွယ်ကူတဲ့နိုင်ငံ ဖြစ်လာပြီး ထိုက်သင့်တဲ့ အခြေအနေတစ်ခုကို ရောက်လာမှာပါ။ ဒါမှသာ ပြည်တွင်းလုပ်ငန်းရှင်တွေ အဆင်ပြေသလို၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလည်း အဆင်ပြေပြီး စီးပွားရေးအခြေအနေကောင်းတွေ ပိုင်ဆိုင်နိုင်မယ်လို့ ပြည်သူတွေသိအောင် ပြောကြားလိုပါတယ်ခင်ဗျာ။ ။

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၇**

**တိုးမြစ်**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါန်မြစ်**

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး ငါးသိုင်းချောင်းမြို့တွင် နောက်နှစ်ရက်အတွင်းနှင့် သာပေါင်းမြို့တွင် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

# အိန္ဒိယဝန်ကြီးချုပ်အဖြစ် သုံးကြိမ်တာဝန်ထမ်းဆောင်ခဲ့သည့် အတဲလ်ဘီဟာရီဗာ့ဂျ်ပါယီး ကွယ်လွန်

**နယူးဒေလီ ဩဂုတ် ၁၇**

ကျန်းမာရေးဆိုးရွားမှုကြောင့် ဆေးရုံတက်ကုသမှုခံယူနေရသည့် အသက် ၉၃ နှစ်အရွယ်ရှိ အိန္ဒိယဝန်ကြီးချုပ်ဟောင်း အတဲလ်ဘီဟာရီဗာ့ဂျ်ပါယီး ကွယ်လွန်သွားပြီဖြစ်ကြောင်း ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အတဲလ်ဂျီးကွယ်လွန်သွားမှုသည် မိမိအတွက် အစားထိုးမရသော ပုဂ္ဂိုလ်တစ်ဦးဆုံးရှုံးရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာ၌ ဟင်ဒီဘာသာဖြင့် ချီးမြှောက်ရေးသားခဲ့သည်။

အိန္ဒိယနိုင်ငံအား အင်အားတောင့်တင်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် ၂၁ ရာစုနှစ်အတွင်း ပါဝင်လာနိုင်မှုတို့ဖြစ်ပေါ်စေရန် အုတ်မြစ်ချပေးနိုင်ခဲ့သည့် အတဲလ်ဂျီး၏ ခေါင်းဆောင်မှုမှာ စံပြုထိုက်ကြောင်း မိုဒီက ဆက်လက်ရေးသားထားသည်။

ဝန်ကြီးချုပ်ဟောင်း ဗာ့ဂျ်ပါယီးသည် နှစ်များစွာပင် ကျန်းမာရေးချို့တဲ့လာခဲ့ပြီး မကြာသေးမီရက်များအတွင်းက ကျန်းမာရေးအခြေအနေ သိသိသာသာ ဆိုးရွားလာခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ဗာ့ဂျ်ပါယီးသည် လွန်ခဲ့သည့် ရက်သတ္တ ကိုးပတ်က အောလ်အိန္ဒိယဆေးသိပ္ပံပညာတက္ကသိုလ်၏ ဆေးရုံ(အေအိုင်အိုင်အမ်အက်စ်)တွင် တက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ခြင်းဖြစ်သည်။

ဗာ့ဂျ်ပါယီးသည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၇ ခုနှစ်နောက်ပိုင်း ကွန်ဂရက်ပါတီခေါင်းဆောင်မဟုတ်သူထဲမှ ပထမဆုံးဝန်ကြီးချုပ်အဖြစ် ရာထူးသက်တမ်းအပြည့် ထမ်းရွက်ခဲ့သူဖြစ်သည်။ ဘီဂျေပီပါတီကို ဦးဆောင်ကာ မဟာမိတ်များနှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းပြီး ၁၉၉၈ ခုနှစ် မတ်လမှ ၂၀၀၄ ခုနှစ်မေလအထိ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တာဝန်ကို သက်တမ်းပြည့်ထမ်းဆောင်ခဲ့သူဖြစ်သည်။

သတင်းစာဆရာနှင့် ကဗျာဆရာဘဝမှ နိုင်ငံရေးသမားဘဝသို့ ကူးပြောင်းခဲ့သည့် ဗာ့ဂျ်ပါယီးသည် ၁၉၉၆ ခုနှစ်တွင် သက်တမ်း ၁၃ ရက်ကြာနှင့် ၁၉၉၈ မှ ၁၉၉၉ ခုနှစ်အတွင်း ၁၁ လကြာမျှ ဝန်ကြီးချုပ်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

**အေအက်ဖ်ပီ**



# စစ်ရေးပြအခမ်းအနား သိုက်မြိုက်စွာကျင်းပမည့် သမ္မတဒေါ်နယ်ထရန့်၏ အစီအစဉ်ကို ဆိုင်းငံ့

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြို့တော် ဝါရှင်တန်ဒီစီရှိ လမ်းများပေါ်တွင် "စစ်မှုထမ်းဟောင်းများနေ့"အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို သိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ခဲ့သော်လည်း ယင်းအစီအစဉ်ကို ၂၀၁၉ ခုနှစ်အထိ ရွှေ့ဆိုင်းထားလိုက်ကြောင်း ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။



သမ္မတထရန့်သည် ၂၀၁၇ ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ် ဘာစတီးနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားအား ခမ်းနားသိုက်မြိုက်စွာ ကျင်းပပုံကို အားကျကာ အမေရိကန်၌လည်း ကြီးကျယ်ခမ်းနားလှသည့် စစ်ရေးပြပွဲ ပြုလုပ်ရန် စီစဉ်ညွှန်ကြားခဲ့သည်။

စစ်ရေးပြအခမ်းအနား ကျင်းပနိုင်ရေးအတွက် ဒေါ်လာသန်း ၉၀ ခန့်အထိ ကျခံသုံးစွဲရမည်ဟု ဩဂုတ် ၁၆ ရက်တွင် ခန့်မှန်းချက် ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ ကနဦး ခန့်မှန်းချက်ထက် သုံးဆကျော် ပိုမိုများပြားနေသည်။

နိုင်ငံရေးအရ ဖိနှိပ်အုပ်ချုပ်သူများ စိုးမိုးသော နိုင်ငံများတွင်သာ ကြီးကျယ်ခမ်းနားသော စစ်ရေးပြအခမ်းအနားများကို ကျင်းပလေ့ရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် အမေရိကန်၌ ပြုလုပ်မည့် စစ်ရေးပြပွဲကြီးကို ဆိုင်းငံ့လိုက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

စစ်ရေးပြပွဲ အခမ်းအနား ပြုလုပ်နိုင်ရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်တွင် ကာကွယ်ရေးဌာနနှင့် အိမ်ဖြူတော်တို့ ဆွေးနွေးညှိနှိုင်းသွားရန် သဘောတူညီခဲ့ကြကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရော့ဘ်မန်နင်းက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**

# အမေရိကန်သမ္မတထရန့်အား ပြည်တွင်းသတင်းမီဒီယာများက ဝေဖန်

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်သမ္မတထရန့်က သူ့အား အကောင်းမမြင်၊ ရှုတ်ချသော မီဒီယာများအပေါ် ပြန်လည်ချေပပြောကြားချက်ကို အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ သတင်းစာများက ကျေနပ်မှုမရှိသဖြင့် သမ္မတဒေါ်နယ်ထရန့်အား သူ၏ပြောကြားချက်ကို ရုပ်သိမ်းပေးရန် ဆန္ဒထုတ်ဖော်ကြမည်ဖြစ်ကြောင်း သတင်းစာခေါင်းကြီးများတွင် ဖော်ပြခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သူ့အားရှုတ်ချသော မီဒီယာလုပ်ငန်းများအား သတင်းမှားများဖော်ပြသည့် သတင်းဌာနများဖြစ်ကြောင်းနှင့် ပြည်သူများအတွက် စိုးရိမ်ကြောက်လန့်ဖွယ်ကောင်းသော ရန်သူဖြစ်သည်ဟု သူ၏မိန့်ခွန်းများတွင်သာမက တွစ်တာစာမျက်နှာတွင်လည်း ဖော်ပြပြောဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ သတင်းစာသုံးရာကျော်က ၎င်းတို့၏ သတင်းစာနှင့် အွန်လိုင်းစာမျက်နှာပါ သတင်းခေါင်းကြီးပိုင်းတွင် သမ္မတထရန့်အား ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ရန် ရေးသားထားသည်။

The Boston Globe သတင်းဌာနက သူ၏ သတင်းစာခေါင်းကြီးပိုင်းတွင် "မီဒီယာသည် ပြည်သူများ၏ ရန်သူမဟုတ်"ခေါင်းစဉ်ဖြင့် ရေးသားထားပြီး အခြားသောမီဒီယာများကိုလည်း ထိုကဲ့သို့ မီဒီယာအပေါ် ပြည်သူများ ယုံကြည်မှုမပျက်ပြယ်သွားစေရန် မီဒီယာနှင့်ပြည်သူများအကြား ပြန်လည်ရင်ကြားစေ့ပေးသော သတင်းခေါင်းကြီးများရေးသားရန် တိုက်တွန်းထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု၏နာမည်နှင့် ဂုဏ်သတင်းကျော်စောမှုသည် အမှန်တရားကို ပြောဆိုထောက်ပြနိုင်သည့် သတင်းလွတ်လပ်မှုရှိခြင်းအပေါ် များစွာမူတည်လျက်ရှိသည်ဟု အဆိုပါခေါင်းကြီးတွင် ရေးသားထားကြောင်း သိရသည်။

ထို့ပြင် သတင်းမီဒီယာသည် ပြည်သူများ၏ရန်သူဖြစ်သည်ဟု ပြောဆိုခြင်းသည် အမေရိကန်ပြည်သူများ ရာစုနှစ် နှစ်စုကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် လူမျိုးရေးဆိုင်ရာ သဘောတူညီချက်များအပေါ် ထိခိုက်မှုရှိစေနိုင်ကြောင်း အဆိုပါခေါင်းကြီးတွင် ပါရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဧဝရက်တောင်ထွတ်သို့ တက်ရောက်သော တောင်တက်သမားဦးရေ စံချိန်တင်

**ခတ္တမန္ဒူ ဩဂုတ် ၁၇**

ယခုနှစ်မေလအတွင်း ဧဝရက်တောင်၏ တောင်ထွတ်သို့ အောင်မြင်စွာ တက်ရောက်နိုင်သည့် တောင်တက်သမားဦးရေမှာ စံချိန်တင်အရေအတွက်ဖြစ်သော ၈၀၇ ဦးအထိ ရောက်ရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ဩဂုတ် ၁၇ ရက်တွင် ပြောကြားကြသည်။

ယခုနှစ်၏ တောင်တက်ရာသီအတွင်း တောင်တက်သမားအများဆုံး တက်ရောက်သည့် လအဖြစ် မေလအတွင်း တောင်တက်သူ အထူးများပြားခဲ့ကြောင်း၊ ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ်ဝေါ်သော ဧဝရက်တောင်တည်ရှိရာအရပ်တွင် ရာသီဥတု ထူးထူးခြားခြား ကောင်းမွန်ခဲ့ခြင်းကြောင့် တောင်တက်သမားဦးရေများပြားခြင်းလည်းဖြစ်ကြောင်း၊ ၈၈၄၈ မီတာ(၂၉၀၂၉ ပေ)ရှိ ဧဝရက်တောင်သို့ တက်ရောက်သူများတွင် တရုတ်နိုင်ငံမှ လက်နှစ်ဖက်ပြတ်နေသူ တောင်တက်သမားတစ်ဦးလည်း ပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်ဒေသ၌ နှစ်ဖက်ခွလျက်တည်ရှိနေသော ဧဝရက်တောင်ပေါ်သို့ ယခုနှစ်မေလအတွင်း တောင်ဘက် တောင်တက်လမ်းကိုအသုံးပြု၍ တက်ရောက်သူ ၅၆၃ ဦး၊ တိဘက်ဒေသရှိ မြောက်ဘက်တောင်တက်လမ်းကို အသုံးပြု၍ တက်ရောက်သူ ၂၄၄ ဦးရှိခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**






# မာချီစီယို အသင်းမှ ထွက်ခွာကြောင်း ဂျူဗင်အတည်ပြု

အီတလီနှင့် ဂျူဗင်တပ်ကွင်းလယ်ကစားသမား မာချီစီယိုသည် ဂျူဗင်တပ်အသင်းတွင် ၂၅ နှစ်ကြာ ပါဝင်ကစားပေးခဲ့ပြီးနောက် အသင်းနှင့် လမ်းခွဲသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မာချီစီယိုသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့်အတူ အီတလီစီးရီးအေဖလား ခုနစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပြီး အီတလီနိုင်ငံလက်ရွေးစင်အသင်းအတွက်လည်း နိုင်ငံတကာပွဲစဉ် ၅၅ ပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား မာချီစီယိုသည် ဂျူဗင်တပ်အသင်းနှင့်အတူ ပွဲပေါင်း ၃၈၉ ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၃၇ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မာချီစီယိုသည် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ဒူးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းကြောင့် ခြောက်လကြာအနားယူခဲ့ရသူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင်မူ ဂျူဗင်တပ်အသင်းနှင့်အတူ ပွဲ ၂၀ သာ ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

ကွင်းလယ်ကစားသမား မာချီစီယိုသည် ဂျူဗင်တပ်အသင်းနှင့်အတူ ကစားသမားဘဝဖြတ်သန်းမှုတွင် စီးရီးအေဖလားခုနစ်ကြိမ်နှင့် ကိုပါအီတာလီယာဖလားလေးကြိမ်ရယူပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင်မူ မာချီစီယိုသည် ဂျူဗင်တပ်အသင်းမှ ထွက်ခွာကာ မေဂျာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိနေကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# စီရိုနယ်လ်ဒိုအား ချီယေဗိုနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားခွင့်ပြုမည်ဖြစ်သော်လည်း အနိုင်ရရှိမည်ဟု မပြောနိုင်ကြောင်း နည်းပြအယ်လ်လီဂရီ ပြောကြား

ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုအား စနေနေ့တွင် ယှဉ်ပြိုင်ကစားမည့် အီတလီစီးရီးအေပွဲစဉ်တစ်ပွဲဖြစ်သည့် ချီယေဗိုအသင်းနှင့် ပွဲစဉ်တွင် ဂျူဗင်တပ်အသင်းနှင့်အတူ စတင်ပွဲထွက်ကစားခွင့်ပြုမည်ဖြစ်ကြောင်းပြောကြားခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် နိုင်ပွဲရရှိမည်ဟု မပြောနိုင်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပြီးခဲ့သည့်လက စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းမှ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စီရိုနယ်လ်ဒို ဂျူဗင်တပ်အသင်းသို့ ရောက်ရှိလာခဲ့ခြင်းနှင့်အတူ ဂျူဗင်တပ်အသင်းမှာ လီယိုနာဒိုဘိုနျူစီသည် အေစီမီလန်အသင်းမှလည်းကောင်း၊ ဒေါက်ဂလပ်ကော်စတာသည် ဘိုင်ယန်မြူးနစ်အသင်းမှ လည်းကောင်း အသီးသီးပြောင်းရွှေ့လာခဲ့ခြင်းကြောင့် ကစားသမားအင်အားတောင့်တင်းလျက်ရှိကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိအီတလီစီးရီးအေချန်ပီယံဖြစ်သည့်အပြင် ချန်ပီယံဆုကို ကာကွယ်ရန်ဆန္ဒပြင်းပြနေသူဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဘလွန်းဒီအောဆု)ငါးကြိမ်ဆွတ်ခူးထားနိုင်ခဲ့သည့် တိုက်စစ်မှူးစီရိုနယ်လ်ဒိုကိုပင် ခေါ်ယူခဲ့သည်။ စီရိုနယ်လ်ဒိုသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၁၀ ရက်ကြာလေ့ကျင့်ကစားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် နည်းပြအယ်လ်လီဂရီက တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ သာမန်ကစားသမားတစ်ဦးမဟုတ်ကြောင်းနှင့် အသင်းအတွက် အဓိကအရေးပါသည့်ကစားသမားတစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဂျူဗင်တပ်အသင်းနည်းပြ အယ်လ်လီဂရီသည် ဂိုးသမားဘတ်ဖွန် PSG အသင်းသို့ ထွက်ခွာသွားခဲ့ပြီးနောက် ရာသီအဖွင့်ပွဲစဉ်တွင် ဂိုးသမားဘတ်ဖွန်၏နေရာတွင် ဂိုးသမားဆက်ဇီနီကို ထည့်သွင်းကစားမည်ဖြစ်သည့်အပြင် စီရိုနယ်လ်ဒို၊ ကန်ဆယ်လိုနှင့် ဘိုနျူစီတို့ကိုလည်း ထည့်သွင်းကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။






# အာဇာနီကို ဆဲလ်တစ် နှစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူ

ဆဲလ်တစ်အသင်းသည် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား အာဇာနီအား နှစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ်ရှိ ဩစတြေးလျကစားသမား အာဇာနီသည် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ငံအသင်းနှင့်အတူ ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ကမ္ဘာ့ဖလားတွင် အသက်အငယ်ဆုံးကစားသမားစာရင်းတွင် ပါဝင်ခဲ့သည်။

ကွင်းလယ်ကစားသမား အာဇာနီသည် ဆဲလ်တစ်အသင်းသို့ ရောက်ရှိခဲ့သည့် ဩဂုတ် ၁၇ ရက်တွင် အသင်းနှင့်အတူ စတင်လေ့ကျင့်ကစားခဲ့ပြီး ၁၈ ရက်တွင် စကော့တလန်ဖလားပွဲပါဝင်ကစားခွင့်ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား အာဇာနီသည် နည်းပြဘရန်ဒန်ရော့ဂျာ၏ ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံလက်ရွေးစင်အသင်းကစားဖော် တွမ်ရိုဂစ်ရှိရာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တွမ်ရိုဂစ်သည်လည်း ဆဲလ်တစ်အသင်းနှင့် စာချုပ်သက်တမ်း ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လက်ရှိတွင် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုထားကြောင်းသိရသည်။

# ပေါ့ဘာအား ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းက ရောင်းချမည်မဟုတ်ကြောင်း ပြောကြား

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းကမူ ကွင်းလယ်ကစားသမား ပေါ့ဘာအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ပေါ့ဘာနှင့် မန်ယူအသင်းနည်းပြမော်ရင်ဟိုတို့၏ လက်ရှိဆက်ဆံရေးသည် ကောင်းမွန်ဆဲဖြစ်သော်လည်း ပေါ့ဘာအနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။ ပေါ့ဘာသည် လွန်ခဲ့သည့်နှစ်နှစ်အတွင်းက မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ရောင်းချရန်အစီအစဉ်မရှိသေးကြောင်းသိရသည်။

ပြင်သစ်အသင်းနှင့် မန်ယူအသင်းတို့၏ ကွင်းလယ်ကစားသမား ပေါ့ဘာသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။



# ဦးကိုနီ လုပ်ကြံခံရမှုတွင် ပါဝင်ပတ်သက်သူ ဇေယျာဖြိုးအား သုံးကြိမ်မြောက် စစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအမှုနှင့်ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၆၈ ချိန်းမြောက်ရုံးထုတ်ခဲ့ပြီး စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးအား သုံးကြိမ်မြောက်စစ်ဆေးမှုပြုလုပ်ခဲ့သည်။

လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသူ ဇေယျာဖြိုး၏အမှုကို လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ပပဝင်းက အပြန်အလှန်အဓိက စစ်မေးမှုများ ပြီးဆုံးသွားပြီဖြစ်သည့်အတွက် နောက်တစ်ပတ်ရုံးချိန်းတွင် တရားလိုဘက်ရှေ့နေများက ဇေယျာဖြိုးအား အဓိက အပြန်အလှန်စစ်မေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ယင်းအမှုအား စစ်ဆေးခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားစွဲဆိုထားရာကနေ ပြစ်မှုကျူးလွန်ရာတွင် စွဲချက်တင်ခံထားရသူ တတိယမြောက် ဇေယျာဖြိုးကို သူ့ရဲ့ရှေ့နေက အပြန်အလှန်စစ်မေးခဲ့တာ ပြီးဆုံးသွားပါတယ်။ လာမယ့်ရုံးချိန်းမှာတော့ တရားလိုဘက်ရှေ့နေများက ဇေယျာဖြိုးကို အဓိက ထွက်ဆိုချက်တွေ အပြန်အလှန်စစ်မေးသွားမှာဖြစ်တဲ့အတွက် နောက်တစ်ပတ်ရုံးချိန်းကိုတော့ ဩဂုတ် ၂၃ ရက် (ကြာသပတေးနေ့)ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ထပ်မံဖြေကြားရာတွင် "ဒီကနေ့ တရားခွင်မှာ တရားခံ ဇေယျာဖြိုးက အထူးခုံရုံးကို တင်ပြတာရှိပါတယ်။ ယခင်ရုံးချိန်း ဩဂုတ် ၂ ရက်မှာ တရားလိုဘက်ရှေ့နေများက ပြုမူပြောဆိုတာတွေနဲ့ပတ်သက်ပြီး မထီမဲ့မြင် ပြုမူပြောဆိုတယ်ဆိုတဲ့ အချက်အရ အရေးယူပေးဖို့ ဩဂုတ် ၉ ရက် ရုံးချိန်းတုန်းက တင်ပြလျှောက်ထားချက်နဲ့ သက်ဆိုင်တဲ့အချက်ပါ တရားရုံးမထီမဲ့မြင်ပြုမှုနဲ့ လျှောက်ထားမယ်ဆိုရင် နည်းဥပဒေ အပိုဒ် ၆(ဂ)အရ ကျမ်းကျိန်လွှာတစ်ပါတည်း ပူးတွဲပါရှိရမှာဖြစ်လို့ တရားရုံးအခွင့်အာဏာရှိသူ အရာရှိထံမှာ ဒီနေ့ ကျမ်းသစ္စာကျိန်ဆိုဖို့ ခွင့်ပြုလိုက်တာပါ" ဟု ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ဆိုဒီယမ်ဆိုင်ယာနိုက်ဟုယူဆရသော ပုံးများ မြဝတီမြို့တွင် သိမ်းဆည်းရမိ

**မြဝတီ ဩဂုတ် ၁၇**

မြဝတီမြို့ အမှတ် ၃၂ မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးမင်းထွဋ်နှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က မြဝတီမြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားတွင် တာဝန်ထမ်းဆောင်နေစဉ် စိန်မြင့်မောင်းနှင်လာသော ဟိုင်းလတ်ယာဉ်ကို စစ်ဆေးရာ ယာဉ်ပေါ်တွင် မြွေရေခွံအိတ်ဖြင့်ထုပ်ထားသည့် ဆိုဒီယမ်ဆိုင်ယာနိုက်ဟုယူဆရသော အဖြူရောင်ပုံးဆောင်ခဲများ တစ်ပုံးလျှင် ၅၀ ကီလိုဂရမ်ပါ ပုံး ၂၁ ပုံး (စုစုပေါင်း ၁၀၅၀ ကီလိုဂရမ်ခန့်)(ကာလတန်ဖိုး ၁ ကီလိုဂရမ်လျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် ကျပ် ၆၃၀၀၀၀၀)ကို ရှာဖွေသိမ်းဆည်းခဲ့ပြီး စိန်မြင့် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် လဝ္ဂန်းအိမ် လမ်းနေသူကို အရေးယူပေးပါရန် တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

ဆက်လက်ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါ ဆိုဒီယမ်ဆိုင်ယာနိုက်ဟုယူဆရသော အဖြူရောင်ပုံးဆောင်ခဲများသည် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန်ရပ် မွေးမြူရေးဇုန်လမ်း ဦးအောင်ချမ်းသာ၏ ဂိုဒေါင်အတွင်းမှ ထုတ်ယူသယ်ဆောင်လာသောပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် ဦးအောင်ချမ်းသာ၏ဂိုဒေါင်သို့ သွားရောက်စစ်ဆေးရာ အဖြူရောင် မြွေရေခွံအိတ်ဖြင့်ထုပ်ထားသည့် ဆိုဒီယမ်ဆိုင်ယာနိုက်ဟု ယူဆရသော အဖြူရောင်ပုံးဆောင်ခဲများ တစ်ပုံးလျှင် ၅၀ကီလိုဂရမ်ခန့်ပါ ပုံး ၄၀ (ကာလတန်ဖိုး ၁ ကီလိုဂရမ်လျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် ကျပ် ၁၂၀၀၀၀၀၀)ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် ဆိုဒီယမ်ဆိုင်ယာနိုက်ဟုထင်ရသော အဖြူရောင်ပုံးဆောင်ခဲများထည့်ထားသည့် အပြာရောင်ပုံး ၄၀ မှာ မျိုးမင်း အမှတ်(၄) ရပ်ကွက် မြဝတီမြို့နေသူက လာရောက်အပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်း သိရသဖြင့် မျိုးမင်းအား အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ အဆိုပါ ဆိုဒီယမ်ဆိုင်ယာနိုက်ပုံးများမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နေ ဇော်မင်းထွန်း(ခ)ဘိုတို၏ ပစ္စည်းများဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော ပစ္စည်းများဖြစ်ကြောင်း သိရသည်။

**သတင်း - တင်ဝင်းလှိုင်(ကော့ကရိတ်)**
**ဓာတ်ပုံ - မြဝတီဇော်မိုးထိုက်**

# ရပ်ရှင်ဒါရိုက်တာ မိုက်တီးအား စိတ်ကြွရူးသွပ်ဆေးပြားများ၊ မူးယစ်ဆေးဝါး သုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် အမှတ်(၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် အမှတ်(၄၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် ည ၁၁ နာရီက သတင်းအရ သက်သေများနှင့်အတူ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ တာမွေအဝိုင်း ထိပ်ဘက်မှ ရွှေထွဋ်တင်ကွင်းဘက်သို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက်နေ သန်းထွန်းဇော် (ရုပ်ရှင်ဒါရိုက်တာ မိုက်တီး)မောင်းနှင်လာသည့် 9D/---- MAZDA DEMIO ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းထိုင်ခုံနှင့် ကျောမှီကြားရှိ မျက်မှန်ဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် သန်းထွန်းဇော်(ရုပ်ရှင်ဒါရိုက်တာ မိုက်တီး)အား တာမွေမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# ကွတ်ခိုင်၊ နမ့်စန်၊ မဘိမ်းမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီက ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် နယ်မြေ(၅)နေ ရိန်းရွှမ်းရင်၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၃၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅ ပြားတို့ကို လည်းကောင်း၊



**ချွာသား(ခ) ဆွမ်သားအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၅)ရပ်ကွက် ဒို့ညီနောင်ကားဂိတ်တွင် ပီနံအိတ်တစ်အိတ်ကို ရှမ်းအမျိုးသားတစ်ဦးက ရန်ကုန်သို့ ပို့ဆောင်လိုကြောင်း လာရောက်အပ်နှံသဖြင့် ဖွင့်ဖောက်စစ်ဆေးမည်ပြုစဉ် ထွက်ပြေးသွားကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ ကိုလည်းကောင်း။

ထို့အတူ ဩဂုတ် ၁၄ ရက် နံနက် ၄ နာရီက တပ်မတော်က မဘိမ်းမြို့နယ် လဝါကျေးရွာ ဒေသအခေါ် ကျောက်လုံးကြီးနေ ချွာသား(ခ) ဆွမ်သား၏ ယာယီမိုးကာတဲကို စစ်ဆေးရာ ဘိန်းဖြူ ၃ ဒသမ ၅၆၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၄၉၇၄ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ခုနှစ် ဩဂုတ် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၈၀၊ သွင်းကုန် ၆၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၄ စီး၊ သွင်းကုန် ၈၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၄၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၄၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၈၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Toyota Mark-II Grande ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား သုည ဒသမ ၄၂၇၅ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၈၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မျိုးဆက်သစ် ခရီးသည်တင်ယာဉ် အမြန်လမ်းတွင် တိမ်းမှောက်ရာမှ ခရီးသည် ၂၂ ဦးဒဏ်ရာရ

**ဖြူး ဩဂုတ် ၁၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယနေ့ညနေပိုင်းက ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်ရာမှ ခရီးသည် ၂၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၄ နာရီခန့်က ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ခိုင်ဦးမောင်းနှင်လာသော မျိုးဆက်သစ်ခရီးသည်တင်ယာဉ်ပေါ်တွင် ခရီးသည် ၂၇ ဦးလိုက်ပါလာခဲ့ရာ မိုင်တိုင်အမှတ် ၁၀၀/၁ နှင့် ၁၀၀/၂အကြားတွင် တိမ်းမှောက်ခဲ့သဖြင့် ခရီးသည် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ကိုးဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ဖြူးမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ဆေးကုသထားရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရဲစခန်းက ယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈-၈-၂၀၁၈(စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | Weekly Sport Info |
| ၈း၃၅ | ပန်းပျိုးခင်း (အပိုင်း - ၄၇) |
| ၉း၁၀ | News Watch TV |
| ၉း၄၀ | မြစ်မခမီဒီယာ (သဘာဝပတ်ဝန်းကျင်မှ လေ့လာသင်ယူခြင်း) |
| ၁၀း၃၀ | လုံမမှတ်စု (၄၉) |
| ၁၀း၄၅ | ကဗျာရိပ်မြုံ "စိတ်ဓာတ်ခိုင်မာလိုအပ်ပါ" |
| ၁၁း၀၀ | NHK Programme "ဆွယ်တာထိုးဖို့လိုတာ ဒီချည်လုံးလေးပါ" |
| ၁၁း၂၅ | ဆေးဖက်ဝင်ဟင်းသီး ဟင်းရွက်နှင့်ကျန်းမာရေး "ငွေးသီးနှင့်ငရုတ်ကောင်း" |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများ ကွန်ရက်"(အပိုင်း-၂၆) |
| ၁၅း၃၅ | "လှမ်းလာခဲ့ပါသစ်တောနှင့် သဘာဝဝန်းကျင်ပြတိုက် တည်ရှိရာ" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ဩဂုတ်လ လပတ်မိုးလေဝသ အစီအစဉ်" |
| ၁၇း၀၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇း၂၀ | NHK Programme (တိုက်များ) |
| ၁၇း၃၅ | "သက်စောင့်ဓာတ်(၈)မျိုး အားဖြည့်ဆန်အကျိုး" |
| ၁၈း၂၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ကရုဏာရှင်" (ဆလိုင်းလွမ်း၊ ပန်းချီစိန်ကျော်ဝင်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ ဝိုင်းပုံချစ်) (ဒါရိုက်တာဆလိုင်းမျိုးဝင်းအောင်) |
| ၁၈း၃၅ | Tasty Trip |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၁၄) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | Big Step (Singer ဒေးဗစ်ခွန်နောင်) - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၂) - ဂီတသမား၊ ဂီတစကား (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) - ဟိုတုန်းကကက်ဆက် ဇာတ်လမ်းများ"ကကြီးရေက" (ဘလိတ်၊ ဧငြိမ်းဖြူ) (ဒါရိုက်တာ-သီတာလင်း) - **အစီအစဉ်ပြီး၏။** |

# ရှေ့နေနှင့် စာရိတ္တမာန

ဦးဟန်ညွန့်(ဥပဒေ)

ဆရာ

ဗျာ

ဆောင်းပါးတွေ မဖတ်ရတာ ကြာပြီနော်။

ဟုတ်တယ်ဗျ၊ အချိန်တွေ ဘယ်လိုကုန်မှန်းမသိဘူး။

စာမရေးနိုင်ရင် စာရောဖတ်နိုင်ရဲ့လား။

ဟုတ်ကဲ့ မအားတဲ့ကြားက ဒီစာအုပ်တော့ ဖတ်ဖြစ်တယ်ဗျ။

ဘာစာအုပ်လဲ။

စာရေးဆရာကြီး အောင်သင်းရေးတဲ့ စာရိတ္တမာန ဆိုတဲ့ စာအုပ်ပါ။

## ဆရာကြီးအောင်သင်း

စာရေးဆရာကြီးအောင်သင်းကို မသိသူမရှိ။ ထင်ရှားသူဖြစ်ပါ၏။ ဆရာကြီးက စာရေးကောင်းသည်။ စာရေးကောင်းသလို အပြောလည်း ကောင်းသည်။ အပြော၊ အရေး နှစ်မျိုးစလုံး ကောင်းရုံသာမက လူငယ်တွေအတွက် ဘဝလမ်းညွှန်တွေ အမြဲပေးသည်။ ပွင့်လင်းသူ၊ သတ္တိရှိသူ၊ အတွေ့အကြုံစုံသူ၊ လောကကြီးကို နားလည်သူအဖြစ် ကျွန်တော်တို့က ရိုသေလေးစားကြသည်။ ဆရာကြီး၏ ဟောပြောပွဲမှန်သမျှ တက်ရောက်မှတ်သားခဲ့ကြသည်။ ဆရာကြီး၏စာအုပ်မှန်သမျှ အလုအယက် ရှာဖွေဖတ်မှတ်ခဲ့ကြရပေသည်။ တန်ဖိုးကြီးလွန်းလှပေသည်။

## စာရိတ္တမာန

စာအုပ်အမည်က "စာရိတ္တမာန" ပါ။ ဇွန်ပွင့်စာအုပ်တိုက်က ၂၀၁၁ မှာထုတ်တာပါ။ ဆောင်းပါးပေါင်း ၁၉ ပုဒ် ပါပါသည်။ စာရိတ္တမာနက ၁၉ ပုဒ်ထဲက တစ်ပုဒ်ပါ ။ ကြိုက်လွန်း၍ ထိုတစ်ပုဒ်ကို ခွဲထုတ်မိခြင်းပါ။ စာအုပ်အမည်နာမကိုပင် "စာရိတ္တမာန" ဟု အမည်ပေးကာ စီစဉ်သူက ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဘာကြောင့် ဤဆောင်းပါး စာရိတ္တမာနကိုမှ ရွေးပြီး ကျွန်တော် ကြိုက်ရတာလဲ။ ဤသို့ဖြစ်ပါသည်။

## ဒေါင်းဖတ်စာ

ငယ်စဉ်က ဒေါင်းဖတ်စာ သင်ကြရသည့်အကြောင်း၊ တတိယတန်းဖတ်စာတွင် ပါဝင်သော ရိုးဖြောင့်သူ တစ်ယောက်အကြောင်းဆိုသည့် ဝတ္ထုလေးကို ယခုထက်တိုင် ဆွဲဆောင်မှတ်မိနေကြောင်း ဆရာကြီးအောင်သင်းက နိဒါန်းဖွင့်ပါသည်-

(၁) တက္ကသိုလ်ဆရာကြီးက သူ၏တပည့်များအနက်မှ သမီးအတွက် ခင်ပွန်းလောင်းတစ်ယောက် ရွေးချယ်လိုသည်၊

(၂) တပည့်များအား မိမိတို့အိမ်မှ အဖိုးတန်ပစ္စည်း တစ်ခုကို မည်သူမျှမသိအောင် ယူလာခဲ့ရမည်ဟု မှာကြားစေခိုင်းသည်၊

(၃) တပည့်အသီးသီးက ကျောက်မျက်၊ သန္တာ၊ ရွှေ၊ ငွေ၊ ပုလဲ၊ လည်ဆွဲ၊ လက်ကောက် စသည်များ ယူလာခဲ့ကြသည်၊

(၄) တစ်ယောက်သောတပည့်က ဘာကိုမျှ ယူမလာခဲ့၊

(၅) ဆရာကြီးက အကျိုးအကြောင်း ထိုတပည့်ကို မေးသည်၊

(၆) ဆရာကြီးက ဘယ်သူမှမသိအောင်ယူခဲ့ရမည်ဟု မိန့်မှာခဲ့။ ဒါကြောင့် ယူ၍မရ။ အခြားသူ မသိအောင်ယူရန်ဖြစ်နိုင်သည်။ သို့သော် ကျွန်တော်က သိနေပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် မသိအောင်ယူရန် မဖြစ်နိုင်ပါဟု ဖြေသည်၊

(၇) ဆရာကြီးက ထိုတပည့်အား သမီးနှင့် ထိမ်းမြားပေးလိုက်လေသည်တဲ့။

နောက်တစ်ခု

**(စာရိတ္တကိုယ်ကျင့်တရား ရိုးဖြောင့်မှု တကယ့်ဖြစ်ရပ်)**

(၁) သူငယ်ချင်းနှစ်ယောက်။

(၂) တစ်ယောက်ခရီးသွား၍ တစ်ယောက်က လိုက်ပို့

(၃) ဘူတာရှေ့မှာ ထီလက်မှတ်ရောင်းတာတွေ့၊ ထီတစ်ယောက်တစ်စောင်စီထိုး။

(၄) မီးရထားက ထွက်နေပြီ။

(၅) သူငယ်ချင်းရေ ငါ့လက်မှတ်ကို မင်းပဲသိမ်းထားလိုက်တော့ဟု ရထားပေါ်ပါသွား။

(၆) ထီလက်မှတ် ယူထားသည့်သူငယ်ချင်းက သူ့သူငယ်ချင်း၏ ထီလက်မှတ်က ထီပေါက်နေကြောင်းပြော၊ ထီလက်မှတ်ပြန်ပေး။

(၇) ထီဆုငွေကအများကြီး၊ ထီလက်မှတ်ပေါ်တွင် ဘာနာမည်အမှတ်အသားမှ ရေးမထား။

(၈) ထီလက်မှတ်တစ်ခုစီ စာအိတ်တစ်အိတ်စီထဲမှာ ထည့်ထား၊ စာအိတ်ပေါ်မှာ မင်းနာမည်ရေးထား၍ မင်းထီပေါက်တာကို ငါသိတာ။

## တစ်ခါသော်

(၁) ရဟန်းကြီးသည် အခြားရဟန်းတစ်ပါးနှင့်အတူ သီတင်းသုံးနေသည်။

(၂) ရဟန်းကြီး၏ မုန့်ချိုထုပ်ကို ရဟန်းကြီး အပြင်သွားခိုက် အချိန်မီပြန်မရောက်ဟုဆိုကာ မုန့်ချိုကိုယူ၍ ရဟန်းငယ်က ဘုဉ်းပေးသည်။

(၃) ရဟန်းကြီးပြန်ရောက်လာစဉ် အခါလွန်ပြီး မုန့်ချိုပျက်စီးအံ့စိုး၍ ဘုဉ်းပေးလိုက်ပြီဟု ရဟန်းငယ်က ပြောသည်။

(၄) ရဟန်းကြီးက ချိုသောအရသာကို မမက်မောသူ အဘယ်မှာရှိအံ့နည်းဟု ဆိုသည်။

(၅) ရဟန်းငယ်က ဤယနေ့မှစ၍ ငါ၏အအူအခွေတို့သည် မွတ်သိပ်သည်ဖြစ်၍ ပြင်ပသို့ထွက်ပြီး ကျက်စားလိုက ကျက်စားစေတော့၊ ငါမူကား မသင့်မအပ်သော အစာတို့ကို မစားတော့ပြီဟု အဓိဋ္ဌာန်ပြုတော်မူသည်တဲ့။

## ယနေ့လူငယ်များ

ယနေ့လူငယ်များသည် ကျွန်တော်တို့ ငယ်စဉ်ကထက် "ဉာဏ်ရည်လည်းသွက်လက်၊ ပညာလည်းထက်မြက်၊ အဘက်ဘက်တွင် သာလွန်၊ သတ္တိလည်း ချွန်ကြပါသည်။ သို့သော် ဉာဏ်ရှိ ယောက်ျား၊ မှားတတ်သော ခါ၊ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်သို့၊ ပျက်၍ အမြဲ၊ ပြင်နိုင်ခဲ၏" ဟူသော စကားကဲ့သို့ ထက်မြက်သူတို့ ပျက်သွားလျှင် ပြင်၍ မရအောင် ဘဝတုံးတတ်သည်။

သည်တော့ မာနကြီးဖို့လိုပါသည်။ စာရိတ္တမာန ခိုင်မာကြီးရင့်ဖို့လိုပါသည်။ "ငါ၏ အအူအခွေတို့သည် မွတ်သိပ်သည်ဖြစ်၍ ပြင်ပသို့ထွက်ပြီး ကျက်စားလိုက ကျက်စားစေတော့" ဟူသောစကားကို နားစွဲဖို့လိုသည်ဟု ထင်ပါသည်ဟု ဆရာကြီးက နိဂုံးချုပ်ရေးထားပါသည်။ ဆရာကြီးအောင်သင်း၏ စာရိတ္တမာန ဆောင်းပါးသည် ကျွန်တော်တို့ ရင်ထဲစွဲနေပါပြီ။ အဂတိတိုက်ဖျက်ရေး တာဝန်ထမ်းဆောင်ရသော ကျွန်တော်တို့အတွက် ပို၍ လေးနက်မှု ပြုရပါသည်။ မှတ်သားကျင့်ကြံသင့်ပါသည်။

## စာရိတ္တဟူသည်

စာရိတ္တ ဟူသည် အကျင့်သိက္ခာရှိသော၊ ကိုယ်ကျင့်တရားကောင်းသော၊ ဖြောင့်မတ် မှန်ကန်သော၊ သင်ခန်းစာယူထိုက်သော အကျင့်သီလဟု ဖွင့်ဆိုနိုင်ပါသည်။ ပါဠိစကား စာရိတ္တမှလာသည်။ အင်္ဂလိပ်ဘာသာအားဖြင့် Moral Character ဟု ဖွင့်ဆိုသည်။ ( မြန်မာ-အင်္ဂလိပ် အဘိဓာန်- (၁၉၉၄၊ စာ-၁၀၈ )

## မတရားကြွယ်ဝချမ်းသာမှု

မတရားကြွယ်ဝချမ်းသာမှုသည် အဘယ်နည်း။ နည်းမျိုးစုံတွေထဲမှာ မတရားမှုများ ရောပြွမ်းနေပါသလား။ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်၊ အလွဲသုံးစားမှု၊ ဥပဒေမဲ့ အခွင့်အရေး၊ ရထိုက်ခွင့်မရှိသော အခွင့်အရေး၊ ပြည်သူ့ဘဏ္ဍာ၊ ပြည်သူ့ပစ္စည်း၊ အများပိုင်ပစ္စည်းကို မလျော်သော အပြုအမူ၊ လုပ်ရပ်၊ ဖောက်ဖျက်မှုဖြင့် မတရားရယူခြင်း၊ ပျက်စီးစေခြင်း၊ ထိခိုက်နစ်နာစေခြင်း၊ ဥပဒေဖောက်ဖျက်ခြင်း၊ တစ်နည်းနည်းဖြင့် မတရားကြွယ်ဝချမ်းသာခြင်း၊ စာရိတ္တဖောက်ဖျက်ခြင်း၊ စာရိတ္တမာန မရှိခြင်းစသည်များ။ စဉ်းစားကြည့်လျှင် ထင်ရှားလှပေသည်။ ရှာဖွေလေလေ တွေ့ရှိလေလေ။

## သီလစင်ကြယ်ခြင်း

သီလစင်ကြယ်ခြင်းတွင် စာရိတ္တသီလသည် အဓိကဖြစ်ပါ၏။ စာရိတ္တသီလဆိုသည်မှာ အပြစ်မရှိသော လုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

စာရိတ္တသီလကို ယုံကြည်မှုသဒ္ဓါတရား၊ မပျင်းမရိ ပြုလုပ်မှုဝီရိယတရား၊ ဤတရားနှစ်ပါးနှင့် ပြည့်စုံသူမှသာ ဖြည့်ကျင့်ဆောင်ရွက်နိုင်ပေလိမ့်မည်။

စာရိတ္တသီလ(ရှောင်ရန်သီလ) မှာ ဤအမှုမျိုး မပြုကျင့်ရ၊ မပြုကျင့်ကောင်းဟု ထားရှိအပ်သော ရှောင်ကြဉ်ခြင်းဖြစ်ပါသည်။

သီလကျိုးခြင်း၊ ပေါက်ခြင်း၊ ပျောက်ခြင်း၊ ကြားခြင်းတို့သည် သီလညစ်ညူးခြင်းဖြစ်ကြောင်း ဘာသာအဆုံးအမများက ဖော်ပြပေသည်။

မကျိုး၊ မပေါက်၊ မပျောက်၊ မကြားသောသီလသည် စင်ကြယ်သည်ဖြစ်သည်ဟုလည်း မှတ်သားဖူးပါသည်။

## အသက်ကိုစွန့်ပြီး

ရစ်မသည် မိမိအသက်ကိုစွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ စာမရီ သားကောင်သည် အသက်ကိုစွန့်ပြီး မိမိ၏ အမွေးအမှင်ကို စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ သားတစ်ယောက်တည်းသာရှိသော သူသည် မိမိ၏တစ်ဦးတည်းသောသားကို ယုယုယယ စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ မျက်စိတစ်ဖက်ကန်းသူသည် ကျန်သော မျက်စိတစ်ဖက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့လည်းကောင်း၊ ထို့အတူ သီလကို စောင့်ရှောက်ထိန်းသိမ်းကြရသည်ဟူသော ဆိုရိုးစကားများမှာ ထင်ရှားလှပါသည်။




## မာန

မာနရှိဖို့လိုသည်။ ဘယ်လိုမာနမျိုးလဲ။ စင်ကြယ်သော မာန၊ သန့်ရှင်းသောမာန၊ စာရိတ္တမာန ဖြစ်သည်။ အပြစ်မရှိသော အလုပ်လုပ်မည်။ သီလစင်ကြယ်သော အလုပ်လုပ်မည်။ သန့်ရှင်းသော အလုပ်လုပ်မည်။ စာရိတ္တမာန ရှိသော အလုပ်လုပ်မည်။ အပြစ်ကင်းခြင်းကို ရှာဖွေမည်။ အပြစ်ကင်းခြင်းကို မြတ်နိုးမည်။ စင်ကြယ်သော မာန ထားရှိမည်။ ရိုးသားမည်၊ နိုးကြားမည်၊ ကြိုးစားမည်ဟု ဆရာကြီးအောင်သင်း၏ စာရိတ္တမာန စာအုပ်ဖတ်ပြီး ကျွန်တော်တွေးမိ၊ ရေးမိခြင်းဖြစ်ပေသည်။

## ပြောသလောက်လွယ်ပါ့မလား

စာရိတ္တမာနထားဖို့ဆိုတာ ပြောသလောက်လွယ်ပါ့မလား။ ရေးသလောက် လွယ်ပါ့မလား။ စဉ်းစားကြည့်ဦး ဟု ကျွန်တော့်အား မေးသူကမေးသည်။ စောဒကတက်သူက တက်သည်။ ဟုတ်ပေသားပဲ။ ပြောသလောက်တော့ ဘယ်လွယ်ပါ့မလဲ။ ကြိုးပမ်းကြည့်ရမည်သာ ဖြစ်သည်။ အားထုတ်ကြည့်ရမည်သာဖြစ်သည်။

## လူဆိုသည်မှာ

လူဆိုသည်မှာ မှားတတ်သည့်အမျိုး။ မှားမည်မှာ သဘာဝကျသည်။ အမှားကို အမှားမှန်းသိဖို့၊ သိပြီးပြင်ဖို့၊ သတ္တိရှိဖို့။ ပြင်နိုင်ခဲ့သည်မို့ ပြင်ကြမှဖြစ်မည်။ ပြောင်းလဲတတ်မှ ဖြစ်မည်။

## အနှစ်ချုပ်

ဒီခေတ်ကြီးမှာ "ရိုးရိုးသားသားလုပ်နေရင် ထမင်းငတ်သွားမှာပေါ့" ဟု ပြောတတ်သော လူမျိုးကို ဘယ်တော့မှ အထင်မကြီးပါလေနှင့်။ ကလိမ်ကျတတ်သော စရိုက်ကို အဖတ်ဆယ်သော စကားဖြစ်ကြောင်း ဆရာကြီးအောင်သင်းက အနှစ်ချုပ်မှာကြား ထောက်ပြ သတိပေးခဲ့ပါသည်။

'စာရိတ္တမာနထားကြပါစို့' ဟု ဆရာကြီးအောင်သင်း၏ တပ်လှန့်ချက်ကို ထပ်ဆင့်မျှဝေအပ်ပါကြောင်း။

# လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်ရှာဖွေစစ်ဆေး

**တာချီလိတ် ဩဂုတ် ၁၇**

နယ်စပ်ဒေသမြို့ဖြစ်သည့် တာချီလိတ်မြို့တွင် မြို့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများဖော်ထုတ်နိုင်ရေးအတွက် ရှောင်တခင်ပူးပေါင်းရှာဖွေစစ်ဆေးခြင်းကို ဩဂုတ် ၁၆ ရက် ညပိုင်းက ဆန်ဆိုင်း(က)ရပ်ကွက် ပုံလို့လမ်း နှင့် ရွှေမြေသာယာဈေး (လားဟူဈေး) လမ်းဆုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးမျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် ၁၁၇ ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တပ်ဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ဆန်ဆိုင်း (က)ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ည ၈ နာရီမှ ၁၀ နာရီ အထိ ပူးပေါင်းစစ်ဆေးရှာဖွေဆောင်ရွက်ခဲ့သည်။

ပြည်သူများ ဘေးကင်းလုံခြုံရေး၊ ရပ်ကွက်အတွင်းတရားဥပဒေစိုးမိုးရေး၊ မှုခင်းဖြစ်စဉ်များ လျော့နည်းပပျောက်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လှည့်ကင်းမော်တော်ယာဉ်များဖြင့် ညစဉ်လှည့်လည်စစ်ဆေးခြင်းအပြင် ရှောင်တခင် ရှာဖွေစစ်ဆေးခြင်းများလည်း အဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းကျင်းပ

**လားရှိုး ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မန်ပျဉ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလိုင်းခမ်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့က ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို) ကော်မတီဝင် ဒေါ်ခင်သန်းနွဲ့ (မမ-လားရှိုး)က အစီအစဉ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

မန်ပျဉ်ကျေးရွာအုပ်စုအတွင်းရှိ ကန်လုံရွာ၊ လုံလရွာ၊ ချိန်ဝိုးရွာပိန်းဆာကျေးရွာများမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ၃၀၀ ခန့်တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**အောင်မင်း**

## မန္တလေးတိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု

**မန္တလေး ဩဂုတ် ၁၇**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် လမ်း ၆၀ ထောင့်ရှိ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က နိုင်ငံတော်တည်ဆောက်ရန် ကျန်းမာ၊ ကြံ့ခိုင်သန်စွမ်းပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွက်လာစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကျောင်းကျန်းမာရေးသီတင်းပတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘများပူးပေါင်းပါဝင်မှသာ ပြည့်စုံအောင်မြင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သူငယ်တန်း ကျောင်းသား ကျောင်းသူများအတွက် အာဟာရမုန့်များပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မန္တလေးခရိုင်အဆင့် ရွေးချယ်ထားသော စံပြကျောင်း ပထမ၊ ဒုတိယ၊ တတိယဆုရ အခြေခံပညာကျောင်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုများပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက အဖွဲ့သည် ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ပညာရေး၊ ကျန်းမာရေး၊ အားကစားဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးပြခန်းများ၊ မူလတန်း ကျောင်းသား ကျောင်းသူများ အား အာဟာရတိုက်ကျွေးနေမှု၊ ကျောင်းမုန့်ဈေးတန်းများအား ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ-မရှိ လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**



## ချင်းပြည်နယ်အစိုးရအဖွဲ့၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲ ဟားခါး၌ ကျင်းပ



**ဟားခါး ဩဂုတ် ၁၇**

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက ဟားခါးမြို့ ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြည်နယ်နှင့် ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးစသည့် ဦးစားပေးလုပ်ငန်းသုံးခုကို ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာမှာ ချင်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုမှာ နှစ်နှစ်တာကာလအတွင်း နှစ်ဆခန့် တိုးတက်လာခဲ့ကြောင်း၊ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိရာ ကျောင်းပေါင်း ၂၀၀ ကျော်ကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သလို ကျောင်းပေါင်း ၁၀၀ ကျော်ကို ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် ပညာရေးကောလိပ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ချင်းပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများ ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဒုတိယတစ်နှစ်တာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးရှင်းလင်းကြသည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ဆွေးနွေးပွဲကျင်းပ

**လှိုင်ကော် ဩဂုတ် ၁၇**

၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဌာနဆိုင်ရာများအနေဖြင့် မိမိတို့စီမံခန့်ခွဲလျက်ရှိသော မြေများပေါ်တွင် ကျူးကျော် မဝင်ရောက်စေရေးအတွက် စနစ်တကျအစီအမံများချမှတ်ပြီး ထိန်းသိမ်းကြရမှာဖြစ်ကြောင်း၊ ကျူးကျော်မှုများကိုလည်း ဥပဒေနှင့်အညီ ဖယ်ရှားဆောင်ရွက်သွားရမည်ဖြစ်ပြီး ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ဆွေးနွေးမေးမြန်းစေလိုကြောင်း၊ ဖယ်ရှားခံရသူများအနေဖြင့် ဥပဒေနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအယူခံအဖွဲ့သို့ခိုင်မာသည့်အထောက်အထားများဖြင့် အယူခံတင်သွင်းခွင့်ရှိကြောင်း၊ ဌာနများက ပြည်သူများနှင့် ထိတွေ့ရသည့် လုပ်ငန်းစဉ်များမှာလည်း ပြည်သူများအတွက်စေတနာထား ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အငှားချအိမ်ရာမြေပေါ်ရှိ ကျူးကျော်နေထိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ဥပဒေဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွေးက ၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ နှင်ထုတ်ခြင်း အက်ဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးက အငှားချအိမ်ရာမြေပေါ်ရှိ ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရာတွင်လည်း ဖယ်ရှားခြင်းခံရသည့် ကာယကံရှင်အနေဖြင့်လည်း အက်ဥပဒေအရ အယူခံဝင်ခွင့်ရှိသည်ကို နားလည်သိရှိအောင်ချပြပေးရန် လိုအပ်ကြောင်းနှင့် ဂရန်လျှောက်ထားခြင်းနှင့် ပတ်သက်ပြီး သိရှိလိုသည်များ ဆွေးနွေးမေးမြန်းခြင်း၊ ပြည်နယ်ဥပဒေချုပ်က အက်ဥပဒေနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခြင်း၊ ဆေးရုံအုပ်ကြီး ကိုယ်စားတက်ရောက်လာသူများက ဆေးရုံမြေအတွင်း ကျူးကျော်နေမှုနှင့်ပတ်သက်ပြီး ရှင်းလင်းဖယ်ရှားမည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာသူများက ကဏ္ဍအလိုက် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသည့် ဌာနဆိုင်ရာများအနေဖြင့် အက်ဥပဒေနှင့်အညီ အလေးအနက်ထား ဆောင်ရွက်စေလိုကြောင်း၊ ဌာနများအနေဖြင့် အစိုးရဥပစာအတွင်း ကျူးကျော်နေမှုများနှင့် ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့ဘက်မှ ပိုင်ဆိုင်မှု အထောက်အထားများရရှိရန် အဓိကလိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။ **ညဏ်လင်း (ကယား)**






## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဘားအံ ဩဂုတ် ၁၇**

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးအန္တရာယ်များအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်နှင့် ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ရိုးမဘဏ်နှင့် Aung Gyi Group of Companies တို့က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဘားအံရိုးမဘဏ်မန်နေဂျာ ဒေါ်နွယ်နွယ်ဦးက "ကျွန်မကတော့ ရိုးမဘဏ်ကိုယ်စားပြုပြီး အလှူငွေကို လာရောက်ပေးအပ်ခြင်းဖြစ်ပါတယ်၊ ရိုးမဘဏ်မိသားစုအနေနဲ့ ကရင်ပြည်နယ်မှာ ရေဘေးသင့်ပြည်သူတွေအတွက် အလှူငွေတွေကို လာရောက် လှူဒါန်းခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

Aung Gyi Group of Companies ၏ CEO ဦးအောင်သူက "အခုလိုပြည်နယ်အတွင်းမှာ ရေဘေးနဲ့ ကြုံတွေ့တဲ့အချိန်အခါမျိုးမှာ ပြည်သူတွေ အခက်အခဲအကျပ်အတည်းတွေနဲ့ ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့က တစ်တပ်တစ်အား တစ်နိုင်တစ်ပိုင်ဝင်ရောက်ကူညီပြီးတော့ တည်ဆောက်ကြံပိုးကြတဲ့ ရည်ရွယ်ချက်လေးပါ၊ ကျွန်တော်တို့ကုမ္ပဏီတွေရဲ့ ရည်ရွယ်ချက်လေးဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ဟာ ဆန်အိတ်တွေ၊ ပဲအိတ်တွေ၊ မျိုးစပါးတွေနဲ့ အလှူငွေတွေလာရောက်ပေးအပ်ခြင်းဖြစ်ပါတယ်၊ လက်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ရိုးမဘဏ်မှ အလှူငွေကျပ်သိန်း ၄၀၀ ကိုလည်းကောင်း၊ Aung Gyi Group of Companies မှ ဆန် ၂၄၅ တင်း (တန်ဖိုး ၁၃၅ သိန်း)၊ မျိုးစပါး တင်း ၂၀၀ (တန်ဖိုးသိန်း ၅၀)၊ ပဲအိတ် ၁၆၀ (တန်ဖိုး ၅၅ သိန်း) စုစုပေါင်း ငွေတန်ဖိုးသိန်း ၂၄၀ အားလည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာ




**ရန်ကုန် ဩဂုတ် ၁၇**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အဖွဲ့ခေါင်းဆောင်အဖြစ်လိုက်ပါ၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုင်အိုလီဗာယင်းဗှာထောင်းလွယ်တို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ဩဂုတ် ၁၉ ရက်တွင် ပြုလုပ်မည့် (၃၇) ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံ (37th OCA General Assembly) နှင့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ရန်လည်းကောင်း၊ မြန်မာ့အားကစား အုပ်ချုပ်မှုအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းထိုက်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင် ရှစ်ဦး၊ ပိုက်ကျော်ခြင်းအားကစားသမား ၂၉ ဦး၊ ဘော်လီဘောအားကစားသမား ၁၅ ဦး၊ ဝူရှူးအားကစားသမား ၁၂ ဦး စုစုပေါင်း ၆၄ ဦးတို့သည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**ကိုကြည်**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်

**မြိတ် ဩဂုတ် ၁၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်ယာဝကျေးရွာအုပ်စု သဗျာကျေးရွာတွင် ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်ကိုးလုံးမှ ရေဘေးသင့်ပြည်သူများအား တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ မြို့နယ်သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် သွားရောက်အားပေးစကားပြောကြားခဲ့ကြပြီး ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

ရေဘေးသင့်၍ နေအိမ်ပြိုကျခဲ့ကာ နီးစပ်ရာဆွေမျိုးများထံ ယာယီနေထိုင်ကြသည့် ပြည်သူများအတွက် ဝန်ကြီးဦးဖြိုးဝင်းထွန်းက ကျပ်နှစ်သိန်း၊ ဌာနဆိုင်ရာများစုပေါင်းလှူဒါန်းငွေ ကျပ်နှစ်သိန်းခွဲနှင့် အိမ်ထောင်စုတစ်စုလျှင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ ပုံးတစ်ပုံး၊ ထောက်ပံ့ငွေကျပ်တစ်သိန်းစီနှင့် လူဦးရေ ၃၄ ဦးအတွက် ဆန်ဖိုးခုနစ်ရက်စာကျပ် ၇၁၄၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သည့် အိမ်ဆောက်ပစ္စည်း ၁၀ မျိုး၊ တစ်ကိုယ်ရေအသုံးဆောင်ပစ္စည်း ၁၈ မျိုး၊ Family Kit ပစ္စည်း ၁၁ မျိုး၊ မီးဖိုချောင်သုံးပစ္စည်းလေးမျိုးတို့ကို ဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ကျောင်းကျန်းမာရေး(စံပြ)ကျောင်းများ ဆုချီးမြှင့်

**ပဲခူး ဩဂုတ် ၁၇**
ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမတွင် ပဲခူးတိုင်းဒေသကြီး ၂၀၁၈-၁၉ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းကျန်းမာရေး(စံပြ)ကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးသည် အဓိကမဏ္ဍိုင်ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးလိုက်စားကာ ဘက်စုံကျန်းမာဖွံ့ဖြိုးသည့် လူငယ်လူရွယ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြဖို့လိုကြောင်း၊ အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းကဆိုသည့်အတိုင်း နိုင်ငံတော်အတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့်ကျောင်းကျန်းမာရေးလုပ်ငန်းသည် အလွန်အရေးပါလှသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ၊ ဥပဒေချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ရန်ကင်းကလေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၇**
ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲကို ဩဂုတ် ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ရန်ကင်းကလေးဆေးရုံကြီး၌ ပြုလုပ်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲတွင် ရန်ကင်းကလေးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမောင်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးစိုးငွေနှင့် ဝန်ထမ်းများ၊ ရန်ကင်းမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူးများနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ အင်အား ၁၅၀ ခန့်တို့သည် ဆေးရုံဝင်းအတွင်းနှင့်အပြင်တို့တွင် ရေမြောင်းများရှင်းလင်းတူးဖော်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးနှင့်အဖွဲ့သည် ဆေးရုံကြီး၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးထားရှိမှုများကို စစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်အတွက် ဆောင်ရန်ရှောင်ရန်များကို အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# ကလေးစာပေပွဲတော်(မင်းဘူး) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မင်းဘူး ဩဂုတ် ၁၇**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မင်းဘူးခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော် (မင်းဘူး) ကို ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကဏ္ဍစုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ပြခန်းများ၊ အသိပညာပေးဟောပြောပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲများအနေဖြင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ကစားနည်းပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲ၊ မူကြိုကဗျာရွတ်ပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ အားကစားမျိုးစုံ ပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်း၊ ပြခန်းများပြသရာတွင် ကလေးစာဖတ်ခန်း၊ စာအုပ်ပြခန်း၊ ယဉ်ကျေးမှုအနုပညာနှင့် ဒေသဆိုင်ရာပြခန်း၊ မြန်မာမြေစွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရေးပြခန်း၊ ကလေးသူငယ်ဆိုင်ရာပြခန်း၊ နတ်ရေကန်တောင်တန်းဒေသ အရှိုချင်းရိုးရာအသုံးအဆောင်ပစ္စည်းများပြခန်း စသည့်ပြခန်းများ ပြသမည်ဖြစ်သည်။

ထို့ပြင် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဒေသခံစာရေးဆရာများက အသိပညာပေးဟောပြောခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## တိုတိုထွာထွာဖတ်စရာ

# တွံတေး၌ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးဆောင်ရွက်

**တွံတေး**
တွံတေးမြို့နယ် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အိုးဖိုအရှေ့ရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးကုသခြင်းကို ဩဂုတ် ၁၇ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသိန်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်မြမြမော်က တစ်ကိုယ်ရေသန့်ရှင်းရေး၊ တိုင်းရင်းဆေးဖြင့်စောင့်ရှောက်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောခဲ့သည်။ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

# မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းဆောင်ရွက်

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး မှုခင်းပြခန်းယာဉ်ဖြင့် ဩဂုတ် ၁၆ ရက်က သန်လျင်အထက (၁)ရှေ့တွင် ကျောင်းသား ကျောင်းသူ ၃၇၅ ဦးအား သန်လျင်မြို့မရဲစခန်းမှူး ဒုရဲမှူးစောထွန်းနှင့် တပ်ဖွဲ့ဝင်များက အသိပညာပေးရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန်**
မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါဝင်သော ငါးလုပ်ငန်းနှင့် ငါးဖမ်းစက်လှေများပေါ်တွင် လူကုန်ကူးမှုမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အဏ္ဏဝါအောင်ငါးချဆိပ်ကမ်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်းဝန်ထမ်းများ၊ ပုဇွန်တောင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ငါးဖမ်းစက်လှေပိုင်ရှင်များ၊ ရေလုပ်သားများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမျိုးလွင်က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

**စိုးအောင်**

# ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)စာပေဟောပြောပွဲကျင်းပ

**ရန်ကုန်**
ရေကြောင်းရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်မိသားစုများ အသိပညာတိုးတက်စေရန်နှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)တွင် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) ခရိုင်အဆင့်စည်းရုံးရေးကော်မတီ၏ မိသားစုစာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) ခရိုင်အဆင့်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကျော်ထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး စာရေးဆရာမ ဒေါ်သင်းသင်းသာက စာအုပ်စာပေချစ်တတ်ဖို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဒေါ်ယမင်းခင်က မေမေများအသိဉာဏ်ကြွယ်ဝစေဖို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေး ဟောပြောခဲ့သည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၇**
မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးတင်ငွေက မူးယစ်ဆေးဝါးအစဆေးလိပ်နှင့်ကွမ်းယာခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ် ၁၀၁ တပ်စုမှ ဒုရဲအုပ်အောင်ဖြိုးဝေက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲနာယက လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမောင်မောင်တာက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း စသည်တို့ကို ပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲမှ အဖွဲ့ဝင်များ၊ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ နေပြည်တော်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အမှတ် ၁၀၁ တပ်စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဟောပြောပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၇**
မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ အခြေခံပညာအထက်တန်းအဆင့် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီခွဲက မြစ်ကြီးနားမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဏ္ဍူသက ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစိန်နွယ်က အမှာစကားပြောကြားကာ မြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဇော်ဇော်က အခွန်နှင့် အခ၏ အဓိပ္ပာယ်၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ အဓိကအခွန်အုပ်စုကြီးများ၊ သွယ်ဝိုက်ခွန်နှင့် တိုက်ရိုက်ခွန်၊ ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရတို့မှ ကောက်ခံသည့် အခွန်အမျိုးအစားများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွန်ကောက်ခံရရှိမှု ဆက်စပ်နေပုံ၊ ကုန်သွယ်လုပ်ငန်းခွန်တွင် ပါဝင်သည့် ကုန်စည်များအပေါ် အခွန်နှုန်းထားသတ်မှတ်ခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းများအပေါ် အခွန်နှုန်းထား သတ်မှတ်ခြင်း၊ ကုန်စည်များအပေါ် အခွန်ကောက်ခံပုံ၊ ဝန်ဆောင်မှုများအပေါ် အခွန်ကောက်ခံပုံ၊ စားသုံးသူနှင့် လုပ်ငန်းရှင်များ လိုက်နာသိရှိရမည့် အချက်များ၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် ပတ်သက်၍ သိကောင်းစရာများအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိန်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများ၏ သိလိုသည်များကို ရှင်းလင်းဖြေကြားပေးပြီး အခမ်းအနားသို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ကေသွယ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ကျော်အား အခွန်အကြောင်း သိကောင်းစရာများအကြောင်းအရာပါ လက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြောင်း သိရသည်။ **ဦးလေးကြီး**

## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက တာမွေယာယီဈေးအတွင်း ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၇**
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါက်တာစုမြတ်စန္ဒီ ဦးဆောင်သည့် (FDA)အဖွဲ့ဝင်များနှင့် မြို့နယ်တာဝန်ရှိသူများပါဝင်သည့် ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များသည် ဩဂုတ် ၁၇ ရက် နံနက်က တာမွေယာယီဈေးအတွင်းရှိ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ ပဲပြားနှင့် မုန့်ဟင်းခါးဖတ် အရောင်းဆိုင်များအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

"ဆေးအရောင်းဆိုင်တွေကို လိုင်စင်စစ်ဆေးခြင်း၊ မှတ်ပုံမတင်ထားတဲ့ ဆေးဝါးများရောင်းချမှု ရှိ-မရှိ၊ သက်တမ်းလွန်ဆေးဝါးများ၊ ဆေးဝါးအတုများ၊ပျက်စီးနေတဲ့ ဆေးဝါးများကို စနစ်တကျ စစ်ဆေးပါတယ်။ အစားအသောက်တွေကိုလည်း နမူနာပစ္စည်းတွေကို တရားဝင်ဝယ်ယူပြီး Mobile Laboratory ဓာတ်ခွဲခန်းမော်တော်ယာဉ်နဲ့ ချက်ချင်းစစ်ဆေးပြီး ဆောင်ရွက်ပေးပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။ **၅၉၇**



## မိုင်းပျဉ်းတွင် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်

**မိုင်းပျဉ်း ဩဂုတ် ၁၇။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ်လ ဒုတိယပတ်က မြို့နယ်ရုံး၌ ပြုလုပ်ခဲ့ရာ ဟွေမုကျေးရွာ၊ ဝမ်းဖြစ်ကျေးရွာ၊ နားညောင်ကျေးရွာများမှကော်မတီများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်တို့က တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာသုံးရွာအတွက် ငွေကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျေးရွာသုံးရွာတွင် အရှည်ပေ ၆၃၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်း သုံးလမ်းကို နှစ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **၅၆၈**

# ရွှေခရုများကျရောက်သော်လည်း မိုးစပါးလျာထားဧကပြည့်မီရေးဆောင်ရွက်လျက်ရှိ

**သပြေထွန်း**

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း ရွှေခရုများ ကျရောက်နေမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးလယ်မြေအများအပြားတွင် ရွှေခရုအကောင်နှင့် ဥမြုံကောက်ယူဖျက်ဆီးပွဲများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည်ဖြင့် သက်ဆိုင်ရာဌာနများပါဝင်သော မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့တို့က မြို့နယ်အစီအစဉ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး မိုးစပါးလျာထားဧကပြည့်မီရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆန်စပါးက ကျွန်တော်တို့နိုင်ငံသားအားလုံးရဲ့ အသက်သွေးကြောဖြစ်သလို ကျိုက်လတ်မြို့နယ်ရဲ့ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ တတ်နိုင်တဲ့နည်းနဲ့ အပျက်အစီးနည်းနိုင်သမျှနည်းအောင် ကာကွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရွှေခရုကျရောက်မှုနဲ့ပတ်သက်ပြီး အရင်နှစ်ကကြုံခဲ့ရတဲ့ အခြေအနေပေါ်မှာ ပြန်သုံးသပ်ပြီး လက်ရှိမှာလည်း အကောင်းဆုံးကာကွယ်နိုင်ဖို့ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမယ့်ကဏ္ဍတွေ၊ မိခင်ဌာနအနေနဲ့ ဆောင်ရွက်ရမယ့်ကဏ္ဍတွေနဲ့ သီးနှံကာကွယ်ရေးအဖွဲ့တွေပါဖွဲ့စည်းပြီး မြေပြင်ထိ လိုက်လံဆောင်ရွက်ပေးနေပါတယ်" ဟု ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးက ပြောသည်။

စိုက်ပျိုးပြီးမိုးစပါးများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များနှင့် သက်ဆိုင်ရာဌာနများကလည်း ရွှေခရုကာကွယ်ရေးပညာပေးဆွေးနွေးပွဲများကို ယခုနှစ် နှစ်စပိုင်းမှ ယနေ့ထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့လည်း လတ်တလောအသံထွက်လာတဲ့ စပါးဖျက်ရွှေခရုကြိုတင်ကာကွယ်ရေးပညာပေးဆွေးနွေးပွဲတွေကို တောက်လျှောက်ဆောင်ရွက်ပေးနေသလို ကျေးရွာအုပ်စု ၈၉ အုပ်စုနဲ့ ရပ်ကွက်နှစ်ခုမှာရှိတဲ့ တောင်သူ ၂၀၇၉၃ ဦးကိုလည်း ပြီးခဲ့တဲ့ ဇူလိုင်လကုန်ထိ လက်ကမ်းစာစောင်ဖြန့်ဝေပေးခဲ့ပြီး သီးနှံပိုးမွှားကာကွယ်ရေး (PP Software) များကိုလည်း တောင်သူအချို့ကို ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဇူလိုင် ၂၄ ရက်မှာလည်း ဘုံလုံချောင်းကျေးရွာမှာ ရွှေခရုကောက်ယူဖျက်ဆီးမှုဆောင်ရွက်ခဲ့ပြီး ရရှိတဲ့ ရွှေခရုအကောင်သုံးတင်း၊ ဥမြုံလေးပြည်ကို ကောက်ယူရှင်းလင်းဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ကွင်းတွေကိုလည်း လိုအပ်ရင်လိုအပ်သလို ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ကျိုက်လတ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးကပြောသည်။

ခရုကျရောက်ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရေးအတွက် တောင်သူများက လူအားဖြင့်ကောက်ယူခြင်း၊ ကန်သင်းရိုးရေထွက်ပေါက်များတွင် စိမ်းပြာဇာပိုက်များ ကာရံခြင်း၊ စပါးမကြဲမီထုံးမှုန့်ဖြူးခြင်း၊ ပျိုးပေါင်ဖြင့် ပျိုးထောင်ခြင်း၊ ခရုများဥဥရန်စိုက်ခင်းအတွင်း ဝါးတိုင်ငယ်လေးများစိုက်၍ တက်လာသော ဥများအားဖျက်ဆီးပစ်ခြင်း၊ လယ်ထဲသို့ ဘဲနှင့် ငါးထည့်သွင်းမွေးမြူခြင်းစသည်ဖြင့် သင့်တော်သည့် နည်းလမ်းအသုံးပြုဆောင်ရွက်ပေးပါက ရွှေခရုကျရောက်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က မိုးစပါးဧက ၄၀ စိုက်ပျိုးပါတယ်။ လယ်ထဲကို ခရုတွေရောက်လာတာ ဟုတ်ပါတယ်။ အပျက်အစီးနည်းတယ်ဆိုတာက ကိုယ့်လယ်ကို ကိုယ်နိုင်တဲ့ နည်းလမ်းနဲ့ထိန်းထားလို့ပါ။ စိုက်ပျိုးရေးဦးစီးဌာနကလည်း စိုက်ပျိုးရေးပညာပေးဆွေးနွေးပွဲတွေပြုလုပ်ပါတယ်။ ကွင်းဆင်းဆောင်ရွက်မှုတွေလည်း



ပြုလုပ်လာတာတွေ့ရပါတယ်။ ရေထုတ်ပေါက်တွေကို ဇာပြာပိုက်နဲ့ကာပြီး ကန်သင်းရိုးကိုကောင်းအောင် ပြုလုပ်ထားပါတယ်။ တစ်ကောင်ကျ တစ်ကောင်ကောက်စနစ်နဲ့ ကာကွယ်နေပါတယ်" ဟု ကျိုက်လတ်မြို့ အမှတ် (၅) ရပ်ကွက်ရှိ တောင်သူဦးအေးမင်းက ပြောသည်။

ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာရှိ မိုးစပါးရှစ်ဧကစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူဦးငွေဝင်းက "ဒီဘက်နှစ်တွေမှာ တစ်ခါတစ်ရံ မိုးများပြီး ရေကြီးတာတို့၊ ခရုကိုက်တာတို့ကတော့ အလေ့အထတစ်ခုလို့တောင် ပြောရမလိုဖြစ်နေပြီ။ ဒါပေမယ့် ဒီနှစ်တော့ ခရုကိုက်ပေမယ့် ပျက်စီးမှုမရှိဘဲ အနည်းအကျဉ်း ထိခိုက်မှုလောက်သာ ရှိပါတယ်။ ခရုကိုက်တယ်အသံကြားတဲ့နေရာတွေကို စိုက်ပျိုးရေးက အဓိကထားပြီး ကြီးကြပ်လာတာတွေ့ရတော့ဝမ်းသာပါတယ်။ အခုလိုသာ လယ်သမားနဲ့ ဌာန တက်ညီလက်ညီ ပူးပေါင်းသွားမယ်ဆိုရင်တော့ လာမယ့်နှစ်တွေမှာ သဘာဝဘေးနဲ့ ခရုကျရောက်မှုအန္တရာယ်က အများကြီးလျော့ကျသက်သာသွားနိုင်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ၏ဒေသအချို့တွင် ကျရောက်ပေါက်ပွားလျက်ရှိသည့် ရွှေခရုများ၏ မူရင်းဒေသမှာ တောင်အမေရိကဖြစ်၍ ထိုင်ဝမ်သို့ ပင်လယ်စာအဖြစ် တင်ပို့ရာမှရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး တစ်ဖန် ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် ထိုင်ဝမ်မှ ဖိလစ်ပိုင်၊ ဂျပန်နှင့် ထိုင်းနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအပါအဝင် စပါးစိုက်ပျိုးသည့် နိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိလာကာ စိုက်ပြီးစပါးပင်တစ်လသားအရွယ်အတွင်း ကျရောက်ဖျက်ဆီးလေ့ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သည် မိုးစပါးအဓိကစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၃၂၆၈၆ ဧက၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၃၂၆၉၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၁၃၂၇၅၄ ဧကထိ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ။



# အမ်မာစတုန်းကို ကျော်လွန်ကာ ယခုနှစ်ရဲ့ အနုပညာကြေး အမြင့်ဆုံးသော မင်းသမီးဖြစ်လာတဲ့ စကားလက်ဂျိုဟန်ဆန်

ဟောလိဝုဒ်ရဲ့ နာမည်ကျော် မင်းသမီးတစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်ဆန်ဟာ ယခုနှစ်ရဲ့ အနုပညာကြေးအမြင့်ဆုံးရရှိခဲ့တဲ့ မင်းသမီးတစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။ ယခင်က ဒီနေရာမှာ မင်းသမီးအမ်မာစတုန်းက ရပ်တည်ခဲ့ပေမယ့် လတ်တလော ဖော်ဘီစ်ဒေ့ါကွန်းက ဖော်ပြခဲ့တဲ့ စာရင်းတွေအရ ယခုနှစ်မှာတော့ စကားလက်ဂျိုဟန်ဆန်ရဲ့ ဝင်ငွေက ပိုမိုရရှိခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ အမျိုးသမီး လူစွမ်းကောင်းရုပ်ရှင်မှာ စကားလက်ဂျိုဟန်ဆန်က အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဘလက်ဝစ်ဒိုးနေရာကနေ ပါဝင်ထားပါတယ်။ လတ်တလောမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စကားလက်ဂျိုဟန်ဆန်ဟာ ယင်းရုပ်ရှင်အတွက် အနုပညာကြေး အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဝင်ငွေကြောင့်ပင် သူဟာ ပြီးခဲ့တဲ့ သောကြာနေ့က ဖော်ဘီစ်ဒေ့ါကွန်းက ဖော်ပြခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးသော အမျိုးသမီးသရုပ်ဆောင်များစာရင်းမှာ ထိပ်ဆုံးကနေ နေရာယူနေတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာတော့ အော်စကာဆုရှင် မင်းသမီးအမ်မာစတုန်းက ရပ်တည်နေခဲ့တာဖြစ်ပြီး ယခုနှစ်မှာတော့ စကားလက်ဂျိုဟန်ဆန်က အမ်မာစတုန်းရဲ့ ဝင်ငွေထက်ကျော်လွန်ခဲ့တာလည်း ဖြစ်ပါတယ်။ ယခုနှစ်အတွက် ဝင်ငွေတွေကို တွက်ရာမှာတော့ ပြီးခဲ့တဲ့နှစ် ဇွန် ၁၁ ရက်မှ ယခုနှစ် ဇွန် ၁ ရက်အထိ ရရှိခဲ့ကြတဲ့ ဝင်ငွေတွေကို ထည့်သွင်းရေတွက်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ စကားလက်ဂျိုဟန်ဆန်အနေနဲ့ ဘလက်ဝစ်ဒိုးအဖြစ် ပါဝင်ထားတဲ့ ရုပ်ရှင်မှာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Avengers: Infinity War" ဖြစ်ပြီး ပြီးခဲ့တဲ့နှစ်အတွင်း ရုံတင်ပြသခဲ့တာ ဖြစ်ပါတယ်။ စကားလက်ဂျိုဟန်ဆန်ဟာ လာမယ့် ၂၀၁၉ ခုနှစ်အတွင်းမှာလည်း ဝေ့ါဒစ်စနေနဲ့ မာဘယ်ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းဖန်တီးသွားမယ့် ရုပ်ရှင်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်လာဦးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခုနှစ်ရဲ့ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ မင်းသမီးကတော့ အန်ဂျလီနာဂျိုလီပါ၊ အသက် ၄၃ နှစ်ရှိပြီဖြစ်တဲ့ ဂျိုလီက အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ဝင်ငွေရရှိခဲ့ပြီး ယခုနှစ်ရဲ့ ဝင်ငွေအကောင်းဆုံးသော အမျိုးသမီးသရုပ်ဆောင် ဆယ်ဦးစာရင်းမှာ ပါဝင်လာခဲ့တာ ဖြစ်ပါတယ်။ သူကတော့ ဒီဝင်ငွေတွေကို လာမယ့် ၂၀၂၀ ပြည့်နှစ်အတွင်း ရုံတင်သွားမယ့် "Maleficent 2" ရုပ်ရှင်အတွက် ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

တတိယနေရာမှာ ရပ်တည်နေသူကတော့ ဂျနီဖာအန်နစ်စတန်ဖြစ်ပါတယ်။ အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အန်နစ်စတန်ကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ သန်း ရရှိခဲ့တာပါ။ သူဟာ ရုပ်ရှင်ရိုက်ကူးရေးကနေ ဝင်ငွေရရှိခဲ့တာမဟုတ်ဘဲ အခြားသော အနုပညာလှုပ်ရှားမှုတွေကနေ ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်သာရှိသေးတဲ့ အော်စကာဆုရှင် မင်းသမီးတစ်ဦးဖြစ်သူ ဂျနီဖာလောရန့်စ်ကတော့ ယခုနှစ်ရဲ့ စတုတ္ထမြောက် ဝင်ငွေအကောင်းဆုံးသော မင်းသမီးဖြစ်ပါတယ်။ သူဟာ ယခုနှစ်အတွင်း ရုပ်ရှင်တွေလည်း ထွက်ရှိထားပြီး ဖက်ရှင်နဲ့ပတ်သက်ပြီးလည်း ဝင်ငွေတွေရရှိခဲ့ပေမယ့် ယခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ သန်းသာ ရရှိခဲ့တာကြောင့် ပြီးခဲ့တဲ့နှစ်က ဝင်ငွေထက် အမေရိကန်ဒေါ်လာ ခြောက်သန်း လျော့နည်းခဲ့တယ်လို့လည်း သိရပါတယ်။ ဂျနီဖာလောရန့်စ်ဟာ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း "Mother" နဲ့ "Red Sparrow" ရုပ်ရှင်တွေ ရုံတင်ခဲ့ပြီး ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "X-Men" မှာလည်း ပါဝင်ထားတာဖြစ်ပါတယ်။

ပဉ္စမနေရာမှာ မင်းသမီး ရီးဝစ်သားစပွန်းက ရှိနေတာဖြစ်ပြီး သူဟာလည်း ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီနီယာမင်းသမီးတစ်ဦးဖြစ်ကာ ပြီးခဲ့တဲ့နှစ်အတွင်းမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

ကျန်ရှိနေတဲ့ ဝင်ငွေအကောင်းဆုံးသော မင်းသမီး ၁၀ ဦးစာရင်းဝင်သူတွေကတော့ မီလာကန်းနစ်၊ ကိတ်ထ်ဘလန့်ချက်၊ မယ်လစ်စာမက်ကသီနဲ့ ဂဲလ်ဂတ်ဒေ့ါတို့ ဖြစ်ကြပါတယ်။ ပြီးခဲ့တဲ့နှစ်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ အော်စကာဆုများစွာ သိမ်းပိုက်နိုင်ခဲ့တဲ့ "La La Land" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီး အမ်မာစတုန်းဟာ ယခုနှစ်မှာတော့ နံပါတ် ၁၀ နေရာနဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ဖော်ဘီစ်ဒေ့ါကွန်းရဲ့ ယခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးသော အမျိုးသားသရုပ်ဆောင်များ စာရင်းကိုတော့ လာမယ့်သီတင်းပတ်အတွင်း ထုတ်ပြန်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## "BTS" ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံများပြသ

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့ "BTS" ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကိုတော့ "Love Yourself: Answer" လို့ အမည်ပေးထားတာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်ဟာ တေးသီချင်းအဟောင်းတွေကို ပြန်လည်စုစည်းထားတဲ့ တေးအယ်လ်ဘမ်တစ်ခုလည်းဖြစ်တယ်လို့ သိရပါတယ်။ ဒီတေးအယ်လ်ဘမ်ကိုတော့ လာမယ့် ဩဂုတ် ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။






## ဂျပန်တေးဂီတဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီး တေးဂီတအဖွဲ့ဟာ လတ်တလောမှာတော့ တေးသီချင်းသစ် "BDZ" ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ပြီး ယင်းတေးသီချင်းဟာ ဂျပန်တေးဂီတဇယားမှာ ထိပ်ဆုံးမှ ရပ်တည်နေကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ အဖွဲ့ရဲ့ပထမဆုံး ဂျပန်တေးအယ်လ်ဘမ်မှာပါဝင်မယ့် ခေါင်းစီးတေး "BDZ" ဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ ဩဂုတ် ၁၇ ရက် အစောပိုင်းမှစတင်ပြီး လက်ရှိအချိန်အထိ ဂျပန်တေးဂီတဇယားတစ်ခုဖြစ်တဲ့ လိုင်းမြူးဇစ်မှာ ပရိသတ်အများဆုံးအဖြစ် နံပါတ်တစ်နေရာ ရနေတာဖြစ်ပါတယ်။

**အေးပြည့် – ရေးသားသည်**

## ညီမလေး ထပ်မံရရှိခဲ့ပြီဖြစ်တဲ့ ဂျက်စတင်ဘီဘာ

ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ လတ်တလောမှာတော့ ညီမလေးတစ်ဦး ထပ်မံရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာရဲ့ ဖခင် ဂျရေမီဘီဘာရဲ့ နောက်အိမ်ထောင်နဲ့ရရှိခဲ့တဲ့ သမီးလေးကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က မွေးဖွားခဲ့တာဖြစ်ပြီး နာမည်ကိုတော့ ဘေးဘီဘာလို့ ပေးထားကြောင်း သိရပါတယ်။



## မိသားစုနှင့်အတူ အိန္ဒိယကို ရောက်ရှိနေတဲ့ နစ်ခ်ဂျိုးနက်စ်

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ရဲ့ အိန္ဒိယမှာ ပြုလုပ်မယ့် စေ့စပ်ပွဲပါတီကို တက်ရောက်ဖို့ရာ နစ်ခ်ဂျိုးနက်စ်ရဲ့ မိသားစုဝင်တွေဟာ ပြီးခဲ့တဲ့ ဩဂုတ် ၁၆ ရက်မှာတော့ အိန္ဒိယကို ရောက်ရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။



## သွင်းအားစုပစ္စည်းများထောက်ပံ့ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းဖွင့်

**တာချီလိတ် ဩဂုတ် ၁၇**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်အဆင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ Integrated High Technology Demonstration Village, IHTDV (2) ရှိ ဒေသခံတောင်သူများအား ဟင်းရွက်မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ကော်ဖီပျိုးပင်၊ ပိုးသတ်ဆေး၊ အပင်အားတိုးဆေးများ ပေးအပ်ပွဲနှင့်အတူ ကွင်းလက်တွေ့သရုပ်ပြပွဲ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီ က မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ ခန်းမဆောင်၌ ကျင်းပသည်။

ကော်မယ်လိတ်ကျေးရွာမှ အာခါတိုင်းရင်းသား ရပ်မိရပ်ဖ ဦးကျော်ဝင်းက အာခါဘာသာစကားဖြင့် အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှဝင်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်နှင့် တာဝန်ရှိသူများကတောင်သူများအား ထောက်ပံ့ပစ္စည်းများ အသီးသီးပေးအပ်ခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျပေါင်းစပ်သုံးစွဲနည်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအား ပညာပေးဆွေးနွေးခြင်း၊ တောင်သူများကို ကွင်းအတွင်း လက်တွေ့သရုပ်ပြသပေးခြင်းများကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ဒေသခံတောင်သူများအား စိုက်ပျိုးရေးနည်းပညာများပါဝင်သည့် (မြန်မာ၊ အာခါ) ဘာသာနှစ်မျိုးဖြင့် ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီးနောက် ဒေသခံတောင်သူ ဦးလှဘေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းစိုက်ပျိုးရေး နည်းပညာပေးသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ဆွေးနွေးပို့ချပေးရာ တောင်သူ ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မန္တလေးဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး လေ့လာမှုများပူးပေါင်းဆောင်ရွက်မည်



**မန္တလေး ဩဂုတ် ၁၇**
မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နယ်သာလန်နိုင်ငံ Royal Haskoning Co.,Ltd တို့အကြား သဘောတူညီမှုစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများအား နယ်သာလန်နိုင်ငံ Royal Haskoning Co.,Ltd ကျွမ်းကျင်ပညာရှင်များ ပဏာမကွင်းဆင်းလေ့လာလျက်ရှိသည်။

မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးရေးတိုးတက်ရေးလေ့လာမှုများ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ Ayarwaddy River View Hotel ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး) ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ နယ်သာလန်နိုင်ငံ Royal Haskoning Co.,Ltd မှ ကျွမ်းကျင်ပညာရှင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မန္တလေးဆိပ်ကမ်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ချင်းတွင်းမြစ်ဝှမ်းတစ်ခုလုံး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်

**မုံရွာ ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြီး၏ မြစ်ဝှမ်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၏ ပြောကြားချက်အရ သိရသည်။

"ချင်းတွင်းမြစ်ကြီးကို မှီခိုစားသောက်နေကြတဲ့ ပြည်သူတွေအားလုံး ချမ်းချမ်းသာသာလုပ်ကိုင် ဆောင်ရွက်နိုင်အောင်၊ ချင်းတွင်းမြစ်ကြီးကို မှီတင်းသွားလာနေတဲ့ ပြည်သူတွေအဆင်ပြေနိုင်အောင်၊ ကုန်စည်စီးဆင်းမှုတွေ မှန်ကန်မြန်ဆန်အောင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေကို စတော့ဟုမ်း ပတ်ဝန်းကျင်သိပ္ပံ(SEI)၊မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ(MEI)ဒီအဖွဲ့နဲ့ ပူးပေါင်းပြီး ချင်းတွင်းမြစ်ဝှမ်းကြီးတစ်ခုလုံး ရေရှည်တည်တံ့ဖို့အတွက် ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ သဘာဝသယံဇာတပစ္စည်းတွေကို တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူတွေ စနစ်တကျသုံးစွဲတတ်ဖို့၊ ရေရှည်သုံးစွဲနိုင်ဖို့ ဇီဝမျိုးစုံမျိုးကွဲတွေကို သူတို့ရဲ့လုပ်ဆောင်ချက်က ပြည်သူတွေကို အကျိုးသက်ရောက်မှု အများကြီးရှိလိမ့်မယ်လို့ ယုံကြည်တယ်"ဟု တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းက ပြောသည်။

စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံ(SEI)၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ (MEI) တို့ပူးပေါင်းပြီး ချင်းတွင်းမြစ်ဝှမ်းကြီးတစ်ခုလုံး ရေရှည်တည်တံ့စေရန်အတွက် သုတေသနလုပ်ငန်းများအဖြစ် ၂၀၁၃ ခုနှစ်မှစတင်ပြီး ရေအရည်အသွေးတိုင်းတာခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ အခြေအနေများကို ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ နေရာသုံးနေရာတွင် သုတေသနပြုလုပ်ငန်းများကိုလည်းကောင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

### တိုတိုထွာထွာဖတ်စရာ

## စလင်း၌ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများစစ်ဆေး

**စလင်း**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တမာချောင်ကျေးရွာနှင့် ရှားတော(မြောက်)ကျေးရွာလမ်းများတွင် မြေနီကျောက်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲခေါင်နှင့်အဖွဲ့က ဩဂုတ် ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်းသိရသည်။ **စစ်ကြည်(စလင်း)**

## တီးတိန်၌ နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်

**တီးတိန်**
ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများသည် ဩဂုတ် ၁၆ ရက်က လူငယ်များစာဖတ်သည့် အလေ့အကျင့်ရရှိအောင် ရည်ရွယ်၍ တက်လွီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နယ်လှည့်စာကြည့်တိုက်တွင် မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က စာဖတ်ခြင်းမှရရှိသော အကျိုးများဟောပြောခြင်း၊ သုတ၊ ရသစာအုပ်များငှားရမ်းပေးခြင်းနှင့် နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများပြသပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ကျောင်းကျန်းမာရေးဆောင်ရွက်

**မိုင်းယောင်း**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး ကွင်းဆင်းဆေးကုသမှုအနေဖြင့် ဆေးစစ်ပေးခြင်း၊ သွားရောဂါများ စစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများ စစ်ဆေးပေးခြင်းနှင့် အားဆေးများ တိုက်ကျွေးပေးခြင်းတို့ကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆရာ ဆရာမများက ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## တောင်ပြုန်းပွဲတော် ယခုနှစ် ပွဲကြိုကာလ၌ လာရောက်သူများဖြင့် စည်ကား

**မန္တလေး ဩဂုတ် ၁၇**
ယခင်နှစ်က H1N1 ရောဂါပိုးပြန့်ပွားမှုမရှိစေရန်အတွက် ကျင်းပခြင်းမရှိခဲ့သည့် တောင်ပြုန်းပွဲတော်မှာ ယခုနှစ်တွင် ပွဲတော်ရက်မတိုင်မီကတည်းကပင် လာရောက်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိကြောင်း တောင်ပြုန်းပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

တောင်ပြုန်းပွဲတော်ကို ဩဂုတ် ၂၀ ရက် (ဝါခေါင်လဆန်း ၁၀ရက်)မှ ၂၇ ရက် (ဝါခေါင်လပြည့်နေ့) အတွင်း ကျင်းပမည်ဖြစ်သော်လည်း လက်ရှိတွင် ဩဂုတ် ၁၅ ရက်မှ စတင်ကာ လာရောက်သည့် အရေအတွက်မှာ တဖြည်းဖြည်းများပြားလျက်ရှိကြောင်း သိရသည်။

"မနှစ်က ပွဲတော်ပိတ်သိမ်းခဲ့ရတဲ့အတွက် ဒီနှစ်မှာ ကြိုတင်ပြီးလာရောက်တဲ့သူတွေ များတယ်၊ အခုရက်တွေကတည်းက စည်ကားနေတယ်။ မနှစ်ကလို ပိတ်သိမ်းတာမျိုးလည်း ဒီနှစ်မှာ မဖြစ်တော့ပါဘူး၊ ကျန်းမာရေး၊ လုံခြုံရေးတွေကအစ ပြင်ဆင်မှုတွေလုပ်ထားပြီးဖြစ်ပါတယ်" ဟု တောင်ပြုန်းပွဲတော်ကျင်းပရေးကော်မတီအဖွဲ့ဝင် ဆုတောင်းပြည့်ဆုတောင်းရဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောသည်။

ပွဲတော်ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကလည်း ယခင်နှစ်ကဲ့သို့ ဖြစ်စဉ်မျိုးမရှိနိုင်ကြောင်း ကတိပြုထားပြီး ဆိုင်ခန်းအရေအတွက်ကိုလည်း ယမန်နှစ်ထက်မလျော့ဘဲ စုစုပေါင်းဆိုင်ခန်း ၉၀၀ ကျော် ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပွဲတော်ရက်အတွင်း ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက သိရှိစေရန် စီစီတီဗွီကင်မရာများကို လူစည်ကားရာနေရာများတွင် တပ်ဆင်ထားရှိကြောင်း သိရသည်။



"ကျန်းမာရေးအတွက် အဖွဲ့လေးဖွဲ့က လိုအပ်တာတွေကို လာရောက်လုပ်ဆောင်ပေးမှာပါ။ ပွဲတော်ကို လာရောက်တဲ့သူတွေရဲ့ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ ပါဝင်ပြီး စုစုပေါင်းအင်အား ၂၀၀ကျော် ထားရှိပေးထားပါတယ်။ စီစီတီဗွီကင်မရာတွေကိုလည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။


တောင်ပြုန်းပွဲတော်အတွင်း ဆိုင်ခန်း ၉၀၀ ကျော်ကို ဖွင့်လှစ်ခွင့်ပြုထားကာ ဆိုင်ခန်းအကျယ်အဝန်းပေါ် မူတည်၍ ကျပ် ၁၂၀၀၀၀ မှ ၂၀၀၀၀၀ အထိ သတ်မှတ်နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယာဉ်ရပ်နားခများကိုလည်း ဈေးနှုန်းကြီးမြင့်မှုမရှိစေရန်အတွက် ထိန်းသိမ်းမှုများပြုလုပ်ထားကာ မော်တော်ယာဉ်တစ်စီးလျှင် ကျပ် ၂၀၀၀ နှင့် ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

"တောင်ပြုန်းပွဲတော်ကို မနှစ်က ပိတ်သိမ်းခဲ့တဲ့အတွက် ဈေးသည်တွေလည်း ဒုက္ခရောက်တယ်။ ပွဲတော်ကို အမှီသဟဲပြုနေတဲ့သူတွေအားလုံး ဒုက္ခရောက်ပါတယ်။ ဒီနှစ် ပိုထူးခြားတာကတော့ ပိုတိုးပြီးလာကြတယ်၊ ခါတိုင်း ဝါခေါင်လဆန်း ၃ ရက် လောက်မှရောက်လာကြတာ။ ဒီနှစ်ကျတော့ လကွယ်နေ့ကတည်းက လာနေကြပါတယ်။"ဟု တောင်ပြုန်း ရတနာ့ဂူအလယ်နန်းမှ ရတနာဝင်းက ပြောသည်။

ယခုကျင်းပမည့် တောင်ပြုန်းပွဲတော်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းယာစားသုံးမှုမြင့်တက်နေခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားနှုန်းများပြားလာ




ဆေးလိပ်နှင့် ဆေးရွက်ကြီးပါဝင်သော ကွမ်းယာများ စားသုံးခြင်းကြောင့် နှလုံးရောဂါဖြစ်ပွားသူများပြားလာပြီး သေဆုံးမှုများရှိနေကြောင်း ရန်ကုန်မြို့ ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ သိရသည်။

မြန်မာ့လူမှုအသိုက်အဝန်းအတွင်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းကြောင့် ရောဂါများဖြစ်ပွားလျက်ရှိကြောင်း၊ ထို့အတွက်ကြောင့် ဆေးရုံများ၊ ကျောင်းများ၊ ရုပ်ရှင်ရုံများနှင့် ရုံးများတွင် ဆေးလိပ်မသောက်ရနယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်က စစ်တမ်းအရ ကလေး ၆၀ ရာခိုင်နှုန်းမှာ နေအိမ်များရှိ မိသားစုဝင်များ၏ ဆေးလိပ်သောက်သုံးမှုကြောင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကို ရှူရှိုက်နေကြရကြောင်း၊ ဆေးလိပ်ငွေ့ ကင်းစင်ရေးဥပဒေနှင့် တားမြစ်ထားသော်လည်း အချို့ပြည်သူများမှာ မထီမဲ့မြင်ပြုရာရောက်နေပြီး ဥပဒေလိုက်နာမှု အားနည်းနေကြောင်း ရန်ကုန်မြို့ ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ ဦးသန်းစိန်က ပြောသည်။

"လူထုကြားမှာ ဆေးလိပ်သောက်ခြင်းနဲ့ ကွမ်းယာစားတာတွေက အရင်ထက်ကို ပိုမိုများပြားလာနေသလို နှလုံးရောဂါဖြစ်ပွားမှုတွေကလည်း အဖြစ်အများဆုံးဖြစ်နေပြီး သေဆုံးမှုနှုန်းတွေလည်း များပြားလာပါတယ်။ အထူးသဖြင့် ဆယ်ကျော်သက်လူငယ်လေးတွေ အထူးသတိထားဖို့ လိုအပ်ပါတယ်။ ဒီ့အပြင် လူကြီးတွေကလည်း သတိနဲ့ဆင်ခြင်ပြီး လူငယ်တွေကို ဆုံးမဖို့လိုပါတယ်။ ဒါကို ဥပေက္ခာပြုမယ်ဆိုရင်တော့ မိမိအပါဝင် လူ့ပတ်ဝန်းကျင်ဟာ ကျန်းမာရေးဆိုးကျိုးတွေရဲ့ ခြိမ်းခြောက်တာတွေကို အမြဲခံနေရမှာဖြစ်သလို ရောဂါဖြစ်ပြီးသေဆုံးမှုနှုန်းတွေကလည်း လျော့ကျသွားမှာမဟုတ်ပါဘူး" ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ ဦးသန်းစိန်က ထပ်မံပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်စစ်တမ်းများအရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသားဦးရေ၏ ၃၂ ရာခိုင်နှုန်းသည် စီးကရက်သောက်သုံးကြ၍ ၁၄ ရာခိုင်နှုန်းမှာ ဆေးပေါ့လိပ်သောက်သုံးကြကြောင်း၊ အမျိုးသမီးဦးရေ၏ နှစ်ရာခိုင်နှုန်းမှာလည်း ဆေးလိပ်သောက်သုံးကြောင်း၊ အသက် ၄၀ နှစ်မှ ၄၉ နှစ်အတွင်းရှိ အမျိုးသားဦးရေ၏ ၉၅ ရာခိုင်နှုန်းနှင့် အမျိုးသမီးဦးရေ၏ ၁၈ ရာခိုင်နှုန်းမှာလည်း ကွမ်းယာစားသုံးနေကြကြောင်း၊ ဆေးလိပ်နှင့် ကွမ်းယာစားသုံးမှုကြောင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးသွေးကြောပိတ်ရောဂါ အစရှိသော နှလုံးရောဂါဖြစ်ပွားမှုအရေအတွက်မှာလည်း ပိုမိုတိုးပွား များပြားလာလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

**(စိုးမြင့်အောင်)**

## ဓနုဖြူမြို့နယ်အတွင်းရှိတောင်သူများအား လက်ရှိပဲဈေးကွက်နှင့် ဈေးကွက်ဝင်သီးနှံများအကြောင်း ဟောပြော

**ဓနုဖြူ ဩဂုတ် ၁၇**

ဓနုဖြူမြို့နယ် ညောင်ချောင်းကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ စိုက်ပျိုးရေးစခန်းတွင် စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးက ကြီးမှူး၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး ပဲနှမ်းကုန်သည်အသင်းတို့ ပူးပေါင်းကျင်းပသည့် လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက်အခြေအနေနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးရေး၊ စားသုံးသူရေးရာအကြောင်း သိကောင်းစရာများဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က လက်ရှိဖြစ်ပေါ်နေသော ပဲဈေးကွက်အခြေအနေ၊ မတ်ပဲအစားထိုးသီးနှံများစိုက်ပျိုးနိုင်စေရန် အချက်အလက်များနှင့် တောင်သူများအနေဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ အရှုံးပေါ်နစ်နာနေရခြင်းအချက်များ၊ ရသင့်ရထိုက်သည့်အခွင့်အရေးများမရရှိခြင်းများနှင့် မတ်ပဲ၏ လက်ရှိဖြစ်ပေါ်နေသောဈေးကွက်ကို တောင်သူများအား အသိပေးသည့်ပွဲဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းဦးစီးမှူး ဦးဌေးလွင်က ဈေးကွက်ဝင်သီးနှံများအကြောင်းနှင့် တိုင်းဒေသကြီး ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဘဏ္ဍာရေးမှူး ဦးနိုင်ဝင်းက ဈေးကွက်အခြေအနေနှင့် ဈေးကွက်ဝင်ပဲအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးသွားနိုင်ရေးတို့ကို ဦးစားပေးဟောပြောပြီး တောင်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ဖြေကြားခဲ့ကြသည်။

၂၀၁၇-၂၀၁၈ ခုနှစ် စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် ပဲစိုက်ဧက ၁၁ သန်းကျော်ရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီးတွင် မတ်ပဲစိုက်ဧက ၁၀ သိန်းကျော်နှင့် ပဲတီစိမ်းစိုက်ဧက နှစ်သိန်းကျော်ရှိခဲ့ကြောင်းနှင့် ဓနုဖြူမြို့နယ်အတွင်းရှိ ပဲစိုက်တောင်သူများအနေဖြင့် အဓိကထားစိုက်ပျိုးခဲ့သည့် မတ်ပဲဈေးကွက်သည် ဈေးနှုန်းကျဆင်းမှုကြောင့် တောင်သူများ အရှုံးပေါ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**အောင်သူဟိဏ်း(ဓနုဖြူ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း မြဝတီမြို့၌ကျင်းပ

**မြဝတီ ဩဂုတ် ၁၇**

ကရင်ပြည်နယ် မြဝတီမြို့ မင်းလက်ပံကျေးရွာ အထက (ခွဲ) ကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားရာ ယခုလို ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စရပ်များ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် စသောကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးရွာပြည်သူများအနေဖြင့် ယခုစကားဝိုင်းတွင် ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိန်းသန်းဌေးက ပြည်သူ့စကားဝိုင်း ပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အမှတ် (၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ကိုကိုဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုကြောင့် အသက်သေဆုံးမှုဖြစ်စဉ်များကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (မြဝတီ)မှ ရဲအုပ်လှိုင်စိုးက လူကုန်ကူးမှု သိကောင်းစရာများကိုလည်းကောင်း၊ အမှတ် ၃၂ မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်ကျော်နိုင်မိုးက မူးယစ်ဆေးဝါး၏ အန္တရာယ်များကိုလည်းကောင်း၊ မြဝတီခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသိန်းဇော်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြတ်ဆွေက မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတတိုးပွားရေးဆိုင်ရာများကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့တက်ရောက်လာသည့် ကျေးရွာပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုထိန်(မြဝတီ)**



ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရန် ရည်ရွယ်၍ ဩဂုတ်၁၆ရက်က ဓာတ်အားလိုင်းများ သန့်ရှင်းကြံ့ခိုင်ကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ တပ်ဆင်ခြင်း၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို လျှပ်စစ်ဌာနမှ ဝန်ထမ်းများဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။
**ကျော်ကျော်(စက်မှုတက္ကသိုလ်)**

**တိုတိုထွာထွာဖတ်စရာ**

## ပဲခူး၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပဲခူး**

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျေးရွာသုံးရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာသုံးရွာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တာဝန်ရှိသူများက ပဲခူးမြို့နယ်အတွင်းရှိ ဥက္ကံကျေးရွာ၊ မုက္ကလကျေးရွာနှင့် အိုးဘိုကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများထံ တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်သည်။ **(၆၉၉)**

## တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီဝင်များတွေ့ဆုံ

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီနှင့် နတ်တလင်းမြို့နယ်အတွင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီဝင်များတွေ့ဆုံပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း ပတ္တမြားရတုခန်းမ၌ ပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးက နတ်တလင်းမြို့နယ်အတွင်း ကရင်စာပေသင်ကြားနေမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက ကရင်စာပေသင်ကြားရာတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်(နတ်တလင်း)**

## အိမ်တွင်း အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်

**အင်္ဂပူ**

ဝါးလက်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကို အင်္ဂပူမြို့နယ် ပန်းတင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

ဒေသအတွင်းမှာ လက်ရှိဆောင်ရွက်နေသော ဝါးခမောက်လုပ်ငန်းကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြုလုပ်နိုင်အောင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ ၃၀ ရက်ထိဖြစ်ကြောင်း သိရသည်။ **မန်းမန်း(အင်္ဂပူ)**

## ဝေါ၌ တိရစ္ဆာန်မွေးမြူရေး ပညာပေးသင်တန်းဖွင့်

**ဝေါ**

တိရစ္ဆာန်မွေးမြူရေးပညာပေးသင်တန်းကိုဩဂုတ် ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ကျင်းပသည်။

ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားသော ဝေါမြို့နယ် ပြည်သူများအတွက် များစွာအထောက်အကူပြုကြောင်းသိရပြီး သင်တန်းကို ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## သုံးခွတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အထက (၁) ကျောင်းခန်းမတွင် ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ နယ်ထိန်းအရာရှိ ရဲအုပ်အောင်ဇော်မိုးတို့က မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**၁၁၈**

## လူကုန်ကူးမှုတားဆီးရေးမြောက်ဥက္ကလာပတွင်ဟောပြော

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် 'ဈ' ရပ်ကွက် အ. လ. က (၈) ကျောင်း၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှိုင်က လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းယဉ်ယဉ်မိုး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

SCN
ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
နိုးရာသီ Promotion အထူးအစီအစဉ် (1.7.2018 မှ 31.8.2018) အတွင်း
ငွေကျပ် (၅)သိန်းနှင့်အထက် ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်းများဝယ်ယူအားပေးသော
မိတ်ဟောင်း၊ မိတ်သစ် Customer များကို အားထိုးရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၀၀၀၊ ၅၃၉၅၁၀၂၊ ၅၂၃၈၀၈
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၈၀၀၂

အောင်မြင်မှုအတွက်
အသွင်ပြောင်းကြစို့
Let's Transform
For Success
FREE SEMINAR







Diamond Sponsor
Platinum Sponsor
Decolgen
Gold Sponsor
PSM
MPEC
emart
NOW HOW
CMHL
HAPPY WORLD
Access Spectrum
1:00 PM to 5:00 PM
19 - August - 2018
အမျိုးသားကဇာတ်ရုံ၊ ရန်ကုန်မြို့




edutrust
အခုပဲ စာရင်းသွင်းလိုက်ပါ ၀၉ ၅၀၈၅၃၇၇ ၀၉ ၈၉၇၂၂၁၀၈၇

Singapore Institute of Management (SIM) မှကြီးမှူးကျင်းပသော
"ကျောင်းသားဘဝမှ လုပ်ငန်းခွင်Professional တစ်ဦးအဖြစ် ရပ်တည်နိုင်ရေး"
ပညာရေးဆွေးနွေးပွဲ
၁၀၀% ပညာသင်ဆု
Open House
COME JOIN US AT:
မန္တလေး
၂၅-၈-၂၀၁၈(စနေနေ့)
နံနက်(၁၀)နာရီမှနေ့လည်(၁)နာရီအထိ
Hilton Hotel Ballroom
ရန်ကုန်
၂၆-၈-၂၀၁၈(တနင်္ဂနွေနေ့)
နံနက်(၁၀)နာရီမှနေ့လည်(၁)နာရီအထိ
Novotel Yangon, Eureka Room
- IGCSE၊ ၁၀တန်းအောင်ကျောင်းသားများ၊ HND အောင်မြင်ထားသူများ၊ တက္ကသိုလ် ကျောင်းသားများ၊ ဘွဲ့ရ ကျောင်းသားများ တက်ရောက်နိုင်သောပညာရေး လမ်းကြောင်းများ၊ ဘာသာရပ်များအကြောင်းနှင့် အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း
- လုပ်ငန်းခွင်ဝင် SIM ဘွဲ့ရကျောင်းသားများမှ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပြင်ဆင်ခဲ့ပုံများဆွေးနွေးခြင်း
- ၁၀၀% ပညာသင်ဆုအစီအစဉ် နှင့် လျှောက်ထားမှုပုံစံများ အကြောင်း
- အလုပ်သင် အခွင့်အလမ်းများနှင့် study loan ချိတ်ဆက်ထားမှုများအကြောင်း
- Open House တွင် ကျောင်းလျှောက်ထားသူများအတွက် English Speaking Class အခမဲ့သင်တန်း အား Yangon English Academy တွင် အခမဲ့ သင်ကြားနိုင်မည့် အခွင့်အရေးများ
အခမဲ့ဆွေးနွေးပွဲ



"နိုင်ငံတကာတက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့်
တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်မည့် ပညာရေးဆွေးနွေးပွဲ"
USA, UK, Australia, Singapore, Switzerland, Canada, Thailand, Malaysia
အထက်ပါနိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များတွင် မိမိတက်ရောက်လိုသည့် ဘာသာရပ်ကို
ရွေးချယ်နိုင်ရန်အသေးစိတ် အခမဲ့ လာရောက်ဆွေးနွေးနိုင်ပါသည်။
Date : 19. 8. 2018 (Sunday)
Time : 1:00pm to 3:00pm
Place : Novotel Hotel, Level 4, Mandalay Room
Scholarships Available
YIUS Institute Established 2005
SQA Scottish Qualifications Authority
navitas
01-652 311, 09-26 222 5151
Room (4), Building (7), Myanmar ICT Park, Hlaing Tsp, Yangon.

တစ်စိမ့်ချိုချုပ်၊ စာစစ်တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့ကြသော ပါမောက္ခကြီးများ၊ ကထိကဆရာကြီးများ၊ စာသင်သက်ရင့်ဆရာကြီးများကိုယ်တိုင်
၂၀၁၉ မေးခွန်းပုံစံနှင့်အညီ ကြိုတင်ပြင်ဆင်လေ့ကျင့်ရန် နည်းပေးလမ်းညွှန် ရေးသားပြုစုထားသော
၂၀၁၉
၂၀၁၉
မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ရေးသားထားသော
အလင်းဆက်
KG တန်း မှ တက္ကသိုလ်ဝင်တန်းအထိ (သင်ရိုးသစ်၊ သင်ရိုးကုန်) ဘာသာစုံ စာအုပ်များ
မူလတန်း ၊ အလယ်တန်း ၊ အထက်တန်း
အတန်းစုံ တစ်စာကျိုးနှင့် မီးနင်းစာအုပ်များ
တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံအသစ်
သင်ရိုးကုန်ဘာသာစုံစာအုပ်များ (တစ်ဘာသာတစ်အုပ်)
အခန်းတစ်ခုချင်းစီအလိုက်၊ မေးခွန်းနံပါတ်စဉ်အလိုက်စဉ်းစားတွေးခေါ်သင်ကြား သင်ယူမှုဆိုင်ရာ လေ့ကျင့်မေးခွန်းနှင့် အဖြေစုံ
၂၀၁၅ မှ ၂၀၁၈ ထိ စတုတ္ထတန်း ၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု (တစ်ဘာသာတစ်အုပ်)
ပထမဝင်ဂုဏ်ထူးရလိုသူများလက်တွေ့ပထမဝင်နှင့်ဝမ္မဗိဒ္ဒါန်မေးခွန်းသစ်နှင့် ဖြေပုံရေးဆွဲနည်းများ ၅၅ မှတ်ပိုး
၂၀၁၅ မှ ၂၀၁၈ ထိ အဋ္ဌမတန်း ၄ နှစ်စာ မေးခွန်းဟောင်းနှင့်စံပြအဖြေများစုစည်းမှု (တစ်ဘာသာတစ်အုပ်)
၂၀၁၈ အဋ္ဌမတန်း မေးခွန်းဟောင်း စံပြအဖြေများ အတွဲ(၁)၊ အတွဲ(၂)
၂၀၁၈ စတုတ္ထတန်း မေးခွန်းဟောင်း စံပြအဖြေများ (ဘာသာစုံ ပေါင်းချုပ်)
ထွက်ပြီ
ဖြန့်ချိရေး - အမှတ် - ၂၉၇-၂၉၉၊ ပထမထပ်၊ လမ်း(၃၀)အထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၀၄၁၁၆၁၂၊ ၀၉၇၃၁၃၃၀၉၆၈၊ ၀၉၅၀၆၃၄၅၁

## အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အုတ်ဖိုမြို့နယ်အသင်းသူ/သားများနှင့် အုတ်ဖိုမြို့နယ်သူ/သားများ ကြွရောက်ကြည်ညိုသဒ္ဓါတရား ပွားများနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၆-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - ပဏ္ဍိတာရာမစာသင်တိုက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်

ဝါဆိုသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းလိုပါက ဦးတင်မောင်ညွှန့် ဖုန်း-၀၉-၉၇၈၁၀၄၀၅၀၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၉၀၅၄၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၇၉၅၂၇၅၅၇၉၊ ဒေါ်ခင်ဝင်းကြည် ဖုန်း-၀၉-၄၂၇၇၂၈၂၇၇၊ ဒေါ်ဆွေဆွေမာ ဖုန်း-၀၉-၇၉၉၆၉၇၉၂၄၊ ဒေါ်ညွှန့်ညွှန့်ဝင်း ဖုန်း-၀၉-၇၃၉၀၃၄၀၀၊ ဦးအေးဝင်း ဖုန်း-၀၉-၄၄၃၀၅၉၇၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မှတ်ချက်။ ။ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးပါမည်။

**(အလုပ်အမှုဆောင်အဖွဲ့)**

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

PUN HLAING SILOAM HOSPITALS
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
Only JCIA Hospital in Myanmar
ခွဲစိတ်ရန်လိုအပ်သော အမျိုးသမီးများ၏ မီးယပ်ရောဂါများအတွက် အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် မှန်ပြောင်းအသုံးပြု၍ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဩဂုတ်လ (၃၁) ရက်မှ စက်တင်ဘာလ (၂) ရက်
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉
facebook Pun Hlaing Siloam Hospitals
www.punhlainghospitals.com

Home
ပါကေးအားထိုး ကြမ်းခင်း Grade အလိုက် ဈေးနှုန်းလိုက်
16~30.8.2018
*Selected Floor Only • 48" x 8" (12mm)
Grade-D 185,000 165,000
Grade-E 160,000 145,000
https://www.facebook.com/HomeDistributionGroup/
☎ 09-950 950 950
☎ 09-79 700 70 70

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
လှည်းကူးမြို့ရန်ကုန် - ပဲခူးလမ်းမအနီး
ပေ (၄၀ × ၆၀)၊ ဂရန်အစုံ (၆၇)သိန်း(ညှိနှိုင်း)
09-771408547

MBA
BBA . EMBA . PhD
Master of Business Administration
18 Months (5 Semesters)
11 Subjects + 1 Project Paper
Education Loan from CB BANK Available
START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK320,000!
09952101011/ 09254045682 / 01667009
Official Offshore Campus of Asia e University, Malaysia www.aeu.edu.my

မင်္ဂလာပါ
09-450042704
09-250095116
09-420006296

အာလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေး
ဒေါ်ကြွယ်
အမှတ်တံဆိပ်
အာပူငြိမ်း ဆေးဆေး
TMR001516(1019)

တက်နေဝန်း
(10"/14")Box
09-442076599
09-400448695
09-33100721

Ph: 09-898580954
09-953190366

T.V (ရန်ကုန်)
ကားမောင်း၊ အင်္ဂလိပ်ပြိုင်သင်တန်း
Ph: 09-73044311
09421150033, 09-5041550, 09-440051114
09-260111942, 09-420068955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340
09-779144479
09-260111947
09-779144486
09-260111946

အလှန်ရှားပါးအဖိုးတန် မှိုမျိုးစိတ်တစ်မျိုးဖြစ်သည့်အပြင် ဖြည့်စွက်အာဟာရအဖြစ်သာမက ဆေးဝါးအဖြစ်ပါအသုံးဝင်သော...
ဆေးဖက်ဝင်ပိုးဆေးနွယ်ရှင်
ဒေါက်တာခင်မောင်လွင် (FAME)
မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်ရှိ ရေခဲတောင်များတွင်သဘာဝအလျောက် ဖြစ်ပေါ်လာသော "ပိုးဆေးနွယ်ရှင်" (ဒေသအခေါ် 'ရှီးပတီး') ၏ စတင်ဖြစ်ပေါ်လာပုံမှ အစပြု၍ ပျောက်ကင်းသက်သာစေနိုင်သော ရောဂါများအကြောင်းကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာဖတ်ရှုနိုင်ရန် အသေးစိတ်ရေးသားဖော်ပြထားပါသည်။
Ks 5,000
Ph: 01-3682 199, 3685 083, 3685 609


၄ နှစ်ပြည့်အထိမ်းအမှတ်
ရွှေဒင်္ဂါးလက်ဆောင်
My Ooredoo app မှ ငွေဖြည့်ပြီး
ရွှေဒင်္ဂါး ၆၄ ပြားကို ကံစမ်းလိုက်ပါ
နေ့စဉ် ရွှေဒင်္ဂါးပြား (ငါးမူးသား) ကံထူးရှင် ၄ ယောက်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်မှ ၃၁ ရက်နေ့အထိ
ooredoo
ကျေးကျေးနော်
မြန်မာ
My Ooredoo app ကို ရယူရန်
*565#
GET IT ON
Google Play
Download on the
App Store
ooredoo
ပျော်ရွှင်ခံစား အင်တာနက်စွမ်းအား


ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the App Store
GET IT ON Google Play
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
Finger Print
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
Call Centre
+95 (1) 861 0612

# ဆော်ဒီအာရေဗျနိုင်ငံတွင် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲဖြစ်နေသည့် မြန်မာအလုပ်သမားများအား ပြန်လည်ခေါ်ဆောင်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၇**

ဆော်ဒီအာရေဗျနိုင်ငံတွင် အလုပ်ခွင်မှထွက်ပြေးသည့်အတွက် အလုပ်ရှင်က ထွက်ခွာခွင့်ဗီဇာ ထုတ်မပေးရန် တားမြစ်ထားခြင်းကြောင့် မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲများကြုံတွေ့လျက်ရှိသည့် မြန်မာအလုပ်သမား ၁၄ ဦးသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ၾင်းတို့ပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ မြန်မာသံရုံး၊ ရီယာဒ်မြို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ၎င်းတို့၏ အလုပ်ရှင်၊ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**လိုအပ်သည်များကူညီ**

မြန်မာအလုပ်သမား ၂၆ ဦးသည် ဆော်ဒီအာရေဗျနိုင်ငံ Dar AI Samara Est for General Contracting ၌ ခြောက်နှစ်အလုပ်လုပ်ကိုင်ရန် သဘောတူစာချုပ်ချုပ်ဆို၍ မြန်မာအေဂျင်စီများ၏ စီစဉ်မှုဖြင့် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ အဆိုပါ ၂၆ ဦးအနက် တစ်ဦးသည် စာချုပ်ပြည့်သည်အထိ လုပ်ကိုင်ခဲ့ပြီး မိမိအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကာ ကျန် ၂၅ ဦးမှာ လစာများမရရှိခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ နေထိုင်စားသောက်မှု အဆင်မပြေခြင်းတို့ကြောင့် အလုပ်မှစွန့်ခွာထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။ ကျန်ရှိသည့် အလုပ်သမား ၂၅ ဦးအနက် ၁၁ ဦးသည် ၎င်းတို့အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် မြန်မာသံရုံး၊ ရီယာဒ်မြို့မှ ဆော်ဒီအာရေဗျနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်း၍လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမားများသည် အလုပ်မှ စွန့်ခွာထွက်ပြေးသဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အလုပ်သမားဥပဒေအရ အလုပ်ရှင်ကသာ ထွက်ခွာခွင့်ဗီဇာကို လျှောက်ထားပေးနိုင်သည်ဖြစ်ရာ မြန်မာသံရုံး၊ ရီယာဒ်မြို့အနေဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်မှုဆောင်ရွက်စဉ်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၇**

မောင်တောမြို့ နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ကျီးကျွန်းကင်းစခန်းမှ ရဲအုပ်နိုင်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်ခြောက်ဦးသည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ်မှ Subedar Md. Adul Jalil ဦးစီးသည့် ၁၂ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် ရေတွင်းပြင်ချောင်းဝအနီး နတ်မြစ်အလယ် နှစ်နိုင်ငံနယ်နိမိတ်အနီးဆုံးရပ် ရေမိုင် ၁၅ ၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် သဲချောင်းချောင်းဝအနီး ရေမိုင် ၁၈ သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြန်မာယူ-၂၃ အသင်း ဆော်ဒီကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်

**ဂျကာတာ ဩဂုတ် ၁၇**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအုပ်စု(စ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဆော်ဒီအာရေဗျ ယူ-၂၃ အသင်းက သုံးဂိုး၊ မြန်မာယူ-၂၃ အသင်းက ဂိုးမရရှိဘဲ မြန်မာအသင်း ရှုံးပွဲကြုံခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းအတွက် နစ်နာသည့်ရလဒ်ဖြစ်ခဲ့ပြီး နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားခဲ့သည်။ ဆော်ဒီအသင်းသည် မြန်မာအသင်းထက် ကစားပုံသာလွန်သော်လည်း ဒိုင်၏ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များကြောင့် နစ်နာခဲ့ရသည်။

**လိုအပ်ချက်များရှိ**

မြန်မာ ယူ-၂၃ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် ဇော်မင်းထွန်းပါလာပြီး အောင်သူ၊ မောင်မောင်လွင်၊ ကျော်ဇင်ထက်တို့ဖြင့် လူစုံခဲ့ပြီး မြောက်ကိုရီးယားကို သရေကစားခဲ့သည့်ပွဲမှ ပွဲထွက်လူစာရင်းကို နှစ်နေရာပြောင်းလဲကာ ရန်နိုင်ဦးနေရာတွင် ဒွေးကိုကိုချစ်၊ မောင်မောင်စိုးနေရာတွင် ရဲရင့်အောင်တို့ကို အသုံးပြုခဲ့သည်။ အန်တွမ်နီဟေး၏ နည်းဗျူဟာနှင့် လူထုတ်ပုံမှာ လိုအပ်ချက်များရှိခဲ့ပြီး ပထမပိုင်းတွင် ဆော်ဒီအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ မိနစ် ၃၀ တွင် ကစားသမားအပြောင်းအလဲလုပ်မှ မြန်မာအသင်းကစားကွက် ပြန်လည်တည်ငြိမ်သွားခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



မြန်မာ ယူ-၂၃ အသင်း ဆော်ဒီအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။




ပိုးမျှင်ဒီဇိုင်း ရွှေတောင်ပြို၊ ဒိုးသိရှင်(20-8-2018)

ရွှေတောင်ပြို၊မနု့လေးမြင်ဦးလွင်စစ်ကိုင်း(၃)ညအိပ်(၄)ရက်(45000)
ရွှေတောင်ပြို၊မနု့လေးမြင်ဦးလွင်စစ်ကိုင်းမုံရွာပခုက္ကူ(သီဟိုဠ်ရှင်)၊
ပုဂံညောင်ဦး၊ စွယ်တော်လေးဆူ၊မှုန့်ငွေတောင်ကလေး(၆)ညအိပ်(၇)ရက်(80000)
ရွှေတောင်ပြို၊မနု့လေးမြင်ဦးလွင်စစ်ကိုင်းတောင်ကြီးအင်းလေးပင်းတယ
ထမ်းသမီးဂူတော်ကက္ကူမိုးမရိုးသင်းတောင်ရှာင်(၆)ညအိပ်(၇)ရက်(80000)
Ph:09425334456,09250233599,09493323965



# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးလောကတွင် အဆင့်မြင့်ကွန်ဒိုများဆောက်လုပ်ခြင်းဖြင့် နှစ်ပေါင်း ၃၀ ကျော်တိုင် အောင်မြင်လျက်ရှိသော **NAING Group Construction Co., Ltd** အား (၁၀.၈.၂၀၁၈) ရက်နေ့တွင် **Property Guru Myanmar Property Awards 2018** မှ ချီးမြှင့်သော **HIGHLY COMMENDED**

| | |
|---|---|
| Best Condo Interior Design | (NAING Group Sule Tower) |
| Best Mixed Use Development | (Kan Baw Za Tower) |
| Best Mixed Use Development | (NAING Group Sule Tower) |
| Best Condo Design | (NAING Group Sule Tower) |
| Best Condo Design | (Kan Baw Za Tower) |

ဂုဏ်ပြုဆု(၅)ဆုကို ထိုက်တန်စွာရရှိခြင်းအတွက် **NAING Group Construction Co., Ltd** အား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများဆထက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...။

**NAING Group Holding Co., Ltd (NGHL)**
Board of Directors, Top Managment အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ

## ဖခင်အမည်မှန်

စလင်းမြို့၊ အထက(၁) ဒသမတန်းကျောင်းသူ မမိုးပြည့်သူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟံ [၈/စလန(နိုင်)၀၇၅၄၉၉] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ သရက်လေးပင်ကျေးရွာ အလက(ခွဲ) ဒုတိယတန်းကျောင်းသား မောင်ဘုန်းမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟံ [၈/စလန(နိုင်)၀၇၅၄၉၉] ဖြစ်ပါသည်။

## မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
09 250644566
09 255781353

## ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့၊ တော်ကလိပ်ကျေးရွာ(အထက) တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူဇော်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် [၁၂/ကခက(နိုင်)၀၆၆၈၁၇]ဖြစ်ပါကြောင်း။ **ဦးခင်ဇော်**

## ရောင်းမည်။


ပြည်လမ်းမတန်း(တိုးတွားပိုင်)
အကျိုးဆောင် 2% + Bonus
09-443067020,09777388496




## ရောင်းမည်

- Suzukiz R(-) 2C-CNG ကားကောင်း၊ ၆၈ သိန်း
- အလုံအောင်ဇေယျ၊ ၆-လွှာ ရှယ်ပြင်ပြီး၊ သိန်း ၂၅၀
- တ/ဒဂုံ ဇီဇဝါ ၁ လမ်း ၂၀'x၆၀' ရေ၊ မီး၊ အိမ်၊ ဂရန် GP 450

**Ph:09-5144979**




**SHOW ROOM အသစ်ဖွင့်လှစ်ခြင်း**

အမှတ်-(၁၇၀)၊ ပင်လုံလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၅၁၇၇၀၀၀၂၊ ၀၉-၇၈၃၉၇၈၈၈၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈ E၊ မြေကွက်အမှတ်-၃၀၂၊ မြေကွက်တည်နေရာအမှတ်-၆၀၊ ကျွန်းတောလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်(ဦးခိုင်းခမ်(၁၃/ကတန(နိုင်)၀၁၅၄၆၅)၊ ဒေါ်အိနန်း(၁၃/ကတန(နိုင်)၀၁၅၄၆၆)အမည်ပေါက်နှင့်(၆၀)ဂရန်မြေအားအမည်ပေါက်များကိုယ်တိုင်မှ(၂၀၁၁)ခုနှစ်တွင် ကူးယူခဲ့သည့်အပိုင်ပေးမြေပုံမူရင်းပျောက်ဆုံးကြောင်း(၁၃-၇-၂၀၁၈)ရက်စွဲပါကျမ်းကျိန်လွှာနှင့်(၆၀)မြေငှားစာချုပ်ဂရန်တို့တင်ပြ၍အဆောက်အဦးဆောက်ရန်နှင့်မြေတိုင်းမြေပုံလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။
ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ

### တရားမကျင့်ထုံးဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂
### ပုသိမ်ခရိုင်တရားရုံး၊ ပုသိမ်မြို့
### ၂၀၁၈ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၃၈

| | | |
|---|---|---|
| ဒေါ်မိုးအိဖြူမောင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးစိုးလင်း) အမှတ်-အင်န်-၆၊ ကင်မလင်းကျွန်း အဝေးပြေးကားဝင်း၊ ပုသိမ်မြို့ | **နှင့်** | ၁။ ဦးအောင်သိန်း<br>၂။ ဦးဇော်မျိုးအောင် |
| **တရားနိုင်** | | **တရားရှုံးများ** |

သရက်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၃၄၆ နေ ဦးဇော်မျိုးအောင် (ဆောက်လုပ်ရေးအင်ဂျင်နီယာ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ပုသိမ်ခရိုင်တရားရုံး၏ ၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ပိုးအိဖြူမောင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးစိုးလင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၁ ရက် (၁၃၈၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်စိုးညဏ်)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ




ဩဂုတ် ၁၈၊ ၂၀၁၈ (စနေနေ့)

## ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သီပေါဟော်

သီပေါကိုလတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သီပေါမြို့ကို ၈၅ ဆက်မြောက် သီပေါစော်ဘွားကြီး စဝ်ခွန်ဆိုင်(ခ)စဝ်ကြာခိုင်က ၁၈၈၈ ခုနှစ်က တည်ထားခဲ့ခြင်းဖြစ်သည်။ ကျောက်မဲခရိုင်အတွင်း ပါဝင်သောမြို့နယ်တစ်ခုဖြစ်ပြီး လမ်းဆုံကျသည့် ဒေသလည်းဖြစ်သည်။ ကျောက်မဲနှင့်လားရှိုးခရိုင်ကြားတွင် မြို့တည်ရှိပြီး သီပေါမှတစ်ဆင့် နမ့်ဆန်၊ နမ္မတူ၊ လားရှိုး၊ ကျောက်မဲမြို့တို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်ဒေသသို့လည်း ကူးသန်းသွားလာနိုင်ကြသည်။

သီပေါဆိုသော အမည်သည် မြန်မာ့သမိုင်း၌ ထင်ရှားခဲ့သည်။ သီပေါမင်းသား၊ သီပေါဘုရင်ဆိုသည်များနှင့်လည်း ဆက်စပ်ခဲ့သည်။ သီပေါမတိုင်မီ ကုန်းဘောင်သမိုင်းကပင် မြန်မာ့ရာဇဝင်သမိုင်းတို့၌ အထင်အရှားပါဝင်ခဲ့သည်။ ရှမ်းတိုင်းရင်းသားတို့၏ သမိုင်းဝင်မြို့ဒေသဖြစ်သည့်အတွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုများလည်း ဖြစ်တည်ရှင်သန်ခဲ့ကြသည်။ သီပေါမြို့နယ်ကို ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စုဖြင့် တည်ဆောက်ထားပြီး လူဦးရေ တစ်သိန်းကျော်ရှိရာ အများစုမှာ ရှမ်းတိုင်းရင်းသားများဖြစ်ကြသည်။

ရှေးရှမ်းမြို့တစ်မြို့ ဖြစ်သည်နှင့်အညီ ၁၉၆၂ ခုနှစ် မတ် ၂ ရက်အထိ ရှမ်းစော်ဘွားများ အစဉ်အဆက်အုပ်ချုပ်လာခဲ့ကြသည်။ ထိုစော်ဘွားများစိုးစံ၍ စီမံခန့်ခွဲရာ ဟော်နန်းများလည်း တည်ရှိခဲ့ကြသည်။ ဟော်နန်းဆိုသည်မှာ စော်ဘွားများစိုးစံနေထိုင်ရာ အဆောက်အအုံကို ခေါ်ခြင်းဖြစ်သည်။ နန်းတော်ငယ်တစ်ခုလည်း ဖြစ်သည်။

အထူးကဏ္ဍ [ ၁ ] သို့ »»»



သီပေါဟော်ကို တွေ့ရစဉ်။

## ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ

သတင်းဆောင်းပါး - သီသီမင်း
ဓာတ်ပုံ - ကျော်စွာ

ကရင်လူမျိုးတို့ ဘိုးဘွား၊ ဆွေစဉ်မျိုးဆက်ယုံကြည်မြတ်နိုးတန်ဖိုးထားကာ ဘိုးဘွားအမွေအနှစ်အဖြစ် ထိန်းသိမ်းလျက်ရှိသော ရိုးရာဓလေ့များအနက် ဝါခေါင်လအတွင်း ကျင်းပသော ချည်ဖြူဖွဲ့မင်္ဂလာရိုးရာဓလေ့ပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

“ကြိုးအများဆုံး အချည်ခံရတဲ့လူကဒီပွဲမှာ ပေါင်းသင်းဆက်ဆံရေးကအစ ချစ်ခင်နှစ်သက်မှု အများဆုံးရတဲ့သူပေါ့” ဟု လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၏ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးလည်းဖြစ်၊ ကရင်တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်သူ ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ရှေးပဝေသဏီအချိန်ကာလကတည်းက ကရင်လူမျိုးတို့သည် ဝါခေါင်လတွင် မိမိတို့လူမျိုးများ ကျန်းမာသန်စွမ်းရှိကြစေရန်၊ စိတ်ဝမ်းမကွဲရှိကြစေရန်အတွက် လက်ကောက်ဝတ်တွင် ချည်ဖြူဖြင့် မင်္ဂလာအမွှမ်းပြုကာ ဖွဲ့နှောင်ပေးလေ့ရှိကြသည်ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

“အသက်အရွယ်ပိုင်းခြားထားတာမရှိပါဘူး၊ တစ်နှစ်တစ်ခါ လက်ချည်ကြတာ၊ မွေးကင်းစကလေးကိုလည်း ချည်ပေးတယ်၊ သူငယ်ချင်းအချင်းချင်းလည်းချည်ကြတယ်၊ အမျိုးသားက အမျိုးသမီးကို ချစ်ခင်နှစ်သက်သဘောကျလို့ လက်ချည်တာလည်းရှိတယ်၊ ကျန်းမာရေးကောင်းစေချင်တဲ့ ဆန္ဒပြုပြီး ချည်တာလည်းရှိတယ်”ဟု ဒေါ်နော်ပန်းသဉ္ဇာမျိုးကပြောသည်။

ကရင်လူမျိုးတို့သည် တိဘက်ကုန်းမြင့်မှ ဆင်းသက်လာပြီး ရေကြည်ရာမြက်နုရာ အရပ်ဒေသကိုရှာဖွေရာတွင် အုပ်စုများခွဲ၍ ထွက်လာခဲ့ကြရာ နောင်အခါ ပြန်လည်ဆုံတွေ့ပါက တစ်ဦးနှင့်တစ်ဦး မှတ်မိစေရန် ချည်ကြိုးဖြူဖြင့် အမှတ်အသားပြုလုပ်ရန် ကရင်ခေါင်းဆောင်များ တိုင်ပင်ခဲ့ကြရာမှ ယနေ့မျက်မှောက်ခေတ်တွင် ချည်ဖြူဖွဲ့မင်္ဂလာပြုခြင်းဓလေ့ တည်ရှိလာသည်ဟု အဆိုရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းကို အရှေ့ပိုးကရင်အခေါ်အားဖြင့် ‘ခိုင်စူး’ ဟုခေါ်ကြောင်း၊ ‘ခိုင်’မှာ မင်္ဂလာပြုသော ချည်ဖွဲ့နှောင်

အထူးကဏ္ဍ [ ၇ ] သို့ »»»



ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပစဉ်။

အထူးကဏ္ဍ [ က ] မှ »»

သီပေါမြို့တွင် စော်ဘွား သုံးပါးက ဟော်နန်းဆောင် သုံးဆောင်ကို နှစ်ကာလခြား၍ တည်ဆောက်ခဲ့ဖူးသည်။ ၁၈၈၈ ခုနှစ်က ၈၅ ဆက်မြောက် သီပေါမြို့တည် စော်ဘွားကြီးစဝ်ခွန်ဆိုင် တည်ဆောက်ခဲ့ရာ မူလဟော်နန်းကြီး၊ ယင်း၏သားတော် ၈၆ ဆက်မြောက် သီပေါစော်ဘွားကြီး ဆာစောချယ် ၁၉၂၂ ခုနှစ်က တည်ဆောက်ခဲ့သော စခန်းသာဟော်၊ ၎င်း၏သားတော် ၈၇ ဆက်မြောက် သီပေါစော်ဘွားကြီးစောအုံကြာ (အမ်အေ) ၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့သော သီပေါဟော်တို့ဖြစ်ကြသည်။

အဆိုပါဟော်နန်း သုံးခုအနက် မူလသီပေါဟော်နန်းကြီးနှင့် စခန်းသာဟော်နန်းကြီးတို့ ပျက်စီးသွားခဲ့ပြီး ၈၇ ဆက်မြောက် သီပေါစော်ဘွားကြီးစောအုံကြာ(အမ်အေ) တည်ဆောက်ခဲ့သော သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ဟော်အဆောက်အအုံကြီးသာလျှင် လက်ရာမပျက်တည်ရှိပြီး သက်တမ်း ၉၄ နှစ်ကျော်ရှိပြီဖြစ်သည်။

အဆိုပါ ဟော်အဆောက်အအုံကြီး၌ တည်ဆောက်သူ စော်ဘွားကြီးစောအုံကြာ မိသားစုနှင့် သီပေါ၏ နောက်ဆုံးစော်ဘွား စဝ်ကြာဆိုင်၊ မဟာဒေဝီစဝ်သုစန္ဒီ(ဩစတြီးယားနိုင်ငံသူ)နှင့်သမီးတော်မာယာရီ၊ သမီးတော် ကိန္နရီတို့မိသားစု နောက်ဆုံးနေထိုင်သွားခဲ့ကြသည်။ ၁၉၆၂ ခုနှစ် မတ်လတွင် သီပေါစော်ဘွားစဝ်ကြာဆိုင် ပျောက်ဆုံးသွားပြီးနောက် မဟာဒေဝီစဝ်သုစန္ဒီနှင့်သမီးတော်နှစ်ပါးတို့သည်လည်း ၁၉၆၄ ခုနှစ်တွင် နိုင်ငံခြားသို့ ထွက်ခွာသွားခဲ့သည်။

နောက်ပိုင်းတွင် ဟော်နန်းစံစော်ဘွား မရှိတော့သည့် အဆိုပါသီပေါဟော်အဆောက်အအုံကြီးကိုသီပေါစော်ဘွား၏အစ်ကိုတော် စဝ်ကြာဖုံ၏ သားကြီးစဝ်ဦးကြာနှင့်ဇနီး ဒေါ်စဝ်စံဖုန်း(မိုင်းရယ်စော်ဘွားကြီး၏စတုတ္ထသမီးတော်)တို့မိသားစုက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုကောင်း၍ ယနေ့ထိ သီပေါဟော်အဆောက်အအုံကြီးမှာ မပျက်မစီး၊ မပျောက်မပျက်ဘဲတည်ရှိလာနိုင်ခဲ့သည်။ တစ်ချိန်သောကာလက ကြည်နူးဖွယ်၊ လွမ်းမောဖွယ်၊ ဆွတ်ပျံ့ဖွယ်ရာများဖြင့် ဝန်းရံဖြစ်တည်ခဲ့ရသော သီပေါဟော်အဆောက်အအုံမှာ ယခုအခါ မြန်မာနှင့်ကမ္ဘာကပါ တကူးတက လာရောက်ကြည့်ရှုလေ့လာစရာ ဖြစ်ခဲ့သည်။ ပြည်တွင်းပြည်ပဧည့်သည်များကို အဓိကဆွဲဆောင်မှုနှင့် စိတ်ဝင်စားမှုနေရာတစ်ခုဖြစ်ခဲ့သည့် ဤသီပေါဟော်သည် သီပေါမြို့၏ ဂုဏ်သိက္ခာနှင့်အလှကျက်သရေတို့ကို ဖော်ကျူးပြသနေသည်။ ရှမ်းပြည်နယ်သားတို့၏ ဂုဏ်ယူမြတ်နိုးဖွယ်ရာ အလှတစ်ပါးဖြစ်သည်ဟု ဆိုလျှင်လည်း ရနိုင်ခြေရှိ၏။

> **ဟော်နန်း သုံးခုအနက် မူလသီပေါဟော်နန်းကြီးနှင့် စခန်းသာဟော်နန်းကြီးတို့ ပျက်စီးသွားခဲ့ပြီး ၈၇ ဆက်မြောက် သီပေါစော်ဘွားကြီးစောအုံကြာ(အမ်အေ) တည်ဆောက်ခဲ့သော သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ဟော်အဆောက်အအုံကြီးသာလျှင် လက်ရာမပျက်တည်ရှိပြီး သက်တမ်း ၉၄ နှစ် ကျော်ရှိပြီ ဖြစ်သည်။**

သီပေါမြို့နယ်၏ လှပသာယာသော တောတောင်သဘာဝ စိမ့်စမ်းရေတံခွန်များ၊ ဒေသခံတိုင်းရင်းသားတို့၏ စွဲမက်မြတ်နိုးဖွယ်ရာ ရိုးရာယဉ်ကျေးမှုအလှအပများ၊ ရှေးဟောင်းအဆောက်အအုံများနှင့် အတူ ဤသီပေါဟော်သည်လည်း အဓိကလာရောက်လေ့လာစရာဖြစ်ခဲ့ရသည်။ သီပေါရောက် ပြည်တွင်းပြည်ပဧည့်သည်တို့က ဟော်အဆောက်အအုံသို့ ဝင်ရောက်ကြည့်ရှုလိုကြသည်။ မြန်မာ့ခရီးသွားလုပ်ငန်းဇုန်တစ်ခုအဖြစ် သီပေါမြို့ကိုလည်း ထည့်သွင်းသတ်မှတ်လိုက်သောအခါ နိုင်ငံပေါင်းစုံမှ ကမ္ဘာလှည့်ခရီးသည်များလည်း ဝင်ရောက်လည်ပတ်မှု အထူးများပြားလာခဲ့သည်။ ပြည်တွင်းပြည်ပ ဧည့်အဝင်များပြားခဲ့သဖြင့် သီပေါမြို့တွင် အဆင့်မြင့်ဟော်တယ်နှင့်ဧည့်ရိပ်သာ ၁၀ ခုကျော်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်ခွဲ တစ်ခု၊ ပုဂ္ဂလိကဘဏ်ခွဲ လေးခုအထိပင်ရှိခဲ့သည်။ ခရီးသွားရာသီမဟုတ်သည့် မိုးရာသီတွင် ဧည့်သည်နည်းပါးသော်လည်း ကျန်အချိန်များတွင် ပြည်တွင်းပြည်ပဧည့်သည်မျိုးစုံဖြင့် ပြည့်နေလေ့ရှိသည်။ သီပေါမြို့ကိုလာရောက်လည်ပတ်သမျှ ဧည့်သည်တို့သည် အခြားလေ့လာလည်ပတ်စရာများနှင့်အတူ သီပေါဟော်သို့လည်း မဖြစ်မနေဝင်ရောက်ကြည့်ရှုလေ့လာလိုကြသည်။ ထို့အတွက် လက်ရှိသီပေါဟော်အဆောက်အအုံတွင် နေထိုင်စောင့်ရှောက်နေကြသော အိမ်ရှင် ဦးစဝ်ဦးကြာ၊ ဒေါ်စဝ်စမ်ဖုန်းတို့က အချိန်သတ်မှတ်၍ လက်ခံဖွင့်လှစ်ပေးခဲ့ကြသည်။ နေ့စဉ် ညနေ ၃ နာရီမှ ၅ နာရီအထိ ဟော်ဝင်းတံခါးဖွင့်လှစ်၍ ဧည့်ဝင်ချိန်အဖြစ် သတ်မှတ်လက်ခံပေးခဲ့သည်။ အပျော်သဘောမဟုတ်ဘဲ သမိုင်းကို သိရှိလိုသူများအတွက် ဟော်ဝင်ခအဖြစ်မည်သည့် ဒေါ်လာ၊ ငွေကြေးကိုမျှကောက်ခံခြင်းမရှိဘဲ အခမဲ့ဝင်ရောက်လေ့လာနိုင်ကြသည်။ ဟော်ပြုပြင်ထိန်းသိမ်းသွားနိုင်ရန်အတွက် စေတနာအလျောက်လှူဒါန်းသော သတ်မှတ်ချက်မရှိသည့် အလှူငွေကိုသာ လက်ခံခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သီပေါဟော်သို့ တကူးတကလာရောက်လေ့လာကြသော ပြည်တွင်းပြည်ပဧည့်သည်များနှင့် ဒေသခံတိုင်းရင်းသားများကို အိမ်ရှင်မိသားစုက နွေးထွေးပျူငှာစွာကြိုဆို၍ အင်္ဂလိပ်၊ မြန်မာ၊ ရှမ်းစကားတို့ဖြင့် ရှင်းလင်းပြောပြခဲ့ကြသည်။



သီပေါဟော်အတွင်း လေ့လာနေကြသည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။

ယခုအခါ သီပေါဟော်အဆောက်အအုံသို့ နေ့စဉ်သတ်မှတ်ချိန်အတွင်း လာရောက်လည်ပတ်ရင်း သမိုင်းကို စိတ်ဝင်စားစွာ လေ့လာစူးစမ်းလျက်ရှိကြသည်။

ဟော်နေအိမ်ရှင်ဦးစဝ်ဦးကြာ၊ ဒေါ်စဝ်စမ်ဖုန်း မိသားစုကလည်း ဧည့်သည်များ သိရှိလိုသမျှကို စိတ်ရှည်သဘောကောင်းစွာ ရှင်းလင်းပြောပြလျက်ရှိကြသည်။ ယခုလက်ရှိ သီပေါဟော်ဝင်းမြေမှာ ငါးဧကကျော်ခန့် ရှိပြီး ဟော်ဝင်းအတွင်း၌ စော်ဘွားကြီးများ ဥပုသ်ဆောင်ဝင်ရာ ရှေးဘုရားဆောင်ကြီးတစ်ဆောင်၊ ရေကူးကန်နှင့်တင်းနစ်ကစားကွင်းတို့ရှိခဲ့ကြသည်။ ရှေးဘုရားဆောင်ကြီးမှာမကြာမီက ပြိုကျပျက်စီးသွား၍ မိုင်းဖုန်းဆရာတော်၏ မတည်လှူဒါန်းငွေကျပ် ၁၀သိန်းဖြင့် မူလပုံစံအတိုင်းပြန်လည်တည်ဆောက်သွားရန် ယခုနှစ် ဇူလိုင် ၂၀ ရက်က နမ့်လန်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ ဦးဆောင်သော ရှမ်းတိုင်းရင်းသားများက ရှင်းလင်းဖယ်ရှားခဲ့ကြသည်။

ဆက်လက်၍ ဇူလိုင် ၂၄ ရက်တွင် ရှင်းလင်းသန့်စင်ထားသော အဆိုပါဘုရားဆောင်နေရာတွင် မင်္ဂလာဦးရေတိုင်ထူပွဲကို ပြုလုပ်ခဲ့ရာ နာယကဆရာတော်ကြီးများနှင့် သီပေါ၊ နမ့်လန်တို့မှ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

မူလ ရှေးဘုရားဆောင်ကြီးအတိုင်း ပြန်လည် တည်ဆောက်သွားနိုင်ရေးအတွက် ကျပ် သိန်းတစ်ရာအလှူရှင်အပါအဝင် အခြားစေတနာရှင်များကလည်း အလှူငွေများကို လှူဒါန်းခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားလုပ်ငန်းကို တစ်စိတ်တစ်ဒေသအဖြစ် အထောက်အကူပြုလျက်ရှိသော သီပေါမြို့နှင့် သက်တမ်း ၉၄ နှစ်ကျော်ရှိပြီဖြစ်သော သီပေါဟော်အဆောက်အအုံမှ အိမ်ရှင်မိသားစုတို့၏ နွေးထွေးသောအပြုံး၊ ဖော်ရွေသော လက်ကမ်းကြိုဆိုမှုတို့ကြောင့် ပြည်တွင်းပြည်ပဧည့်သည်များ နေ့စဉ်စည်ကားစွာ လာရောက်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

❑

## ပထမအကြိမ် ကရင်ရိုးရာ လက်ချည်ဖွဲ့ မင်္ဂလာအခမ်းအနား ပုသိမ်မြို့တွင် ကျင်းပ

**ပုသိမ် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (ပထမအကြိမ်) ကရင်ရိုးရာလက်ချည်ဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၅ ရက်နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူက လက်ချည်ဖြူဖွဲ့မင်္ဂလာပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ လက်ချည်ပွဲပြုလုပ်ရာတွင် ပါဝင်သည့် ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ လက်ချည်ဖြူဖွဲ့ခြင်းကို ပြုလုပ်နိုင်သည့်အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုကိုရရှိခြင်း၊ စာပေယဉ်ကျေးမှု ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် အကျိုးရလဒ်များရရှိခြင်း၊ မိမိတို့၏ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုကို ပိုမိုသိရှိခြင်း၊ ထို့ပြင်လက်ချည်ဖြူဖွဲ့ခြင်းကိုပြုလုပ်ခြင်းဖြင့် ရောဂါဘယဘေးဒုက္ခအမျိုးမျိုးမှ ကင်းဝေးပြီး အေးချမ်းသာယာစွာနှင့် နေထိုင်နိုင်ကြပြီး မိမိတို့ တိုင်းဒေသကြီးမှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူမှုဒုက္ခ၊ ဘေးဒုက္ခအမျိုးမျိုးကင်းဝေးနိုင်ရန် လက်ချည်ဖြူဖွဲ့ခြင်းမင်္ဂလာကို ဆင်ယင်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်ရိုးရာလက်ချည်ဖွဲ့ မင်္ဂလာသရုပ်ပြတင်ဆက်သည်။ အခမ်းအနားသို့တက်ရောက်လာကြသူများအားလုံး လက်ချည်ဖွဲ့မင်္ဂလာကို ပါဝင်ဆင်နွှဲကြသည်။

**မောင်မောင်မြင့် (မြန်/ဆက်)**



## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ဃ ] မှ »»

တတိယအကြိမ်ညီလာခံကို ၁၉၇၃ ခုနှစ် ဧပြီ ၉ ရက်မှ ၁၁ ရက်အထိ မိုးကုတ်မြို့တွင်လည်းကောင်း၊ စတုတ္ထအကြိမ်ညီလာခံကို ၁၉၈၂ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ နမ့်ခမ်းမြို့နယ် ဖာလင်ရွာတွင်လည်းကောင်း၊ ပဥ္စမအကြိမ်ညီလာခံကို ၁၉၉၂ ခုနှစ် မတ် ၃ ရက်မှ ၅ ရက်အထိ ကျောက်မဲမြို့တွင်လည်းကောင်း၊ ဆဌမအကြိမ်ညီလာခံကို ၁၉၉၆ ခုနှစ် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ နမ့်ဆန်မြို့တွင်လည်းကောင်း၊ သတ္တမအကြိမ်ညီလာခံကို ၂၀၀၀ ပြည့်နှစ် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ နမ့်ဆန်မြို့တွင်လည်းကောင်း၊ အဌမအကြိမ်ညီလာခံကို ၂၀၀၄ ခုနှစ်တွင် နမ့်ခမ်းမြို့တွင်လည်းကောင်း၊ နဝမအကြိမ်ညီလာခံကို ၂၀၀၈ ခုနှစ်တွင် ကွတ်ခိုင်မြို့၌လည်းကောင်း၊ ဒသမအကြမ်ညီလာခံကို ၂၀၁၃ ခုနှစ်တွင် မန်တုံမြို့တွင် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် မိုးကုတ်မြို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

မြန်မာနိုင်ငံပလောင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီကို နမ့်ဆန်မြို့၌ထားရှိပြီး မြို့နယ်ပလောင် စာပေနှင့် ယဉ်ကျေးမှုကော်မတီကို နမ့်ဆန်၊ ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ မန်တုံ၊ မိုးကုတ်၊ မန္တလေး၊ ကလော၊ ရန်ကုန်မြို့တို့တွင် ဖွဲ့စည်းထားရှိသည်။ တအာင်း(ပလောင်)စာပေဖြစ်မြောက်နိုင်ရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်များမှာ ဦးပေါစံ၊ ဦးနာဂသေန၊ ဦးပညာဝံသ၊ ဦးနန္ဒာစရိယ၊ ဦးသန်းမောင်၊ ဦးကျော်စိန်၊ ဦးကျော်ဟန် စသော ပုဂ္ဂိုလ်များ ဖြစ်သည်။

တအာင်း(ပလောင်)စာပေတွင် ဗျည်းအက္ခရာ ၃၄လုံး၊ သရအက္ခရာ ၁၈လုံးပါရှိသည်။ ယနေ့ထိတိုင်အသုံးပြုသော ပလောင်စာပေအက္ခရာများမှာ မွန်-မြန်မာ-ပါဠိ ဘာသာများကိုအခြေခံပြီး အသုံးပြုသော စာပေဖြစ်သည်။ ပလောင်တိုင်းရင်းသားတို့သည် နေထိုင်သောနေရာဒေသအလိုက် စကားပြောဆိုရာတွင် အနည်းငယ်သာကွဲပြားခဲ့သော်လည်း စာပေမှာ ယနေ့ထိ သတ်မှတ်ထားသော စာကိုသာ အသုံးပြုကြသည်။ စာပေပညာရှင် အများဆုံးပေါ်ထွက်သော ဒေသများမှာ နမ့်ဆန်၊ နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်စသော ဒေသများဖြစ်ပြီး ကျော်ကြားသောပညာရှင်များမှာ ဦးပေါစံ၊ ဦးနာဂသေန၊ ဦးပညာဝံသ၊ ဦးနန္ဒိယ၊ ဦးသန်းမောင် စသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။



တအာင်း (ပလောင်)စာပေနေ့အခမ်းအနား ကျင်းပစဉ်။

တအာင်း(ပလောင်)တို့၏ ဘာသာစကားမှာ အရှေ့အာရှသုံး ဩစထရစ်ဘာသာစကားဖြစ်သည်ဟု ယူဆရပါသည်။ မျိုးနွယ်စုတို့၏ ဘာသာစကားကွဲလွဲရခြင်း၏ အကြောင်းရင်းမှာ တူကြသော်လည်း အနေဝေးပြီး အဆက်အသွယ်ပြတ်သောကြောင့် ဖြစ်နိုင်သည်။ အသုံးအနှုန်းမှာမူ အသုံးပြုသောဗျည်းအက္ခရာမှာ တူညီကြသော်လည်း သရထွက်ဆိုချက်မှာ ကွဲပြားကြောင်း တွေ့ရှိရသည်။ အချို့တွင် ဗျည်း၊ သရ၊ အသတ်၊ ကာရန်ပါကွဲလွဲပြီး အဓိပ္ပာယ်ပါ ကွဲလွဲသွားကြောင်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် တအာင်း(ပလောင်) လူမျိုးတို့သည် တအာင်း(ပလောင်) စာပေ အသုံးပြုလာသည်မှာ နှစ်ပေါင်း ၄၆ နှစ်ရှိပြီ ဖြစ်သည်။ တအာင်း (ပလောင်) စာပေနေ့ကို ဩဂုတ် ၃၀ ရက်အဖြစ် သတ်မှတ်ထားသည်။ စာပေနေ့မှာ တအာင်းစာကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရများနှင့် စာပေထူးချွန် ကျောင်းသားကျောင်းသူများအား နှစ်စဉ်နှစ်တိုင်း ဆုချီးမြှင့်ပွဲကျင်းပကြသည်။ ယခင်က စာပေနေ့ကို မြို့နယ်အလိုက် တစ်နှစ် တစ်ရွာပြောင်းပြီး စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြသည်။ ယင်းသို့ ကျင်းပစဉ်က အကပြိုင်ပွဲများ၊ အိုးစည်တီးပြိုင်ပွဲများ၊ အတီးအမှုတ်ပြိုင်ပွဲများဖြင့် ကျင်းပလေ့ရှိခဲ့သည်။ ယခုအခါတွင် မြို့နယ်အလိုက် မြို့နယ်ခန်းမများတွင်သာ ကျင်းပကြတော့သည်။

စာပေနေ့ ကျင်းပရခြင်းအကျိုးကျေးဇူးမှာ မိမိစာပေကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင်၊ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ကျင်းပကြသည်။ စာပေနေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်း အစီအစဉ်များ ထည့်သွင်းခြင်းဖြင့် လူငယ်များ စာပေအပေါ် ချစ်မြတ်နိုးတတ်ကာ၊ ကြိုးစားချင်စိတ် ဖြစ်ပေါ်လာပြီး စာပေနှင့်ပညာ၏ အကျိုးကျေးဇူးများကို သိရှိလာသည်။ လူမျိုးအချင်းချင်းစည်းလုံးညီညွတ်မှုနှင့် အခြားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုနှင့်ဓလေ့ ထုံးတမ်းများကိုလည်း လေးစားရိုသေမှုရှိအောင် အထောက်အပံ့ဖြစ်စေသည်။

စာပေနေ့ ကျင်းပခြင်းကြောင့် လူငယ်များ တအာင်းစာပေ၊ ကျောင်းစာပေကို ကြိုးစားသင်ယူလာကြသည်ကို တွေ့ရှိရသည်။ နမ့်ခမ်းမြို့နယ်တွင် ပြီးခဲ့သည့်သုံးနှစ်က ကြည့်မည်ဆိုလျှင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၅၉ ဦး၊ ဘွဲ့ရ ၂၀၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၁၈၃ ဦး၊ ဘွဲ့ရ ၂၉ ဦး၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၂၄၈ ဦး၊ ဘွဲ့ရ ၄၃ ဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၂၄၇ ဦး၊ ဘွဲ့ရ ၇၃ဦး တို့မှာ မြို့နယ်တစ်ခု၏ စာရင်းသာဖြစ်သည်။ တခြားမြို့နယ် တခြားဒေသတွင်လည်း တက္ကသိုလ်ဝင်တန်းအောင်မြင်သူနှင့် ဘွဲ့ရသူဦးရေ နှစ်စဉ်နှစ်တိုင်း တိုးတက်လာသည်။ စာပေနေ့ပေါ်ပေါက်လာခြင်းနှင့်အတူ လူငယ်တို့သည်လည်း စာပေ၏အကျိုးကျေးဇူးကိုသိရှိပြီး စာပေများကို ကြိုးစားသင်ယူလာကြသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးသည် မိမိစာပေကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခြားလူမျိုး၏စာပေထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ရမည်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ရိုင်းပင်းကူညီခြင်းနှင့်အတူတကွ လက်တွဲပြီး ချစ်ချစ်ခင်ခင်နေထိုင်ခြင်းသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကြီးဖြစ်ပေါ်လာရန် များစွာအထောက်အကူဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်ဆန္ဒပြုရင်း ဩဂုတ် ၃၀ ရက်တွင် ကျရောက်မည့် တအာင်း(ပလောင်)လူမျိုးတို့၏ (၄၆)နှစ်မြောက်စာပေနေ့ကို ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

ကရင်ရိုးရာချည်ဖြူဖွဲ့ မှ »»

ခြင်းဖြစ်ပြီး 'စူး'မှာ လက်ကိုခေါ်ခြင်းဖြစ်ရာ အဓိပ္ပာယ်မှာ ချည်ဖြူဖြင့်လက်ကို ရစ်ပတ်ချည်နှောင်ပြီး မင်္ဂလာပြုခြင်းဖြစ်ကြောင်း သိရသည်။

ကရင်ရိုးရာ ချည်ဖြူဖွဲ့ခြင်းသည် ယေဘုယျအားဖြင့် သုံးမျိုးရှိပြီး ထိုသုံးမျိုးမှာ အခြေအနေအချိန်အခါကိုလိုက်၍ ပြုလုပ်လေ့ရှိသည့် (၁) လိပ်ပြာခေါ် ချည်ဖြူဖွဲ့ခြင်း၊ (၂) ထိမ်းမြားမင်္ဂလာ ချည်ဖြူဖွဲ့ခြင်း၊ (၃) ဝါခေါင်လချည်ဖြူဖွဲ့ခြင်းဟူ၍ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။

ဝါခေါင်လရောက်တိုင်း ကရင်လူမျိုးအိမ်ထောင်စုတိုင်း ဝတ္တရားမပျက် ချည်ဖြူဖွဲ့ကြသည်။ တစ်ရွာလုံး၊ တစ်နယ်လုံး စုပေါင်း၍လည်း ချည်ဖြူဖွဲ့ကြသည်။ ဝါခေါင်လတွင် ချည်ဖြူဖွဲ့ခြင်းဖြစ်ရာ ဝါခေါင်လချည်ဖြူဖွဲ့ခြင်းဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချည်ဖြူဖွဲ့ခြင်းပြုလုပ်ရာတွင် ဒေသကိုလိုက်၍သော်လည်းကောင်း၊ ယဉ်ကျေးမှုလွှမ်းမိုးခြင်းခံရ၍ သော်လည်းကောင်း လုပ်နည်းလုပ်ဟန်များ၊ အယူအဆများ အနည်းအကျဉ်း ကွဲလွဲနေတတ်သော်လည်း ချည်ဖြူဖွဲ့ခြင်းရည်ရွယ်ချက်နှင့် အနှစ်သာရမှာ အတူတူပင်ဖြစ်သည်။

ဝါခေါင်လချည်ဖြူဖွဲ့သည့် ဓလေ့ကို ရှေးကရင်လူကြီးများက ကြီးမားသော ရည်ရွယ်ချက်များဖြင့် နောင်လာမည့် သားမြေးများကို လိုက်နာကျင့်သုံးရန် အမြော် အမြင်ကြီးစွာဖြင့် ထားရစ်ခဲ့ခြင်းဖြစ်သည်။

ချည်ဖွဲ့ရာတွင် လင်ပန်း၊ ဗျပ်၊ ဆန်ကောတစ်ခုခုပေါ်တွင် ထမင်း ခုနစ်ဆုပ်၊ ကောက်ညှင်းဖင်ချွန် ခုနစ်ထုပ်၊ ငှက်ပျောသီးမှည့် ခုနစ်လုံး၊ နတ်ပန်းညို ခုနစ်ခက်၊ ကြံပိုင်းငယ် ခုနစ်ပိုင်း၊ ရေတစ်ဖလား၊ ယောက်မ၊ ချည်ဖြူ စသည့် အရာဝတ္ထုပစ္စည်းများပါဝင်ပြီး ထိုအရာဝတ္ထုများပေါ်တွင် အရှည်တစ်တောင်ခန့် ချည်ဖြူများကို ဖြတ်ပြီး စီထားကြောင်းသိရသည်။

ချည်ဖြူဖွဲ့ရာတွင် ပါဝင်သော ပစ္စည်းများမှာ သူ့အဓိပ္ပာယ်နှင့်သူ ရှိနေပြီးသားဖြစ်ပြီး ချည်ဖြူချည်ရခြင်းမှာ ကရင်လူမျိုးမှန်လျှင် လက်ကောက်ဝတ်တွင် ချည်ဖြူအမှတ်အသားပါရှိရမည်ဟု ရှေးအစဉ်အဆက်က မှတ်သားလာခဲ့ကြသည်ကတစ်ကြောင်း၊ ချည်ဖြူမျှင်တစ်မျှင်ကို ပြတ်အောင် ဆွဲဖြတ်နိုင်သော်လည်း ချည်မျှင်စုစည်း၍ ဖွဲ့ချည်ထုံးနှောင်သောအခါတွင် ဆွဲဖြတ်သော်လည်း မဖြတ်နိုင်သကဲ့သို့ ကရင်လူမျိုးများ အချင်းချင်းသည်လည်း ချည်ဖြူများပမာ စုစည်းခိုင်မာရသည့် သဘောကို ဆောင်ကြောင်းသိရသည်။

"ကျွန်မ ငယ်ငယ်တုန်းကဆို ဘားအံမှာ ပျော်တာပဲသိတယ်၊ အဲဒီနေ့ရောက်ရင် သွားရမယ်၊ မုန့်တွေစားရမယ်၊ ပြီးတော့ ကြိုးတွေချည်ပေးလိုက်တယ် ဒီလိုပဲသိခဲ့တာ၊ ငယ်တဲ့အရွယ်ဆိုတော့ ဒီလိုကြိုးလေးတွေ ချည်ပေးလိုက်တယ်ဆိုရင်ပဲ အန္တရာယ်ကင်းသလိုကို ခံစားမိတာ"ဟု ဒေါ်နော်ပန်းသဇ္ဇာမျိုးက သူ၏ငယ်စဉ်က အတွေ့အကြုံကို ပြန်ပြောပြသည်။

ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ကရင်လူမျိုးတို့ နေထိုင်ရာ နေရာဒေသအသီးသီးတွင် ကျင်းပသည်သာမက ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCCခန်းမ၌ တိုင်းဒေသကြီးအဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



"ကရင်ပြည်နယ်ဘက်မှာက လုပ်တယ်၊ ရန်ကုန်မှာဆိုရင် မြို့နယ်အချို့မှာ ကိုယ့်အုပ်စုနဲ့ ကိုယ်ကျင်းပတာပဲရှိတာ၊ ဒီလိုပွဲကြီးကျင်းပဖြစ်တာ ဒါပထမဆုံးပဲ"ဟု ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

အဆိုပါပွဲတွင် ကရင်လူမျိုးတို့၏ ရိုးရာဓလေ့များ၊ တိမ်မြုပ်ပျောက်ကွယ်နေသော ကရင်ရိုးရာအကအလှများ၊ တေးသီချင်းများ၊ ကရင်ဒုံးအကများ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်ပြီး ချည်ဖြူဖွဲ့(လက်ချည်)ကြမည့် မြင်ကွင်းများ၊ ရိုးရာကရင်မုန့်ဟင်းခါးကိုပါ ကျွေးမွေးဧည့်ခံမည်ဖြစ်ပြီး တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားဝန်ကြီး ၂၈ ဦး အပြင် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များကိုပါ ဖိတ်ကြားထားကြောင်း သိရသည်။

"တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုပွဲတော်ကို အပြန်အလှန်ဖိတ်ကြားပြီး အပြန်အလှန် လေ့လာခွင့်ရမယ်ဆို ကျွန်မတို့သွားချင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ကိုလည်း တွန်းအားပေးရာ ရောက်မယ်လို့ ယူဆတဲ့အတွက် အခုဖိတ်ကြားခဲ့တာပါ။ အားလုံးတက်ရောက်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

ဝါခေါင်လရောက်လျှင် ကွဲကွာနေသော ဆွေမျိုးစုများ ပြန်လည်ဆုံတွေ့ရေး၊ မိသားစုပြန်လည်စုစည်းရေး၊ အချင်းချင်းချစ်ကြည်သွေးစည်းမှု ခိုင်မြဲရေး၊ ညီအစ်ကို မောင်နှမများ ညီညီညွတ်ညွတ်ဖြင့် တစ်ဦးကို တစ်ဦး ကူညီထောက်ပံ့ကြပြီး အေးအေးချမ်းချမ်း နေနိုင်စေရေး၊ လူငယ်လူရွယ်များကို လူကြီးသူမများက ဆိုဆုံးမစကားပြောဆိုရန်ရှိသည်များကို ဤနေ့ဤရက်တွင် ပြောဆိုနိုင်စေရေး၊ ယဉ်ကျေးမှု ငါးမျိုးဖြစ်သော စာပေ၊ စကား၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များ မပျောက်ကွယ်စေရေး၊ ယဉ်ကျေးမှုမြင့်မားသော လူမျိုး၊ လူနေမှုအဆင့်မြင့်မားသော လူမျိုး၊ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းတတ်သော အသိပညာ၊ အတတ်ပညာမြင့်မားသော လူမျိုးများအဖြစ် အစဉ်တည်တံ့စေရေး၊ မိမိလူမျိုးများ ကမ္ဘာတည်သရွေ့ ရှည်ကြာရပ်တည်ခိုင်မြဲစေရေးတို့အတွက် နှစ်စဉ်နှစ်တိုင်း စုပေါင်း၍ ချည်ဖြူဖွဲ့မင်္ဂလာကို ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

"မူလရည်ရွယ်ချက်က ကရင်လူမျိုးတွေပြန်စုစည်းဖို့၊ စည်းစည်းလုံးလုံးရှိဖို့ လုပ်လာခဲ့ကြတာ၊ နောက်ပိုင်းမှာ တချို့က ကိုးကွယ်တဲ့ဘာသာပေါ်မှာမူတည်တယ်လို့ ထင်နေကြတာရှိတယ်၊ ကျွန်မအမြင်က ကိုးကွယ်တဲ့ဘာသာဆိုတာ ယုံကြည်မှုအပေါ်မှာမူတည်ပြီး ပြောင်းလဲတာ၊ ကရင်ဆိုတာက ပြောင်းလို့မရဘူး၊ ကျွန်မတို့သွေးထဲမှာရှိနေတဲ့ ကရင်သွေးက ဖောက်ထုတ်လို့မရဘူး၊ ကရင်မှန်ရင် လက်ချည်ကြမယ်၊ ချစ်ချစ်ခင်ခင်ပေါ့"ဟု ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများသည် လူမျိုးတစ်မျိုး၏ ဝိသေသလက္ခဏာတစ်ရပ်ဖြစ်ရာ မျိုးဆက်သစ်ကရင်လူငယ်များ၏ ရိုးရာအမွေအနှစ်အပေါ် ထိန်းသိမ်းလိုသည့် စိတ်အားထက်သန်မှု တစ်စတစ်စမြင့်မားလာသည့်အပေါ် အခြေတည်ပြီး ကရင်လူမျိုးတို့၏ ရိုးရာဓလေ့ အစစ်အမှန်ဖြစ်သည့် "ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ"သည် ကရင်သက္ကရာဇ် ၂၇၅၇ မှ သည် ကမ္ဘာတည်သရွေ့တည်ရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ ။

❑

# တအာင်း(ပလောင်)လူမျိုးတို့၏ စာပေနေ့အကြောင်း

မိုင်းနော်ရိန်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ဓလေ့ထုံးတမ်းများ၊ စာပေ၊ ဘာသာစကား၊ အနုပညာယဉ်ကျေးမှုကိုလည်း အသီးသီးပိုင်ဆိုင်ကြသည်။ တိုင်းရင်းသားလူမျိုးတို့သည် အချို့လူမျိုးများက ဘာသာစကားပိုင်ဆိုင်ကြသော်လည်း ယနေ့တိုင် စာပေမရှိကြသော လူမျိုးများစွာလည်း ရှိခဲ့ကြသည်။ တိုင်းရင်းသားတို့သည် နေ့ထူးနေ့မြတ်များစွာလည်း သတ်မှတ်ပြီး အခမ်းအနားကျင်းပခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ကာကွယ်စောင့်ရှောက်သည့်ဥပဒေ အခန်း(၃) ပုဒ်မ(၄)(ဂ) က မိမိတို့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ရှေးယခင်က ပလောင်တို့သည် တအာင်း(ပလောင်)စာပေ အတည်တကျမပေါ်ပေါက်မီ ယွန်းအက္ခရာ၊ ရောမအက္ခရာ၊ မွန်ဗမာအက္ခရာ၊ ယိုးဒယားအက္ခရာ၊ ရှမ်းမြန်မာအက္ခရာနှင့် ရှမ်းယွန်းစာ စသည်တို့ကို အသုံးပြုခဲ့ကြသည်။ ပထမဦးဆုံး ပလောင်စာပေဖြစ်ထွန်းစေရန် ကြိုးပမ်းခဲ့သူ အမေရိကန်သူ Mrs. Les Lie Milne ဆိုသူမှာ အမျိုးသမီးဖြစ်သည်။ ဥရောပ ဗျည်းအက္ခရာကို အခြေခံ၍ ၁၉၁၂ ခုနှစ်တွင် တီထွင်ပေးခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် အင်္ဂလိပ်-ပလောင်၊ ပလောင်-အင်္ဂလိပ် အဘိဓာန်နှင့် ပလောင်သဒ္ဒါကျမ်းကို ပြုစုပေးခဲ့သည်။ ၁၉၂၄ ခုနှစ်တွင် The Study of the Palaung of the Shan State ကို ပြုစုပေးထားခဲ့သည်။ ၁၉၁၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ စာပြုပုဂ္ဂိုလ် ၁၅ ဦးပါဝင်သော အဖွဲ့က ပလောင်စာဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။



၁၉၆၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇော၊ ယဉ်ကျေးမှုတာဝန်ခံမှ ဦးဆောင်သော အဖွဲ့ဝင် နှစ်ဦးတို့ဖြင့် စာပေဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ ပလောင်စာပေနှင့်ပတ်သက်၍ ရရှိလာသည့် စာမူများပေါ်မူတည်ပြီး ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

၎င်းအဖွဲ့သည် ၁၉၆၇ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ပထမအကြိမ် အစည်းအဝေးကျင်းပပြီး ၁၉၆၈ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ ဒုတိယအကြိမ် အစည်းအဝေးတွင် ဦးပေါ်စံ၊ ဦးကျော်စိန်တို့က မွန်မြန်မာအက္ခရာ၊ ဦးနာဂသေန၊ ဦးနန္ဒာစရိယတို့က ရှမ်းအက္ခရာ၊ ဦးနိက္ခမ္မက ယွန်းအက္ခရာ၊ ဦးသန်းမောင်က မြောက်ပိုင်းရှမ်းစာမူသစ်တို့ကို အသီးသီးတင်ပြခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။

ထို့ကြောင့် တအာင်း(ပလောင်)စာမူကို တစ်ပေါင်းတည်းဖြစ်နိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးတက္ကသိုလ်/ကောလိပ် အသီးသီးတို့မှ ပညာသင်ကြားနေကြသော တအာင်း ကျောင်းသား ကျောင်းသူတို့နှင့် နမ့်ဆန်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မူဆယ်၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ တောင်ကြီး၊ ကလော၊ မိုးကုတ်၊ မန္တလေး၊ ရန်ကုန်မြို့တို့မှ ကိုယ်စားလှယ်များပါဝင်သော ပလောင်စာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီကို ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီ



၂၉ ရက်တွင် ကျင်းပသည့် ပထမအကြိမ်ညီလာခံတွင် ဖွဲ့စည်းလိုက်သည်။

၁၉၇၂ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နမ့်ခမ်းမြို့နယ် ဖာရွာရွာ(ဖဒဲန်ရွာ)၌ ကျင်းပသည့် ဒုတိယအကြိမ်ညီလာခံတွင် တအာင်း(ပလောင်)စာပေကို မွန်-မြန်မာ-ပါဠိဘာသာတို့ကို အခြေခံ၍ ဗျည်းအက္ခရာ ၃၄ လုံးနှင့် သရအက္ခရာ ၁၈ လုံးတို့ကို အတည်ပြုနိုင်ခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

## ဟင်းကပေါင်းသီးဟင်းလျာ

ဟင်းကပေါင်းသီးကို ဒေသထွက်ကုန်အဖြစ် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေမှာ တွေ့ရပါတယ်။ အဲဒီ ဟင်းကပေါင်းသီးဟာ ပျိုးထောင်စိုက်ပျိုးထုတ်လုပ်မှုမရှိသေးတဲ့ ရာသီပေါ် သဘာဝသီးနှံစစ်စစ်တစ်မျိုးပါ။ ဟင်းကပေါင်းသီးဟာ စားသုံးရာမှာအလွန်နူးညံ့ပြီး အရသာရှိလွန်းပေမယ့် မြင်ဖူးစားဖူးသူတွေကတော့ မများလှဖူးလို့ ထင်ပါတယ်။

မိမိအနေနဲ့ တောင်ငူဘက်၊ မကွေးမင်းတုန်းဘက်က မိတ်ဆွေတွေ အိမ်အလည်လာရင်းယူလာကြလို့ စားဖူးတာပါ။ စားပြီးပြီးချင်းပဲ ဒီအသီးဟာ မသိသူကျော်သွား သိသူဖော်စားရယ်လို့ စာချိုးရလောက်အောင် စားကောင်းလှတဲ့ ဟင်းလျာအသီးအနှံမျိုးပေပဲလို့ မှတ်ချက်ပြုမိပါတယ်။ အသီးအနေအထားက ဈေးထဲမှာတွေ့နေရတဲ့ ကြက်ဟင်းခါးအရိုင်းသီး ပေါက်စလေးတွေအရွယ်ဖြစ်ပြီး ပုံသဏ္ဍာန်က ပိန္နဲသီးအကင်းလေးတွေနဲ့ ခပ်ဆင်ဆင်ပါ။

အပေါ်ခွံက နူးညံ့တဲ့ဆူးလေးတွေလိုမျိုးဖြစ်နေပြီး အရောင်က စိမ်းဝါရောင်တောက်တောက်ပါ။ အားသာချက်က ဟင်းကပေါင်းသီးဟာ ကြက်ဟင်းခါးသီး၊ ပဲလင်းမြွေသီးတွေလို အလယ်အူနဲ့အစေ့တွေကို ပစ်စရာမလို၊ အခွံခြစ်ပစ်စရာမလိုဘဲ အားလုံးကို စားလို့ရတဲ့အချက်ပါ။ စားဖူးနေကြသူတွေကတော့ ဟင်းကပေါင်းသီးကို ပုစွန်ကျော့လေးတွေနဲ့ ရောကြော်စားဖို့ ညွှန်းပါတယ်။ ပုစွန်စိမ်းအစား ပုစွန်ခြောက်လိုမျိုးနဲ့ အသားမျိုးစုံကိုလည်း ဟင်းခတ်အဖြစ်ထည့်ပြီး ချက်ပြုတ်စားသုံးနိုင်ပါသတဲ့။

ဟင်းကပေါင်းသီးကို ပုစွန်နဲ့ကြော်မယ်ဆိုရင် ရှေးဦးစွာ ရေစင်စင်ဆေးပြီး အစိတ်ရှစ်စိတ်လောက် စိတ်ထားပါ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ထောင်းပြီးသားအရောကို ရွှေဝါရောင်သမ်းလာအောင် ဆီသတ်ပါ။ ပြီးက ဆား၊ နနွင်းနယ်ပြီးထားတဲ့ ပုစွန်ကျော့ကလေးတွေကိုထည့်ပါ။ ပုစွန်လေးတွေကျက်လောက်ရင် အသင့်ပြင်ထားတဲ့ ဟင်းကပေါင်းသီးစိတ်ကလေးတွေကိုထည့်၊ ဆားလေးဖြူးပြီး နှံ့အောင်မွှေပါ။

အသီးနူးအောင် လုံးရေလေးနည်းနည်းထည့်ပြီး ကြော်ရပါမယ်။ ဆီဆူသံပေးပြီး ကျွတ်ကျွတ်မည်အောင် ဆီပြန်လာရင်တော့ မီးဖိုမှချကာ စားရန် အသင့်ဖြစ်ပါပြီ။ ဟင်း



ဟင်းကပေါင်းသီး



ဟင်းကပေါင်းသီးဟင်းလျာ

ကပေါင်းသီးနဲ့ ပုစွန်ကြော်ထားတဲ့ ဟင်းလျာက အထူးအဆန်းလေးဖြစ်ပြီး ချက်ရာမှာလည်း လွယ်ကူ၊ စားသုံးရာမှာလည်း ရိုးရိုးကလေးနဲ့ အရသာတွေ့လှတာမို့ အထူးပွဲအဖြစ် ထမင်းဝိုင်းတွေ တည်ခင်းတဲ့အခါ ပွဲထုတ်သင့်တဲ့ဟင်းလျာတစ်ခွက်ဖြစ်ကြောင်းပါဗျာ။ **စံလွင် (ငါးဦးစီး)**